ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့။ Sunday 27 May 2018 ၄၂၉၉

# ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပ ဌာနအလိုက်ပြခန်းများနှင့် ကယားပြည်နယ်အတွင်းရှိ လုပ်ငန်းများကို ကဏ္ဍအလိုက်ပြသထား

လွိုင်ကော် မေ ၂၆

ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီတို့က ကြီးမှူး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ပူးပေါင်းပံ့ပိုးမှုဖြင့် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့သည်။

ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို စစ်တမ်းအထောက်အထားနှင့်တကွ ဖော်ထုတ်တင်ပြဆွေးနွေးရန်၊ အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုများအတွက် စစ်တမ်းမှရရှိလာသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ပိုမိုမြှင့်တင်အကောင်အထည်ဖော်ရန်၊ ကယားပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများအကြား ချိတ်ဆက်ဆောင်ရွက်မှုများကို မြှင့်တင်ရန်ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

## အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေး ပြန်လည်ကျင်းပနိုင်ရေး သမ္မတ မွန်းနှင့် ခေါင်းဆောင် ကင်တို့ ဆွေးနွေး

စာမျက်နှာ - ၄

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဆွစ်ဇာလန်တွင် ကျင်းပသည့် (၇၁)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်

စာမျက်နှာ - ၈

## ကချင်ပြည်နယ် နေရပ်စွန့်ခွာစခန်းများသို့ ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းဝတ်စုံနှင့် အပ်ချုပ်စက်များ ထောက်ပံ့ပေးအပ်

စာမျက်နှာ - ၁၀

## ဆေးဝါးမလွှဲချိုင် ဘီပီအိုင် (အပိုင်း-၂)

စာမျက်နှာ - ၁၅



# မကွေးတိုင်းဒေသကြီး၌ လူထုအခြေပြုခရီးသွားလုပ်ငန်း ပထမဆုံး စတင် နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားပြီး အောင်မြင်

**မကွေး မေ ၂၆**

ကျေးရွာလူထုပိုင် အသေးစားခရီးသွားလုပ်ငန်း၊ အသေးစား ဟိုတယ်မိုတယ်လုပ်ငန်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် Community Base Tourism လုပ်ငန်းတစ်ခုကို မြန်မာနိုင်ငံ၌ ပထမဆုံးအဖြစ် မကွေးတိုင်းဒေသကြီးတွင် စတင်လုပ်ဆောင်ခဲ့ပြီးနောက်ပိုင်း အောင်မြင်မှုများရှိနေ၍ CBT ဒေသလေးခုအထိ ဆက်လက်တိုးတက်လာဖွယ်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မကွေးတိုင်းဒေသကြီးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိန်ထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း စတင်လုပ်ဆောင်ခဲ့သည့် CBT ဒေသများမှာ မြိုင်မြို့နယ်မှ ကျေးရွာလေးရွာနှင့် ချောက်မြို့နယ် မကျီးကန်ကျေးရွာဒေသတို့ဖြစ်ပြီး ထပ်မံလုပ်ဆောင်ရန်လျာထားသည့် ဒေသနှစ်ခုမှာ ဂန့်ဂေါမြို့နယ် ပုံတောင်-ပုံညာဒေသနှင့် ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသတို့ဖြစ်ကြောင်း သိရသည်။

"လူထုအခြေပြု ခရီးသွားလုပ်ငန်းဆိုပြီး မြန်မာနိုင်ငံမှာ ပထမဦးဆုံးလုပ်ခဲ့တာက မြိုင်ဒေသက ရွာလေးရွာပါ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှာ စပြီးဖွင့်ခဲ့တာဖြစ်ပါတယ်၊ အဲဒီဒေသက ပြီးခဲ့တဲ့နှစ် အာဆီယံ CBT Award ဆုကို ရခဲ့ပါတယ်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

နေပျို့လန်းဆန်း ဖြူဝင်းမယ့် ရွှေပြည့်နန်း သနပ်ခါး Body Lotion

ခေတ်အဆက်ဆက် မြန်မာတို့ရဲ့ အသားအရေကို အစဉ်တစိုက်ကြည်ကြည်လင်လင် ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့တဲ့ ဆေးဖက်ဝင် သဘာဝရတနာ မြန်မာ့သနပ်ခါးရဲ့ အကျိုးကျေးဇူးအာနိသင်တွေနဲ့ ရွှေပြည့်နန်းသနပ်ခါး Body Lotion ကို ရွှေပြည့်နန်းသနပ်ခါးမှ ထုတ်လုပ်လိုက်ပါပြီ။ ကမ္ဘာပေါ်မှာ တစ်နိုင်ငံတည်းသာရရှိနိုင်တဲ့ မြန်မာ့သနပ်ခါးရဲ့ အစွမ်းအာနိသင်တွေဖြစ်ကြတဲ့

(၁) အသားဖြူ အရွယ်တင် နုပျိုစေသော ဗီတာမင်စီထက် (၁၀) ဆပိုမိုများတဲ့ Antioxidant ဓာတ်

(၂) ခန္ဓာကိုယ်အနံ့ဆိုးတွေကို တားဆီးပေးနိုင်တဲ့ (Coumarin) ကူမရင်းဓာတ်

(၃) ပြင်းထန်တဲ့နေရောင်ခြည်ကြောင့် ဖြစ်ပေါ်စေနိုင်သော အရေပြားကင်ဆာကို ကာကွယ်ပေးတဲ့ (Marmesin) မာမီစင်ဓာတ်တို့အပြင် အသားအရေပြည့်ပြည့်ဖြိုးဖြိုးဖြစ်မှုအတွက် မရှိမဖြစ်လိုအပ်တဲ့ Vitamin E ကိုဖြည့်စွက်ပေါင်းစပ်ပြီး ခေတ်မီနည်းပညာနဲ့ ဆန်းသစ်တီထွင်ထားတဲ့ ရွှေပြည့်နန်းရဲ့သနပ်ခါး Body Lotion ကို အချိန်ရသီမရွေး ရေချိုးပြီးတိုင်း လိမ်းမယ်လေ....

SHWE PYI NANN



ကြေးမုံ

# အမျိုးသမီးများဘဝ လုံခြုံမှုဂရုပြု

မြန်မာနိုင်ငံရှိ အမျိုးသမီးများဘဝ လုံခြုံစိတ်ချမှုရှိစေရေး ယခုအခါ အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ အမျိုးသမီးများ လုံခြုံမှုဆိုင်ရာ၌ အမျိုးသမီးများအား အနိုင်ကျင့်နှိပ်စက်မှု၊ အမျိုးသမီးများ လူကုန်ကူးခံရမှုတို့အပြင် အမျိုးသမီးများအား အဓမ္မပြုကျင့်ခံရမှုတို့ပါဝင်ပြီး ယင်းကိစ္စများကို အရေးတယူကိုင်တွယ်ဆောင်ရွက်လျက်ရှိသော်လည်း ပြစ်မှုကျူးလွန်မှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် ပိုမိုအလေးထားကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်သည်။

အဆိုပါအရေးကိစ္စနှင့်ပတ်သက်၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်ပြင်းထန်စွာ အမြန်ဆုံးအပြစ်ပေးနိုင်ရေးနှင့် သက်ငယ်မုဒိမ်းမှုလျော့ကျရေး မည်သို့သောအစီအစဉ်များဖြင့် အရေးယူဆောင်ရွက်နေသည်ကို သိလိုကြောင်း မေးမြန်းခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတို့က ယင်းပြစ်မှုများ လျော့နည်းပပျောက်ရေးအတွက် ရှင်းလင်းပြောကြားသွားခဲ့ပေသည်။

သက်ငယ်မုဒိမ်းမှုဖြစ်စေ၊ သက်ကြီးမုဒိမ်းမှုဖြစ်စေ ဖြစ်ပွားရသောအဓိကအကြောင်းအရင်းများမှာ ကျူးလွန်သူများဘက်တွင် အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အင်တာနက်စာမျက်နှာများပေါ်တွင် အလွယ်တကူရှာဖွေကြည့်ရှုနိုင်သော ညစ်ညမ်းစာပေ၊ တဏှာရာဂကို ထကြွစေသော ရုပ်ပုံနှင့် ဗီဒီယိုများ ပိုမိုပျံ့နှံ့နေသောကြောင့်ဖြစ်ပြီး ကျူးလွန်ခံရသူများဘက်တွင် ဆင်းရဲနွမ်းပါးမှု၊ အသိအမြင်ဗဟုသုတနည်းပါးမှုနှင့် သတိမမူ နေထိုင်သွားလာမှုတို့ကြောင့် ဖြစ်သည်ကို တွေ့ရှိရသည်။

မုဒိမ်းမှုများ လျော့နည်းပပျောက်စေရေးတွင် ဖော်ပြပါကိစ္စများကို ရှာဖွေတားဆီးနှိမ်နင်းခြင်းနှင့် အသိပညာပေး သတိပေးနှိုးဆော်မှုများကို ယခုထက်ပိုမို၍ ထဲထဲဝင်ဝင် ပိုမိုလုပ်ဆောင်သွားရမည်ဖြစ်သည်။ ထို့အပြင် ပြစ်မှုကျူးလွန်သူများအား ထိရောက်သောပြစ်ဒဏ်ချမှတ်မှုနှင့် ချမှတ်လိုက်သောပြစ်ဒဏ်များကို အများပြည်သူ လူမှုဘဝနယ်ပယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် မီဒီယာများသာမက ရပ်ရွာဒေသ အဖွဲ့အစည်းများက လှုပ်ရှားဆောင်ရွက်ကြရမည်ဖြစ်သည်။

မုဒိမ်းမှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများက အလေးအနက်ထားဆောင်ရွက်နေစဉ်အတွင်းမှာပင် လူမဆန်သော သက်ငယ်မုဒိမ်းမှုများဆက်လက်ဖြစ်ပွားနေသည်ကို စိတ်မချမ်းမြေ့ဖွယ် ကြားသိနေရသည်။ သက်ငယ်မုဒိမ်းမှု အများဆုံးဖြစ်ပွားသော ဒေသများမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ပြီး နိုင်ငံတစ်ဝန်းတွင် ၂၀၁၆ ခုနှစ်က မုဒိမ်းမှု ၁၁၀၀ ဖြစ်ပွားခဲ့သည့်အနက် သက်ငယ်မုဒိမ်းမှု ၆၇၁ မှု ဖြစ်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် မုဒိမ်းမှု ၁၄၀၅ မှုအနက် သက်ငယ်မုဒိမ်းမှု ၈၉၇ မှုဖြစ်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ မုဒိမ်းမှု ၅၃၃ မှုအနက် သက်ငယ်မုဒိမ်းမှု ၃၆၀ ဖြစ်ခဲ့ရာ သက်ငယ်မုဒိမ်းမှုမှာ ပိုမိုဖြစ်ပွားသည်ကိုတွေ့ရသည်။

မုဒိမ်းမှုများ ဖြစ်ပွားရာတွင် တဏှာမုဆိုးများ၏ ကျော့ကွင်းအတွင်း မိန်းကလေးများ ရောက်မသွားစေရေး သတိထားရမည်ဖြစ်သည်။ ထို့ကြောင့် ကာယကံရှင်ကိုယ်တိုင် အသိအမြင်ဗဟုသုတနှင့် သတိထားနေထိုင်တတ်ရန် လိုအပ်သည်။ ထို့အပြင် မိဘအသိုင်းအဝိုင်းတို့ကလည်း ဝိုင်းဝန်းသတိမူ ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။ ယခုအခါ မုဒိမ်းမှုကျူးလွန်မှုများအနက် သွေးမတော် သားမစပ်သူများသာမက ဆွေမျိုးတော်စပ်သူများ၊ ဖခင်အချို့တို့ပါဝင်သည်ကို ကြားသိရသဖြင့် မိခင်များနှင့် အုပ်ထိန်းသူများက မိမိတို့သမီးငယ်များကို ရင်အုပ်မကွာ စောင့်ရှောက်ပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ မုဒိမ်းမှုများ လျော့နည်းပပျောက်စေရေးအတွက် အသိပညာဗဟုသုတများပေးဝေခြင်း၊ ဖြစ်ပွားစေနိုင်သော တွန်းအားများအား ကြိုတင်ကာကွယ်တားဆီးနှိမ်နင်းခြင်း၊ ကျူးလွန်သူများအား ပြစ်ဒဏ်များ ထိထိရောက်ရောက်ချမှတ်ပြီး ပြည်သူများအား အသိပေးခြင်းတို့ကို ပိုမိုလုပ်ဆောင်ခြင်းဖြင့် အမျိုးသမီးများဘဝ လုံခြုံစိတ်ချရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြောက်ဦးမြို့ သန့်ရှင်းသာယာလှပရေး ပြည်နယ်အစိုးရ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများတွေ့ဆုံ

**မြောက်ဦး မေ ၂၆**



ရခိုင်ပြည်နယ် မြောက်ဦးမြို့ သန့်ရှင်းသာယာလှပရေးအတွက် ဒေသခံပြည်သူများနှင့် ရခိုင်ပြည်နယ်ဝန်ကြီးများ တွေ့ဆုံပွဲ အခမ်းအနားကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးများဖြစ်သော ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးဝင့်မြင့်၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဖြူနှင့် မြို့မိ၊ မြို့ဖများ တက်ရောက်ကြသည်။

ထို့နောက် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က အဖွင့်အမှာစကားပြောကြားရာတွင် မြောက်ဦးမြို့ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့တွင်းလမ်းများ ကောင်းမွန်စေရေး၊ လမ်းဘေးရှိ လျှပ်စစ်မီးများ ကောင်းမွန်စွာရရှိစေရေးတို့အတွက် အတတ်နိုင်ဆုံးဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက မြို့မဈေးကြီးအတွင်း ဟင်းသီးဟင်းရွက်ရောင်းတန်း အသစ်တည်ဆောက်နေမှု၊ ဈေးကြီး မြေထိန်းနံရံ တည်ဆောက်နေမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော မြို့မိ၊ မြို့ဖများက မြောက်ဦးမြို့သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများထားရှိရေး၊ အမှိုက်သရိုက်များ စနစ်တကျစွန့်ပစ်ရန်အတွက် အမှိုက်ပုံးများ စီစဉ်ဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးတင်ပြရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တက်ရောက်လာသူများအား ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျွန်းဖီလာကျွန်းတွင် ခရီးသွားလုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီနှင့် ဒေသခံ ဆလုံလူမျိုးများအကြား ညှိနှိုင်းပြေလည်မှုရရှိ

**ကော့သောင်း မေ ၂၆**

ကော့သောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာခန်းမတွင် မေ ၂၄ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးမှုဖြင့် ကော့သောင်းခရိုင်အတွင်းရှိ ကျွန်းဖီလာကျွန်းတွင် ခရီးသွားလုပ်ငန်းဆောင်ရွက်မည့် Moken International Co.,Ltd နှင့် ကျွန်းပေါ်တွင် နေထိုင်သည့် ဒေသခံ ဆလုံလူမျိုးများအကြား ဖြစ်ပေါ်လျက်ရှိသည့် မြေယာ အငြင်းပွားမှုပြဿနာဆိုင်ရာကိစ္စရပ်များ နှစ်ဦးနှစ်ဖက် အပြန်အလှန်ပြေလည်မှုများ ရရှိခဲ့ကြောင်း သိရသည်။

အပြန်အလှန်ညှိနှိုင်း စေ့စပ်ဖြေရှင်းပေးမှုတွင် ဝန်ကြီးချုပ်က ဒီမိုကရေစီစနစ်တွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ခြင်းသည် အနှစ်သာရဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် အာဃာတ အမုန်းတရားများ မမွေးမြူကြရန်လိုကြောင်း၊ ဒေသခံ တိုင်းရင်းသားများအနေဖြင့် ရေမြင့်လျှင်ကြာတင့်ဆိုသကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်လာရေး မိမိဒေသတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်ကြသည့် လုပ်ငန်းကုမ္ပဏီများအား အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့ဒေသခံ တိုင်းရင်းသားလူမျိုးများ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအစရှိသည့် လူနေမှုဘဝများ အပြန်အလှန် ဖွံ့ဖြိုးတိုးတက်လာမည်မှာ ဧကန်မလွဲဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ အချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဘက်ဘက်မှ အောင်မြင်မှုများ ရရှိနိုင်ကြောင်း နှစ်ဖက်တက်ရောက်လာသည့် ကိုယ်စားလှယ်များအား အမှာစကားပြောကြားခဲ့သည်။

ညှိနှိုင်းဖြေရှင်းခြင်း အခမ်းအနားသို့ ခရီးသွားလုပ်ငန်းဆောင်ရွက်မည့် Moken International Co.Ltd မှ ဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ ကျွန်းဖီလာကျွန်းပေါ်ရှိ ဆလုံတိုင်းရင်းသားများ နေထိုင်သည့် ဂျအုံးကျေးရွာမှ ကိုယ်စားလှယ်နှင့် ဆလုံတိုင်းရင်းသား ငါးဦး တက်ရောက်ခဲ့ကြသည်။

**ကျော်စိုး (ကော့သောင်း)**

# ငဝန်တံတား(လေးမျက်နှာ) မကြာမီ အချောသတ်ပြီးစီးတော့မည်

**လေးမျက်နှာ မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ငဝန်မြစ်ကူးတံတား (လေးမျက်နှာ)သည် မေ ၁ ရက်က မြစ်ကမ်းနှစ်ဖက်သို့ ဆက်သွယ်မိသွားပြီဖြစ်၍ မကြာမီကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ အချောသတ်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။



ယခုအခါ ငဝန်တံတား(လေးမျက်နှာ)အပြီး၌ မြို့တွင်းလမ်းများလည်း အချောသတ်ပြီးစီးနိုင်ရေးအတွက် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ ၂၀၊ ၂၁ နှင့် တံတားအထူးအဖွဲ့ ၁၆ တို့မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ငဝန်တံတား (လေးမျက်နှာ) တည်ဆောက်ပြီးစီးသွားပါက မော်တော်ကားများသည် ပုသိမ်-မုံရွာလမ်းမကြီးသို့ အလယ်မှ ဖြတ်ဝင်နိုင်တော့မည်ဖြစ်သည်။ ငဝန်မြစ်ကိုဖြတ်၍ ပုသိမ်-မုံရွာကားလမ်းမကြီးကို ဆုံကုန်းတံတားနှင့် ငသိုင်းချောင်း တံတားတို့မှ ဖြတ်သန်းသွားလာရာမှ ငဝန်တံတား(လေးမျက်နှာ) ပြီးသွားပါက အလယ်ဝင်ပေါက်အဖြစ် ဖြတ်သန်းသွားလာနိုင်မည်ဖြစ်၍ လမ်းကွန်ရက်များ ပိုမိုကောင်းမွန်လာပြီး ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေလာမည် ဖြစ်ကြောင်း သိရသည်။

ငဝန်တံတား(လေးမျက်နှာ)သည် အရှည် ၁၉၆၀၆ ပေ၊ အကျယ် ၂၄ ပေရှိပြီး ၂၀၁၉ ခုနှစ်အတွင်း တံတားဖွင့်ပွဲဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ ရက် တွင် စတင်ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်ကအဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရားကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကျွန်မတို့ လွတ်လပ်ရေးဖခင်ကြီးများရဲ့ အိပ်မက်၊ ကျွန်မတို့ ပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်း၊ တိုးတက်၊ သာယာတဲ့၊ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို မနေးအမြန် စုပေါင်းအင်အားနဲ့ အကောင်အထည် ဖော်နိုင်ကြပါစေ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဒေါက်တာသန်းမြင့်တို့ သာဂရစက်မှုနယ်မြေရှိ အကြီးစားစက်ရုံများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့သည် ယနေ့ နံနက်ပိုင်းတွင် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၄)နှင့် အမှတ် (၁၅) အကြီးစားစက်ရုံများသို့ သွားရောက်ပြီး မူလထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ဝင်စက်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသည်။

သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၄) ဒီဇယ်အင်ဂျင်စက်ရုံရှိ ဈေးကွက်မဝင်သော ဒီဇယ်အင်ဂျင်များကို အခြားသော လောင်စာသုံးအင်ဂျင်များအဖြစ် ပြောင်းလဲနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများ၊ ပထမအဆင့်အနေဖြင့် CNG နှင့် LNG အင်ဂျင်များအဖြစ်ပြောင်းလဲ၍ မီးစက်နှင့် အခြားလုပ်ငန်းသုံးဈေးကွက်ဝင် အင်ဂျင်များအဖြစ် ပြောင်းလဲထုတ်လုပ်ရန် ပုဂ္ဂလိက ပြည်ပအတွေ့အကြုံရှိ မြန်မာပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ဒုတိယအဆင့်အဖြစ် ဥရောပနည်းပညာဖြင့်ထုတ်လုပ်မည့် လျှပ်စစ်ဘတ်စ်ကားများ ထုတ်လုပ်ရေး၊ YBS ယာဉ်များကဲ့သို့ ဘတ်စ်ကားအင်ဂျင်များ ပူးပေါင်းထုတ်လုပ်ရေး၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်း၍ PPP (Public Private Partnership) အောင်မြင်စွာဆောင်ရွက်နိုင်ရေး၊ အခြားသော စက်ရုံများကိုလည်း အလားတူ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြန်မာပုဂ္ဂလိကပညာရှင်က ၎င်း၏ ပြည်ပတွင် အောင်မြင်စွာ PPP ဆောင်ရွက်ခဲ့မှု အတွေ့အကြုံများ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ အစိုးရသို့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်မှုများ၊ နိုင်ငံတော်မှ ငွေကြေးအကူအညီမပါဘဲ စီမံခန့်ခွဲမှုနှင့် ပေါ်လစီပြုပြင်ပြောင်းလဲပေးမှုဖြင့် လက်ရှိအခြေခံ အဆောက်အအုံကောင်းများမှ ဈေးကွက်ဝင်ပစ္စည်း အမယ်သစ်များအဖြစ် ပြောင်းလဲတီထွင်ထုတ်လုပ်နိုင်မှုများကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်များကို လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးသည်။



ထို့နောက် ဒီဇယ်အင်ဂျင်စက်ရုံအတွင်း၌ CNG, LNG Type အဖြစ် ပြောင်းလဲမည့် အင်ဂျင်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ပေးအပ်ရမည့် လူနာတင်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ပိုမို၍အောင်မြင်စွာ ဈေးကွက်ချဲ့ထွင်နိုင်ရန် ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❖ **ရှေ့ဖုံးမှ**

ဒုတိယ CBT တစ်ခုကို ချောက်မြို့နယ် မကျီးကန်ကျေးရွာမှာ All Aisa Exclusive Travel Company ရဲ့ ကူညီပံ့ပိုးမှုနဲ့ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်က စဖွင့်ခဲ့ပါတယ်၊ နိုင်ငံခြားခရီးသွားတွေ စိတ်ဝင်စားပြီး ဒေသနှစ်ခုစလုံး အောင်မြင်နေပါတယ်”ဟု ဦးမြင့်စိန်က ရှင်းပြသည်။

မြိုင်(အင်းရောင်းကျေးရွာအုပ်စု) CBT သို့ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွား ၇၃၅ ဦး၊ ၂၀၁၇ ခုနှစ်တွင် ဦးရေ ၇၆၀၊ ၂၀၁၈ ခုနှစ် ပထမလေးလအတွင်း ၁၉၃ ဦးဝင်ရောက်ခဲ့ပြီး နိုင်ငံခြားသားတစ်ဦးလျှင် ၅၅ ဒေါ်လာ ကောက်ခံခဲ့ကြောင်း၊ ချောက်မြို့နယ် မကျီးကန်ကျေးရွာ CBT သို့ ၂၀၁၇ တွင် ကမ္ဘာလှည့်ခရီးသွား ၇၂ ဦး၊ ၂၀၁၈ ခုနှစ် ပထမလေးလအတွင်း ၁၇၆ ဦး ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ ကောက်ခံခဲ့ကာ ဒေသအတွက် အထောက်အပံ့ဖြစ်ခဲ့ကြောင်း သိရသည်။

“ဌာနအနေနဲ့ နောက်ထပ်နှစ်နေရာလုပ်ဖို့ ရှိပါတယ်၊ တစ်နေရာက ပုံတောင်-ပုံညာ ဂန့်ဂေါဒေသ ထီးလင်းမြို့နယ်အထက် သုံးမိုင်လောက်ဝေးတဲ့ ထန်းပင်ကုန်းရွာဖြစ်ပါတယ်၊ တောင်သားလူမျိုး အဆက်အနွယ်တွေရှိပါတယ်၊ လူမျိုးကလည်း ထူးခြားတယ်၊ တောတောင်ရေမြေအနေအထားကလည်း Tourism စိတ်ဝင်စားနိုင်တယ်၊ CBT လုပ်မယ့် ကျေးရွာမှာ အိမ်ခြေ ၁၂၀ ပဲ ရှိပေမယ့် ရက်ကန်းစင်က ၇၀ ကျော်ရှိပါတယ်၊ ကျေးလက်ဒေသ မြန်မာ့ရိုးရာနဲ့ တောတောင်ရေမြေသဘာဝကို ပြနိုင်ပါမယ်၊ တမူး-ကလေး-ဂန့်ဂေါလမ်းကနေ ဆင်းလာတဲ့ခရီးသည်တွေ တစ်ထောက်နားဖို့ရာ အဆင်ပြေပါတယ်၊ နောက်တစ်ခုက တိုင်းဒေသကြီးရဲ့ ထူးခြားတဲ့နေရာဒေသတစ်ခုဖြစ်တဲ့ ငဖဲမြို့နယ် နတ်ရေကန်တောင် ဖြစ်ပါတယ်၊ အဲဒီဒေသမှာ အရှို ချင်းလူမျိုးတွေ ရှိပါတယ်၊ ရာသီဥတုကလည်း တောင်ပေါ် ပြင်ဦးလွင်ဒေသလို ရာသီဥတုမျိုး၊ ထူးခြားချက်က မြေဆီ၊ မြေဩဇာ မသုံးဘဲစိုက်တဲ့ သရက်၊ သံပရာ၊ ငှက်ပျော၊ ငရုတ်ကောင်းအားလုံး Organic တွေချည်းပါ၊ ကမ္ဘောဒီးယားတို့၊ လာအိုတို့မှာ အောင်မြင်နေတာက Organic Farming အခြေခံတဲ့ ခရီးသွားလုပ်ငန်းဖြစ်လို့ ဒီနေရာကိုလည်း လုပ်ဖို့တင်ပြထားပါတယ်”ဟု ဦးမြင့်စိန်က ပြောသည်။



မြန်မာ့ရိုးရာဓလေ့များ လေ့လာနေကြသည့် နိုင်ငံခြားသားခရီးသည်များကို တွေ့ရစဉ်။

မြိုင် CBT မှ ကောက်ခံသည့် ၅၅ ဒေါ်လာတွင် ဒေသခံကျေးရွာ၏ (လူမှု၊ စီးပွား၊ ပညာ၊ ကျန်းမာ)ကျေးရွာရန်ပုံငွေအတွက် ၁၀ ဒေါ်လာ၊ တည်းခိုနေထိုင်ခ ၁၀ ဒေါ်လာ၊ နံနက်စာ သုံးဒေါ်လာ၊ နေ့လယ်စာ ငါးဒေါ်လာ၊ ညစာ ငါးဒေါ်လာ၊ စက်ဘီးငှားခ လေးဒေါ်လာ၊ Local Guide သုံးဒေါ်လာ၊ ညပိုင်းဖျော်ဖြေမှုအတွက် ... ၁၀ ဒေါ်လာ၊ သစ်ပင်စိုက် ငါးဒေါ်လာဟူ၍ ခွဲဝေသုံးစွဲ ကြောင်း၊ ချောက်မြို့ မကျီးကန် CBT မှ ကောက်ခံသည့် ငွေကျပ် ၄၀၀၀၀ တွင် ကျေးရွာရန်ပုံငွေကျပ် ၁၀၀၀၀၊ တည်းခိုနေထိုင်ခ ငွေကျပ် ၁၀၀၀၀၊ နံနက်စာ ငွေကျပ် ၅၀၀၀၊ နေ့လယ်စာ ငွေကျပ် ၅၀၀၀၊ ညစာ ငွေကျပ် ၅၀၀၀၊ Local Guide အတွက် ငွေကျပ် ၅၀၀၀ ဟူ၍ ခွဲဝေသုံးစွဲကြောင်း မှတ်တမ်း များအရ သိရသည်။

“ပုံတောင်-ပုံညာဒေသ ထန်းပင်ကုန်းရွာမှာ ကျေးရွာ CBT ကော်မတီဖွဲ့ပြီးပါပြီ၊ မြို့နယ်အုပ်ချုပ်ရေး၊ မြေစာရင်း၊ သစ်တော၊ တိုင်းဒေသကြီးကိုယ်စားလှယ်များနဲ့ကွင်းဆင်းပြီး မြေနေရာတွေသတ်မှတ်ပြီးပါပြီ၊ မြေယာပိုင်ဆိုင်မှုအတွက်လည်း ဗဟိုမြေလွတ်မြေရိုင်းထိတင်ပြပြီး ပြန်ကျလာတဲ့အတွက် ထပ်ပြီး အသေးစိတ်တိုင်းပြီးဖြစ်ပါတယ်၊ အတည်ပြုချက်ရပြီဆိုရင် အဆောက်အအုံလျှာမယ့် အလှူရှင်ရှိပါတယ်၊ စဆောက်ပြီးတော့ ပြီးမယ့်ခန့်မှန်းခြေကို မှန်းပြီး တိုင်းဒေသကြီးရဲ့ တတိယမြောက် လူထုအခြေပြု ခရီးသွားလုပ်ငန်းကို ဖွင့်ခွင့်ပေးပါဆိုပြီးတော့ တင်ပြဖို့ရာရှိပါတယ်၊ ဒီဇင်ဘာမတိုင်မီဖြစ်မယ်လို့ ခန့်မှန်းပါတယ်”ဟု တတိယမြောက်ဒေသဖြစ်လာမည့် CBT အခြေအနေနှင့် ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိန်က ရှင်းပြသည်။

လာအိုနှင့် ကမ္ဘောဒီးယားတို့ကဲ့သို့ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသအား Organic Farming ဖြစ်နိုင်ခြေ ရှိ၊ မရှိကို စိုက်ပျိုးရေး၊ မြေစာရင်း၊ FDA၊ သစ်တောဌာနများ စုပေါင်းပြီး Result တစ်ခုလုပ်ပေးပါရန်နှင့် ဟိုတယ်၊ မိုတယ်များ ဆောက်စရာမလိုဘဲ ကျေးရွာပိုင် Guest House များဆောက်ကာ မြိုင်နှင့် မကျီးကန်တို့ကဲ့သို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်လိုကြောင်း မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက တိုင်းဒေသကြီး အစိုးရထံတင်ပြထားသည်ဟု သိရသည်။

Community Base Tourism လုပ်ဆောင်မည့်ဒေသများတွင် ကျေးရွာ CBT ကော်မတီကို သီးသန့်ဖွဲ့စည်းရပြီး ဝန်ထမ်းများ၊ လုပ်ငန်းရှင်များ၊ ပြင်ပပုဂ္ဂိုလ်များ ပါဝင်ခွင့်မရှိဘဲ ဒေသခံအခြေပြုနေသူများက ဦးဆောင်ရမည်ဖြစ်ကာ ဒေသအကျိုးအတွက် ၎င်းတို့၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေး ပြန်လည်ကျင်းပနိုင်ရေး သမ္မတ မွန်းနှင့် ခေါင်းဆောင် ကင်တို့ ဆွေးနွေး

**ဆိုးလ် မေ ၂၆**
တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်တို့သည် မေ ၂၆ ရက်တွင် ကိုရီးယား နှစ်နိုင်ငံနယ်စပ်ရှိ ငြိမ်းချမ်းရေးရွာ ငြိမ်းချမ်းရေးအဆောက်အအုံ၌ တွေ့ဆုံခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ဆိုသည်။

**နှစ်နာရီကြာမြင့်**

ခေါင်းဆောင်နှစ်ဦးတွေ့ဆုံပွဲသည် မေ ၂၆ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် စတင်ခဲ့ပြီး နှစ်နာရီတိုင်တိုင် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**အမြင်ချင်းဖလှယ်**

ယခင်ကျင်းပခဲ့သည့် ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးပွဲတွင် သဘောတူညီခဲ့သည့် ပန်မွန်ဂျုံ ကြေညာချက်ပါကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် ခေါင်းဆောင်နှစ်ဦးက အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**ထုတ်ပြန်ကြေညာမည်**

ဆွေးနွေးမှုရလဒ်များကို သမ္မတ မွန်းက မေ ၂၇ ရက်တွင် သတင်းထုတ်ပြန်ကြေညာမည်ဖြစ်သည်။

**ယခင်စီစဉ်သည့်အတိုင်း**

ယနေ့ကျင်းပခဲ့သည့် သမ္မတမွန်းနှင့် ခေါင်းဆောင် ကင်တို့၏ အစည်းအဝေးသည် အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးပွဲကို စင်ကာပူနိုင်ငံ၌ ဇွန် ၁၂ ရက်တွင် ကျင်းပမည်ဟု ယခင်စီစဉ်ထားသည့်အတိုင်း ဖြစ်နိုင်ရန် အလားအလာ ပိုမိုတိုးတက်စေခဲ့ကြောင်း ဒေါင်ဂတ်ခ်တက္ကသိုလ်မှ ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး ကျွမ်းကျင်ပညာရှင် ခိုယုဟွန်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**






# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ပူတင်တို့ မော်စကို၌ တွေ့ဆုံ

**ကျိုတို မေ ၂၆**
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ဗလာဒီမာ ပူတင်တို့သည် မေ ၂၆ ရက်တွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

အစည်းအဝေးတွင် ရုရှားက သိမ်းပိုက်ထားပြီး ဂျပန်နိုင်ငံက ဘိုးဘွားအမွေအနှစ်ဟု အခိုင်အမာဆိုသည့် ကျွန်းလေးကျွန်းပေါ်တွင် နှစ်နိုင်ငံ အကျိုးတူ စီးပွားရေး လုပ်ငန်းများ လုပ်ဆောင်ရန် ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ရုရှားနိုင်ငံ၏ ဒုတိယ အကြီးဆုံးမြို့တော် စိန့်ပီတာစဘတ်တွင် ကျင်းပသည့် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီးနောက် မော်စကိုသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ခေါင်းဆောင်နှစ်ဦး၏ ဆွေးနွေးပွဲသည် မတ်လတွင် ကျင်းပခဲ့သည့် ရုရှားနိုင်ငံ ရွေးကောက်ပွဲအပြီး ပထမဆုံးအကြိမ် အစည်းအဝေးပွဲဖြစ်၍ ခေါင်းဆောင်နှစ်ဦး တွေ့ဆုံသည့် အစည်းအဝေးပွဲ စုစုပေါင်း ၂၁ ကြိမ်ခန့် ရှိပြီဖြစ်သည်။

အဆိုပါကျွန်းလေးကျွန်းပေါ်တွင် အဏ္ဏဝါဇီဝသတ္တဝါများ စီးပွားဖြစ်မွေးမြူရေးနှင့် ဖန်ပြွန်အိမ် စတော်ဘယ်ရီပင်များ စိုက်ပျိုးမှုများကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးခဲ့ကြသည်။

ကျွန်းများပေါ်တွင် ယခင်နေထိုင်ခဲ့သည့် ဘိုးဘွားဆွေမျိုးများ၏ အုတ်ဂူများကို ၎င်းတို့၏ ဆွေးမျိုးသားချင်းများက လာရောက်ဂါရဝပြုရန် စီစဉ်မှုများ အပါအဝင် ဂျပန်နှင့် ရုရှားနှစ်နိုင်ငံ သံတမန်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ အစည်းအဝေးများ ကျင်းပရေးကိစ္စရပ်များကို ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ ယခင်အတိုင်း ပြန်လည်ကျင်းပနိုင်ဖွယ်ရှိသည့် အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးနှင့် ပတ်သက်ပြီး ခေါင်းဆောင်နှစ်ဦးက အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာတွင် မုတ်သုံမိုး သည်းထန်စွာ ရွာသွန်းမှုကြောင့် ၁၉ ဦး သေဆုံးပြီး ၁၂၈၀၀၀ ကျော် ဘေးဒုက္ခကျရောက်

**ကိုလံဘို မေ ၂၆**
သီရိလင်္ကာနိုင်ငံတွင် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားပြီး မေ ၂၆ ရက်တွင် သေဆုံးရသူ ၁၉ ဦးထိ ရှိလာကြောင်း၊ လူပေါင်း ၁၂၈၀၀၀ တို့ ဘေးဒုက္ခကျရောက်ခဲ့ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဗဟိုဌာန (ဒီအမ်စီ) က ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်ငံတောင်ပိုင်းဒေသတွင် လူပေါင်း ၅၅၀၀၀ ခန့်ကို ဘေးကင်းရာဒေသများသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး လူနှစ်ဦးပျောက်ဆုံးနေသည်ဟု သတင်းရရှိကြောင်း ဒီအမ်စီ၏ပြောရေးဆိုခွင့်ရှိသူ ဒပရာဒိပ် ကိုဒစ်ပီလီက ပြောကြားသည်။

ယင်းဒေသတွင် လာမည့်ရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းမည့်အန္တရာယ်ရှိနေသဖြင့် မြစ်ချောင်းများနှင့် ရေကန်ကြီးများအနီးရှိ အနိမ့်ပိုင်းဒေသများ၌ နေထိုင်သူများအနေဖြင့် ဘေးကင်းလွတ်ရာ ဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် အကြံပြုထားကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဗဟိုဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရေဘေးဒုက္ခသင့်ရောက်သည့် ခရိုင်များအားလုံးသို့ ရဲတပ်ဖွဲ့ဝင်များနှင့် သီရိလင်္ကာစစ်ဘက်တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့ပြီး အရေးပေါ်ကယ်ဆယ်ထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် သီရိလင်္ကာနိုင်ငံတောင်ပိုင်း၊ မြောက်ပိုင်းနှင့် မြောက်ဘက်အလယ်ပိုင်းတို့တွင် လူနေအိမ်ခြေ ၄၀၀၀ ကျော်တို့မှာ အပြည့်အဝသို့မဟုတ် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ရသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများနှင့် ရေဘေးဒုက္ခသင့်ရောက်နေသည့် ပြည်သူများကို ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများကို သီရိလင်္ကာသမ္မတ မေသရီပါလာ ဆီရိသေနာက မေ ၂၄ ရက်တွင် ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်။

သီရိလင်္ကာနိုင်ငံ အနောက်ပိုင်း၊ အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းပြည်နယ်နှင့် ခရိုင်အချို့တွင် လာမည့်ရက်များအတွင်း မိုးရေချိန် မီလီမီတာ ၁၀၀ ကျော်ထိ သည်းထန်မည့် မိုးရွာသွန်းမှုများ ဖြစ်ပေါ်နိုင်သည်ဟု မျှော်လင့်ရကြောင်း သီရိလင်္ကာမိုးလေဝသဌာနက ပြောကြားသည်။

လွန်ခဲ့သည့်နှစ် အနောက်တောင် မုတ်သုံရာသီကာလအတွင်း သီရိလင်္ကာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၂၀၀ ကျော်သေဆုံးခဲ့ကာ လူ ၇၈ ဦး ပျောက်ဆုံးခဲ့ရသည်။ **ဆင်ဟွာ**





# ယူဂန္ဒာတွင် ဘတ်စကားနှင့် ကုန်တင်တွဲယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၄၈ ဦးထိ မြင့်တက်လာ

**ကမ်ပါလာ မေ ၂၆**
ယူဂန္ဒာနိုင်ငံ မြောက်ပိုင်းတွင် မေ ၂၅ ရက် ညပိုင်းတွင် ကုန်တင်တွဲယာဉ်တစ်စီးကို ဘတ်စကားတစ်စီးက ဝင်တိုက်မိမှုဖြစ်ပွားခဲ့ရာ သေဆုံးသူအရေအတွက်မှာ ၄၈ ဦးထိ တိုးမြင့်လာခဲ့ကြောင်း ယူဂန္ဒာကြက်ခြေနီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက မေ ၂၆ ရက်တွင် ပြောကြားသည်။

မေ ၂၅ ရက် ညပိုင်းက ဖြစ်ပွားခဲ့သော ယင်းယာဉ်မတော်တဆဖြစ်မှုတွင် ဘေးဒုက္ခသင့်သူများတွင် ကလေးငယ် ၁၆ ဦးပါဝင်ကြောင်း ကြက်ခြေနီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ အခင်းဖြစ်ပွားရာနေရာမှာ မြို့တော်ကမ်ပါလာ၏ မြောက်ဘက် ကီလိုမီတာ ၂၂၀ (မိုင် ၁၄၀)အကွာရှိ ကီရာဒွန်ဂိုအရပ်တွင် ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အခင်းဖြစ်ပွားရာအရပ်သို့ ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိလာပြီး ထိခိုက်ဒဏ်ရာရသူများကို ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ကြောင်း ယူဂန္ဒာရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အီမီလီယံကေရီမာက ပြောကြားသည်။ ယင်းယာဉ်မတော်တဆမှုကြောင့် ယာဉ်မောင်းသုံးဦး သေဆုံးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ခရီးသည်တင် ဘတ်စကားသည် ကုန်တင်တွဲယာဉ်ကို ပထမဦးဆုံးဝင်တိုက်မိပြီးနောက် ဘီယာများတင်ဆောင်လာသည့် ကုန်တင်ကားကို ဆက်လက်တိုက်မိခြင်းဖြစ်သည်။ ယူဂန္ဒာနိုင်ငံသည် ကမ္ဘာပေါ်တွင် လမ်းလုံခြုံမှု အဆိုးရွားဆုံးမှတ်တမ်းရှိသည့် နိုင်ငံဖြစ်ပြီး ယင်းနိုင်ငံ၏ မော်တော်ယာဉ်များနှင့် လမ်းများ၏အခြေအနေအလွန်ဆိုးရွားနေပြီး အန္တရာယ်ရှိစွာ မောင်းနှင်သွားလာလျက်ရှိသည်။

ယူဂန္ဒာတွင် ၂၀၁၅ မှ ၂၀၁၇ ခုနှစ်အတွင်း လမ်းပေါ်၌ ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုများကြောင့် လူပေါင်း ၉၅၀၀ ကျော် သေဆုံးခဲ့ရကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

**အေအက်ဖ်ပီ**

# ရေနံအထွက်တိုးရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၂၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ချောက်ရေနံမြေအတွင်းရှိ မေလအတွင်း အောင်မြင်စွာတူးဖော်ထုတ်လုပ်ခဲ့သော ရေနံတွင်းသစ် အမှတ် (၁၂၀၅)နှင့် (၁၂၀၇)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အောင်မြင်စွာ တူးဖော်ထုတ်လုပ်ခဲ့သော ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပြီး ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။ ယင်းနောက် တူးဖော်လျက်ရှိသော ရေနံတွင်းအမှတ် ၁၂၀၆ သို့ရောက်ရှိပြီး တွင်းတူးဖော်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ချောက်ရေနံမြေသည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Gold Petrol Co.,Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရေနံအထွက်တိုးရေးအတွက် လုပ်ငန်းစီမံချက်များစနစ်တကျရေးဆွဲ၍ ကြိုးစားရှာဖွေဖော်ထုတ်လျက်ရှိသည်။ ယခုအခါ ရေနံတွင်းအမှတ် (၁၂၀၅)မှ တစ်နေ့လျှင် ရေနံစိမ်းစည် ၅၀ ခန့်နှင့် (၁၂၀၇) မှ ရေနံစိမ်းစည် ၁၁၀ ခန့် တူးဖော်ထုတ်လုပ်နိုင်သည်။ အဆိုပါရေနံမြေမှ ယခင်ကတစ်နေ့လျှင် ရေနံစိမ်းစည် ၁၀၃၀ ခန့်ထွက်ရှိပြီး ယခုနှစ်မေလအတွင်းတစ်နေ့လျှင် ရေနံစိမ်းစည် ၁၆၀ ခန့် တိုးတက်ထုတ်လုပ်နိုင်မှုကြောင့် ယခုအခါ ချောက်ရေနံမြေမှ နေ့စဉ်ရေနံစိမ်း စည် ၁၁၉၀ ခန့် ထုတ်လုပ်လျက်ရှိသည်။ တူးဖော်ထုတ်လုပ်ရရှိသော ရေနံစိမ်းများကို အမှတ်(၂) ရေနံချက်စက်ရုံ (ချောက်) သို့ ပိုက်လိုင်းများဖြင့် ပေးပို့ပြီး ပြည်သူများအသုံးပြုနိုင်ရန်အတွက် စက်သုံးဆီများချက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ❂ ကယားပြည်နယ်မှ

အဆိုပါ ရင်းနှီးမြှုပ်နှံမှုအခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့်အဖွဲ့ဝင်များ၊ လွှတ်တော်သုံးရပ်မှ ကိုယ်စားလှယ်များ၊ ကုမ္ပဏီနှင့်စက်မှုလုပ်ငန်းရှင်များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ လွိုင်ကော်မြို့ရှိ ပုဂ္ဂလိကဘဏ်များ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

### ငြိမ်းချမ်းရေးကဏ္ဍ

ဆက်လက်ပြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် Kayah State Investment Forum ကို ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး ပြည်နယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဖော်ဆောင်ရာတွင်လည်း ငြိမ်းချမ်းရေးကဏ္ဍသည် မရှိမဖြစ်အရေးပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးမှုသည် အပြန်အလှန် အမှီသဟဲပြုလျက်ရှိကြောင်း၊ ကယားပြည်နယ်သည် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျလျက်ရှိကြောင်း၊ အစိုးရသစ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ခြင်း၊ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်နှင့် ညီအစ်မမြို့တော်အဖြစ် MoU ရေးထိုး ဆောင်ရွက်ခဲ့ပြီး ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာစေရန် ဆောင်ရွက်ခဲ့ကြောင်း။



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အဖွဲ့ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြစဉ်။

### ရှင်းလင်းဆွေးနွေး

ယခုဖိုရမ်တွင် ပြည်နယ်အတွင်း ဘယ်လိုရင်းနှီးမြှုပ်နှံမှု ဖော်ဆောင်မလဲ၊ ဘာတွေကျန်ခဲ့မလဲ၊ ထို့ကြောင့် Forum မှာ ဌာနဆိုင်ရာများ အနေဖြင့်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရန်၊ ရင်းနှီးမြှုပ်နှံရန် လာရောက်သူများအား စိတ်ပျက်သွားသည့် ဖြစ်စဉ်များ မဖြစ်စေရေး ကြိုးပမ်းသွားရန်၊ တက်ရောက်လာသူများ အနေဖြင့်လည်း ရင်းနှီးမြှုပ်နှံလိုသည့် ကဏ္ဍများကို မေးမြန်းပြီး ဌာနဆိုင်ရာများကလည်း အကျေအလည် ရှင်းလင်းဆွေးနွေးသွားရန်။

ကယားပြည်နယ်တွင် International Trade Center ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိပြီး မဖြစ်သေးခင် တစ်ဆင့်ချင်း ချပြသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ လျှပ်စစ်မီး အလုံအလောက်ရရှိနိုင်ခြင်း၊ ရေလုံလောက်စွာ ရရှိနိုင်သဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အဆင်ပြေ ချောမွေ့နိုင်စေမည်ဖြစ်ကြောင်းနှင့် ဟိုတယ်/ခရီးကဏ္ဍ၊ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ၊ သတ္တုကဏ္ဍများ ဖော်ဆောင်နိုင်ရန် အားသာချက်များကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ နစ်နာမှုမရှိစေရေး၊ အပြန်အလှန် အကျိုးအမြတ်ရရှိမည်ဆိုပါက မိမိကိုယ်တိုင်ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဖော်ဆောင်နိုင်ရေး၊ အပြန်အလှန်အကျိုးရှိရေးနှင့် ရေရှည်အကျိုးကို မြော်တွေးဆောင်ရွက်ပြီး ပြည်နယ်တိုးတက်ရေးအတွက် မေတ္တာထား ဆောင်ရွက်ရန် ပြောကြားသည်။

### ထူးခြားသည့်ပြည်နယ်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားရာတွင် ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်တွင် တည်ရှိပြီး ထိုင်းနိုင်ငံနှင့်နယ်နိမိတ်ချင်း ထိစပ်နေသော ထူးခြားသည့်ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ပြည်နယ်အတွင်း သတ္တု၊ သစ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်၊ ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ရှိပါကြောင်း၊ နှစ်ဦးနှစ်ဖက် အကျိုးရှိသော ကုန်သွယ်စီးပွား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်လိုပါကြောင်း ပြောကြားသည်။

### ဆွေးနွေးခဲ့ကြ

ဆက်လက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက The Kayah: a State to grow ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်အေးက Myanmar Agriculture and Prospect of Agriculture Development in Kayah State ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သက်က Investment Opportunities in Mining Sector of Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဇော်ထွန်းက Development of Hotel and Tourism Sector ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်နှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်က Industrial Sector ခေါင်းစဉ်ဖြင့်လည်းကောင်၊ မြန်မာ့စျေးကွက်သုတေသနနှင့်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးအောင်မင်းက Summary of Kayah State Investment Opportunity Survey ခေါင်းစဉ်ဖြင့်လည်းကောင်း၊ President of Myanmar Creative Institute and Chairperson of SHM Group of Companies ဒေါက်တာစောဌေးမြင့်က Potential Fields of Investment in Kayah State, that's increase the development of Kayah State ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

### ပြန်လည်ဖြေကြား

ဆက်လက်ပြီး စကားဝိုင်းဆွေးနွေးပွဲကို Invest in Attractive Kayah State ခေါင်းစဉ်ဖြင့် အတိုင်ပင်ခံကုမ္ပဏီ ( Hamsa Hub) မန်နေဂျင်းဒါရိုက်တာ ဦးသုတအောင်က ဦးဆောင်ပြီး Development for International Development (DFID Burma) ၏ အကြီး အကဲဖြစ်သူ Ms. Gail Marzetti၊ Loikaw Princess Hotel ပိုင်ရှင် ဦးခင်မောင်မြင့်၊ DaNa Facility အဖွဲ့ခေါင်းဆောင် Mr. Peter Brimble၊ Myanmar Creative Institute ဥက္ကဋ္ဌ ဒေါက်တာစောဌေးမြင့်၊ de heus Myanmar မှ Mr. Johan van den Ban တို့က ပါဝင်ဆွေးနွေးကြ၍ သိလိုသည့် မေးခွန်းများကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

### အသေးစိတ်ရှင်းလင်း

မွန်းလွဲပိုင်းတွင် တက်ရောက်လာကြသော ပြည်တွင်း ပြည်ပမှလုပ်ငန်းရှင်များနှင့် ကယားပြည်နယ်အတွင်းမှ လုပ်ငန်းရှင်များအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်လာစေရေးအတွက် Business Matching ကို စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဘဏ်လုပ်ငန်း စသည်ဖြင့် ကဏ္ဍအလိုက် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ဌာနအလိုက်ပြခန်းများနှင့် ကယားပြည်နယ်၏လုပ်ငန်းများဖြစ်သည့် ပြည်နယ်အတွင်း ထွက်ရှိသည့် သတ္တုလုပ်ငန်းများ၊ သစ်လုပ်ငန်း၊ စိုက်ပျိုးရေးပြခန်း၊ ပြည်နယ်၏ နာမည်ကျော်ကြားခဲ့သော ကျောက်ပြားလုပ်ငန်း၊ ကယားရိုးရာအထည်နှင့် ဝက်အူချောင်း စသည်တို့ကို ပြသထားပြီး ကဏ္ဍအလိုက် မည်သည့်အားသာချက်များကြောင့် ရင်းနှီးမြှုပ်နှံသင့်သည်၊ မည်သို့ အခွင့်အလမ်းကောင်းများ ဖော်ဆောင်နိုင်မည် စသည်ဖြင့် အသေးစိတ်ရှင်းလင်းဆောင်ရွက်ပြသခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်သူ့ဗဟိုပြုတည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မင်းတပ် မေ ၂၆**

ပြည်သူလူထု၏အကျိုးစီးပွားအတွက် ဆောင်ရွက်နေသောတည်ဆောက်ရေးလုပ်ငန်းများကို မင်းတပ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မေ ၂၅ ရက်က ကွင်းဆင်းကြည့်ရှုကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများမှာ ကျပ်သန်း ၅၀၀ ဖြင့် တည်ဆောက်နေသောမင်းတပ်မြို့ မြို့မစျေးသစ်အဆောက်အအုံ၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၁၃၇၉ ဒသမ ၅၅ သန်းဖြင့် လမ်းဦးစီးဌာနကဆောင်ရွက်နေသော မင်းတပ်-မတူပီကားလမ်း ကတ္တရာလမ်းတိုးချဲ့ခြင်း၊ ရေမြောင်းဖုံးပါ လူသွားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းတို့ဖြစ်ပြီး စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးတို့ကိုကြီးကြပ်ကွပ်ကဲခြင်း၊ ညှိနှိုင်းပေါင်းစပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၅-၂၀၁၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၅) ကော်လံ ၂ ဒုတိယပိုဒ်တွင် ရာဇသတ်ကြီးပုဒ်မ ၉၀၂(၁) (ဂ)အစား ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁) (ဂ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းစဉ်**

စာအုပ်စာပေ၊ လူ့မိတ်ဆွေ

# နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်



အန်ဝါအီဗရာဟင်နှင့် မဟာသီယာ မိုဟာမက်။

**(မေ ၁၈ ရက်မှအဆက်)**

မလေးရှားပြည်သူတွေက ဖွံ့ဖြိုးတိုးတက်မှု ဖန်တီးရေးကုမ္ပဏီ (1MDB)ရဲ့ အကျင့်ပျက်လာဘ်စားမှု အရှုပ်တော်ပုံဟာ မလေးပြည်သူတွေရဲ့ ဂုဏ်သိက္ခာအပေါ် စော်ကားတဲ့လုပ်ရပ်လို့ ယူဆတာမို့လို့ အခုလို မြန်မြန်ဆန်ဆန် စစ်ဆေးမှုတွေ ပြုလုပ်လာတာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပါတယ်။ အကျင့်ပျက်လာဘ်စားမှုအရှုပ်တော်ပုံအတွက် တာဝန်ယူ စစ်ဆေးရမယ့်အဖွဲ့အစည်း နှစ်ရပ်ကတော့ အကျင့်ပျက်လာဘ်စားမှု တိုက်ဖျက်ရေးအဖွဲ့နဲ့ ရွေးကောက်ပွဲကော်မရှင်ပါ။ ဒါပေမယ့် ဒီအဖွဲ့အစည်းနှစ်ရပ်လုံးဟာ နိုင်ငံရေးအရ ဘက်လိုက်မှုတွေ ရှိနေတယ်လို့ မလေးပြည်သူတွေကြားမှာ ကျယ်ကျယ်ပြန့်ပြန့် ယူဆထားကြတာပါ။

မဟာသီယာက သတင်းမီဒီယာတွေကို ပြောကြားရာမှာ "တချို့ဌာန အကြီးအကဲတွေက ရာထူးကနေ ဆင်းပေးရမှာပါ၊ ဒီဌာနအကြီးအကဲတွေဟာ ကမ္ဘာကနေ အကျင့်ပျက်ခြစားတယ်လို့ သတ်မှတ်ထားတဲ့ ဝန်ကြီးချုပ်ကို ဒီလိုအကျင့်ပျက်လာဘ်စားလို့ရအောင် အားပေးအားမြှောက်လုပ်ခဲ့တာပါ"လို့ ပြောကြားခဲ့ပါတယ်။ မဟာသီယာက သူတို့အစိုးရအဖွဲ့အနေနဲ့ လက်စားချေတာမျိုးလုပ်ဖို့ ကြိုးစားမှာမဟုတ်ဘဲ တရားဥပဒေစိုးမိုးရေးကို ပြန်အသက်သွင်းနိုင်ဖို့ကိုပဲ ဆောင်ရွက်သွားမှာပါလို့ ရှင်းလင်းပြောဆိုခဲ့ပါတယ်။ မဟာသီယာက သူဝန်ကြီးချုပ်ဖြစ်လာခဲ့ရင် လူထုအကြားရေပန်းမစားဖြစ်နေတဲ့ အခွန် (Goods and Services Tax-GST)ကို ဖျက်သိမ်းပြီး မူလကျင့်သုံးခဲ့တဲ့ အရောင်းခွန်ကိုပဲ ပြန်ကျင့်သုံးမယ်လို့ ကတိပြုထားတဲ့အတွက် မဟာသီယာရဲ့ ဝန်ကြီးချုပ်အဖြစ် ပထမဆုံး ရုံးတက်တဲ့ဓာတ်ပုံတွေ၊ ဗီဒီယိုတွေဟာ လူမှုမီဒီယာတွေမှာ ချက်ချင်းဆိုသလို ပျံ့နှံ့ခဲ့ပါတယ်။ မဟာသီယာက သူဦးဆောင်ခဲ့တဲ့ မျှော်လင့်ချက်မဟာမိတ်အဖွဲ့ဝင် ပါတီသုံးခုရဲ့ အကြီးအကဲတွေကို အစိုးရအဖွဲ့ရဲ့ အရေးကြီးတဲ့ ဝန်ကြီးဌာနသုံးနေရာမှာ ဝန်ကြီးတွေအဖြစ် ခန့်အပ်ခဲ့ပါတယ်။

**မွေးရာပါ ခေါင်းဆောင်ဗီဇအစွမ်းသတ္တိတွေ ပါလာတဲ့ မဟာသီယာနဲ့ အန်ဝါအီဗရာဟင်တို့ဟာ ရန်သူတော်တွေဖြစ်ခဲ့ကြပေမယ့်လည်း တိုင်းပြည်ရဲ့ သမိုင်းလမ်းကြောင်းသစ်အတွက် မဖြစ်နိုင်ဘူးလို့ ထင်မှတ်ခဲ့တဲ့ လက်တွဲ ပူးပေါင်းမှုကို ဆောင်ရွက်ကြရတော့မှာပါ။**

ပီနန်ပြည်နယ်ရဲ့ ဝန်ကြီးချုပ်ဖြစ်တဲ့ လင်ဂွါအန်း (Lim Guuan Eng)ဟာ ဘဏ္ဍာရေးဝန်ကြီး ဖြစ်လာမှာပါ။ ဘဏ္ဍာရေးဝန်ကြီးတာဝန်ဟာ နာဂျစ်ရာဇတ် ဝန်ကြီးချုပ်တာဝန်မယူခင် ထမ်းဆောင်ခဲ့တဲ့ ရာထူးတာဝန်ပါ။ ဖွံ့ဖြိုးတိုးတက်မှုဖန်တီးရေးကုမ္ပဏီ (1MDB) ကိစ္စမှာ သူ့ကို ဆန့်ကျင်ခဲ့တဲ့အတွက် နာဂျစ်ရာဇတ်က ရာထူးကနေ ဖြုတ်ခဲ့တဲ့ ဒုတိယဝန်ကြီးချုပ်ဟောင်း မူဟီဒင်ယာဆင် (Muhyiddin Yassin) က ဩဇာအာဏာကြီးတဲ့ ပြည်ထဲရေးဝန်ကြီးတာဝန်ကို ထမ်းဆောင်မှာပါ။ မျှော်လင့်ချက်မဟာမိတ်အဖွဲ့က ဥပဒေရေးရာပြောင်းလဲမှုတွေဆောင်ရွက်ဖို့ ရှိပါတယ်။ အရေးကြီးတဲ့ ဥပဒေရေးရာပြောင်းလဲမှုကတော့ ဝန်ကြီးချုပ်တွေနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေရဲ့ ရာထူးသက်တမ်းကို သက်တမ်းနှစ်ဆက်ထက် ပိုခွင့်မပြုတဲ့ဥပဒေကို ပြဋ္ဌာန်းဖို့ပါ။ စီးပွားရေးဆိုင်ရာ မူဝါဒတွေမှာတော့ အစိုးရအဖွဲ့သစ်က ဘယ်လောက်အတိုင်းအတာအထိ ပြုပြင်ပြောင်းလဲမှုတွေလုပ်မလဲဆိုတာက ရှင်းရှင်းလင်းလင်း မရှိသေးပါဘူး။

မျှော်လင့်ချက်မဟာမိတ်အဖွဲ့ရဲ့ အခွန်နဲ့ လောင်စာဆီ အစိုးရထောက်ပံ့မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ပြန်ရုပ်သိမ်းရေးမူဝါဒတွေကြောင့် အစိုးရအဖွဲ့သစ်ဟာ ဘတ်ဂျက်လိုငွေကြုံတွေ့ရနိုင်တယ်လို့ ချေးငွေပြန်ပေးဆပ်နိုင်စွမ်းကို သတ်မှတ်ဆုံးဖြတ်ပေးတဲ့ ကမ္ဘာ့အကြီးဆုံးကုမ္ပဏီတစ်ခုဖြစ်တဲ့ Fitch Rating ကပြောကြားခဲ့ပါတယ်။ မဟာသီယာရဲ့ အစိုးရသစ်လက်ထက်မှာ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးကို ဘယ်လို ကိုင်တွယ်မလဲ ဆိုတဲ့ ကိစ္စကလည်း လူအများက စိတ်ဝင်တစား စောင့်ကြည့်နေတဲ့ ကိစ္စပါ။ နာဂျစ်ရာဇတ် အစိုးရလက်ထက်မှာ တရုတ်နိုင်ငံနဲ့ ချုပ်ဆိုခဲ့တဲ့ လုပ်ငန်းစီမံကိန်းတွေရဲ့ စည်းကမ်းချက်တွေကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ပြောင်းလဲရမယ်လို့ မဟာသီယာက ခိုင်ခိုင်မာမာ ရပ်တည်ပြောကြားခဲ့တာပါ။ မဟာ့မဟာ လုပ်ငန်းစီမံချက်ကြီးတွေအတွက် တရုတ်နိုင်ငံဆီက ချေးယူခဲ့တဲ့ ချေးငွေတွေကို ပြန်မပေးဆပ်နိုင်ခဲ့ရင် အမျိုးသားအချုပ်အခြာအာဏာအပေါ် ထိပါးလာမယ့်အရေးအပေါ် မဟာသီယာက သတိပေးပြောဆိုခဲ့တာပါ။

တချို့ လေ့လာသုံးသပ်မှုတွေကတော့ မဟာသီယာရဲ့ ဒီရပ်တည်ချက်ဟာ သူအစဉ်အဆက် ကိုင်စွဲခဲ့တဲ့ မလေးအမျိုးသားတွေရဲ့ အမျိုးသားရေးအကျိုးစီးပွားကာကွယ်ရေး မူဝါဒနဲ့ခံယူချက် တစ်ထပ်တည်းပါပဲလို့ ထောက်ပြကြပါတယ်။ နယ်ချဲ့ဗြိတိသျှခေတ် အုပ်ချုပ်ရေးကို ဝေဖန်တဲ့နေရာမှာပဲဖြစ်ဖြစ်၊ မျက်မှောက်ခေတ် တရုတ်နိုင်ငံနဲ့ စီးပွားရေးဆက်ဆံမှုတွေအပေါ် ဝေဖန်တဲ့နေရာမှာပဲဖြစ်ဖြစ် မဟာသီယာဟာ အမျိုးသားရေးစိတ်ဓာတ် ပြင်းပြင်းထန်ထန်နဲ့ ပြောဆိုလုပ်ကိုင်ခဲ့တယ်လို့ ယူဆကြတာပါ။

မကြာခင် အသက် ၉၃ နှစ် ပြည့်တော့မယ့် မဟာသီယာဟာ ဗြိတိန်နိုင်ငံရဲ့ ပဋ္ဌမမြောက် ဂျော့ဘုရင်လက်ထက်မှာ မွေးဖွားခဲ့တာဖြစ်ပြီး ကိုလိုနီခေတ် လွတ်လပ်ရေးကြိုးပမ်းမှုခေတ်က မွေးဖွားပေးခဲ့တဲ့ နောက်ဆုံးလက်ကျန် နိုင်ငံရေးသမားတွေထဲက တစ်ဦးပါ။ တရုတ်နိုင်ငံအပေါ် ဝေဖန်မှုတွေပြုလုပ်ခဲ့ပေမယ့် မဟာသီယာဟာ တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်း (OBOR)ကို ထောက်ခံပါတယ်။ ဒီတစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်း (OBOR) ကို အကြောင်းပြုပြီး ရင်းနှီးမြှုပ်နှံမှုအများအပြားရမယ့် နိုင်ငံတွေထဲမှာ မလေးရှားနိုင်ငံလည်း ပါပါတယ်။ ဒါပေမယ့်လည်း မဟာသီယာက တောင်တရုတ်ပင်လယ်ပြင်မှာ ပြုလုပ်နေတဲ့ တရုတ်နိုင်ငံရဲ့ စစ်ရေးတိုးချဲ့မှုတွေကိုတော့ ဆန့်ကျင်သတိပေးခဲ့တာပါ။ မီဒီယာကို ပြောကြားခဲ့တဲ့ မဟာသီယာရဲ့ မှတ်ချက်က တိုတိုနဲ့ ထိရောက်ပါတယ်။ "စစ်သင်္ဘောဆိုတာ စစ်သင်္ဘောတွေကို ဖိတ်ခေါ်မှာပါ"တဲ့။

မလေးရှားနိုင်ငံရဲ့ ဒီသမိုင်းအချိုးအကွေ့မှာ အများက စိတ်ဝင်တစား စောင့်ကြည့်နေတာက အန်ဝါအီဗရာဟင်ရဲ့ နိုင်ငံရေးကံကြမ္မာပါ။ အန်ဝါအီဗရာဟင်ကို ၂၀၁၄ ခုနှစ်မှာ နိုင်ငံရေးတိုက်ကွက်ဖော်ပြီး လိင်တူဆက်ဆံတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ အကျဉ်းချခဲ့တာပါ။ ဆေးရုံမှာ အန်ဝါအီဗရာဟင်က မဟာသီယာရဲ့ ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းကျိန်နေတာကို ကြည့်နေတဲ့ပုံဟာ လူမှုမီဒီယာကွန်ရက်မှာ အတော်ကြီးကို ပျံ့နှံ့သွားခဲ့တာပါ။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ ခွဲစိတ်မှုပြုလုပ်ပြီးကတည်းက မဟာသီယာဟာ ဆေးရုံမှာ တက်နေခဲ့ရတာပါ။ အန်ဝါအီဗရာဟင် ဦးဆောင်တဲ့ Parti Keadilan Rakyat (PKR) ပါတီရဲ့ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦး ပြန်ပြောပြချက်အရ မဟာသီယာက ဝန်ကြီးချုပ်အသစ်အဖြစ် ကျမ်းကျိန်တဲ့အခါ အန်ဝါအီဗရာဟင်ဟာ အပျော်ကြီးပျော်ခဲ့ရတယ်လို့ ဆိုပါတယ်။ မဟာသီယာက အန်ဝါအီဗရာဟင်ကို လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ထောင်ကလွှတ်ပေးပြီး (အခုတော့ အန်ဝါအီဗရာဟင်ဟာ ထောင်က လွတ်လာပါပြီ) နိုင်ငံရေးမှာ ပါဝင်ခွင့်ပေးမယ်လို့ ကတိပေးထားတဲ့အတွက် တစ်ချိန်မှာ အန်ဝါအီဗရာဟင်ဟာ မလေးရှားနိုင်ငံရဲ့ အဋ္ဌမမြောက် ဝန်ကြီးချုပ်ဖြစ်လာမယ်လို့ မျှော်လင့်နေကြတာပါ။ အန်ဝါအီဗရာဟင်ဟာ ဝန်ကြီးချုပ်မဖြစ်ခင် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ပြီး အမတ်အဖြစ် ရွေးချယ်ခံရဖို့တော့ လိုပါတယ်။



မလေးရှားဝန်ကြီးချုပ်သစ် မဟာသီယာ မိုဟာမက်။

မဟာသီယာရဲ့ လက်ရှိအခန်းကဏ္ဍဟာ အန်ဝါအီဗရာဟင်အတွက် ဝန်ကြီးချုပ်နေရာကို ခေတ္တယာယီထိန်းထားပေးတဲ့ ပုဂ္ဂိုလ်သဘောမျိုးပါပဲ။ လိင်တူဆက်ဆံတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ထောင်ထဲထည့်လိုက်တဲ့ ၁၉၉၈ ခုနှစ်အထိ အန်ဝါအီဗရာဟင်ဟာ မဟာသီယာရဲ့ ဒုတိယဝန်ကြီးချုပ်ဖြစ်ခဲ့တာပါ။ နှစ်ပေါင်းများစွာ ရန်သူတော်တွေ ဖြစ်ခဲ့ပေမယ့် မဟာသီယာနဲ့ အန်ဝါအီဗရာဟင်ဟာ အာဃာတ အမုန်းတရားတွေကို ဘေးဖယ်ပြီး နာဂျစ်ရာဇတ်ရဲ့ အာဏာအလွဲသုံးစားလုပ်၊ အကျင့်ပျက် လာဘ်စားတာကို တိုက်ဖျက်ဖို့အတွက် လက်တွဲဆောင်ရွက်ခဲ့ကြတာပါ။ အန်ဝါအီဗရာဟင်ကို မုန်းထားတာထက်စောပြီး အကျဉ်းထောင်ကနေ လွှတ်ပေးခဲ့ပေမယ့် မဟာသီယာက နာဂျစ်ရာဇတ် လက်ထက်မှာ တိုင်းပြည်ကရခဲ့တဲ့ ဒဏ်ရာ ဒဏ်ချက်တွေကို ကုစားဖို့ သူ့အနေနဲ့ ဝန်ကြီးချုပ်တာဝန်မှာ နှစ်နှစ်၊ သုံးနှစ် လောက် ထမ်းဆောင်ဖို့ လိုအပ်တယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ လက်ရှိမှာတော့ အန်ဝါအီဗရာဟင်ရဲ့ ဇနီးဖြစ်တဲ့ ဝဲန်အဇိုင်းဇဝဲန်အသ်မိုင်းရယ်လ် (Wan Azizah Wan Is mail)က ဒုတိယဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်နေတာပါ။

စဉ်းစားထားတဲ့ အစီအစဉ်ကတော့ ဝဲန်အဇိုင်းဇဝဲန်အသ်မိုင်းရယ်လ်က အမတ်အဖြစ်က နုတ်ထွက်ပြီး ကြားဖြတ်ရွေးကောက်ပွဲကတစ်ဆင့် အန်ဝါအီဗရာဟင်က ဒုတိယဝန်ကြီးချုပ်တာဝန်ကို လွှဲပြောင်းထမ်းဆောင်ရမှာပါ။ မွေးရာပါခေါင်းဆောင်ဗီဇအစွမ်းသတ္တိတွေ ပါလာတဲ့ မဟာသီယာနဲ့ အန်ဝါအီဗရာဟင်တို့ဟာ ရန်သူတော်တွေ ဖြစ်ခဲ့ကြပေမယ့်လည်း တိုင်းပြည်ရဲ့ သမိုင်းလမ်းကြောင်းသစ်အတွက် မဖြစ်နိုင်ဘူးလို့ ထင်မှတ်ခဲ့တဲ့ လက်တွဲပူးပေါင်းမှုကို ဆောင်ရွက်ကြရတော့မှာပါ။ ရှေ့လာမယ့် လူတွေမှာ မလေးပြည်သူတွေကရော၊ ကမ္ဘာ့ပြည်သူတွေကပါ ပြဇာတ်ဆန်တဲ့ မလေးရှားနိုင်ငံရေးအလှည့်အပြောင်းကို စိတ်ဝင်တစား စောင့်ကြည့်နေကြမှာပါ။ ဖြစ်ပေါ်လာတော့မယ့် သမိုင်းသစ်အတွက် မလေးပြည်သူတွေ ရင်ခုန်စိတ်လှုပ်ရှားနေတာကတော့ အထူးတလည် ပြောစရာမလိုတော့ပါဘူး။ ။

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ

မေနှင်းအေး

တရားဝင်အသုံးအနှုန်းမှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံလို့ ဆိုကြပေမယ့် အရပ်စကားမှာတော့ အဆင်းရဲဆုံးနိုင်ငံလို့လည်း ခေါ်ကြပါတယ်။ လူတွေမှာ ဆိုရင်တော့ လူမွဲစာရင်းဝင်တယ် ပြောမှာပါ။ ဖွံ့ဖြိုးပြီးနိုင်ငံ၊ ချမ်းသာသောနိုင်ငံဆိုတဲ့အုပ်စုနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ဆင်းရဲသောနိုင်ငံများရယ်လို့ အုပ်စုခွဲထားတဲ့အထဲမှာ ဖွံ့ဖြိုးမှုအနည်းဆုံး၊ အဆင်းရဲဆုံးနိုင်ငံဆိုတော့လည်း အောက်တန်းနောက်တန်းကျတဲ့ နိုင်ငံလို့ခေါ်ရင် မမှားပါဘူး။ လူတစ်ဦးချင်း ဆင်းရဲရင် မကောင်းသလို နိုင်ငံအနေနဲ့လည်း ဆင်းရဲတဲ့အခါ ပညာရေး၊ ကျန်းမာရေး ဘာမှမကောင်းဘဲ အင်အားနည်းတဲ့ နိုင်ငံဖြစ်သွားပါတယ်။ အင်အားနည်းတဲ့အတွက် ချမ်းသာတဲ့ နိုင်ငံကြီးတွေက ကူညီတာ၊ ပေးကမ်းတာ၊ အခွင့်အရေးတွေပေးတာမျိုးတော့ ရတာပေါ့။

၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်စေခဲ့တဲ့ လတ်တလော အကြောင်းတရားများ၊ အရင်းခံအကြောင်းတရားများ အများကြီးရှိတဲ့အထဲမှာ ၁၉၈၇ ခုနှစ်က မြန်မာနိုင်ငံကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းသွင်းခဲ့လိုက်တာလည်း အကြောင်းရင်းတစ်ရပ်အဖြစ် ဆက်စပ်ပါဝင်ပါတယ်။ မြန်မာနိုင်ငံ အနေအထားနဲ့ အဆင်းရဲဆုံးဖြစ်သွားရတယ်ဆိုတာ နိုင်ငံချစ်သူတိုင်း ယူကျုံးမရဖြစ်ကြရပါတယ်။ ဒီအဖြစ်အတွက် တာဝန်ရှိသူတွေကို ပြစ်တင်မဆုံး ဖြစ်ကြရပါတယ်။

ဒါပေမယ့် အဆင်းရဲဆုံးနိုင်ငံအဖြစ် ခံယူတယ်ဆိုတာတောင် ခံယူချင်တိုင်း ခံယူလို့ရတာ မဟုတ်ပါဘူး၊ သူ့သတ်မှတ်ချက်တွေ ပြည့်မီရပါတယ်။ ၁၉၈၇ ခုနှစ်တုန်းက မြန်မာနိုင်ငံရဲ့အခြေအနေက အထူးသဖြင့် ပညာရေးမှာ ဒီလောက်အခြေအနေမဆိုးပေမယ့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် ဖွံ့ဖြိုးမှုအကူအညီတွေ၊ သက်သာခွင့်တွေ ရနိုင်တာရှိလို့ ကုလသမဂ္ဂဘက်က လက်ခံအောင်ပြောဆိုညှိနှိုင်းပြီး ခံယူခဲ့ရတာလို့ အဲဒီအဖြစ်အပျက်ကို သိမီသူတွေက ပြောဆိုကြတာလည်း ကြားဖူးပါတယ်။ အဆင်းရဲဆုံးနိုင်ငံ သတ်မှတ်ချက်တွေ ကိုက်ညီလွန်းလို့ မဟုတ်ဘဲ အခွင့်အရေးတွေရစရာရှိလို့ ခံယူလိုက်တာပါလို့ ဆိုကြပေမယ့် ၁၉၈၈ အရေးအခင်းနောက်ပိုင်း အခြေအနေတွေ၊ နိုင်ငံတကာ ပိတ်ဆို့ကန့်သတ်မှုတွေ၊ စီမံခန့်ခွဲမှု အလွဲတွေနဲ့ နိုင်ငံက တကယ့်ကို ဆင်းရဲသွားခဲ့တာတော့ မျက်မြင်အခြေအနေပါပဲ။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်လို့ ကောင်းတဲ့အချက်တွေကတော့ ကုလသမဂ္ဂနဲ့ အဖွဲ့အစည်းအသီးသီးမှ ထည့်ဝင်ရတဲ့ ထည့်ဝင်ကြေးတွေကို အနည်းဆုံးနှုန်းထားနဲ့ ကောက်ခံလို့ သက်သာပါတယ်။ အစည်းအဝေးတွေ တက်ဖို့ ကိုယ်စားလှယ်တစ်ဦးစရိတ်ကို ပြန်လည်ထောက်ပံ့ပါတယ်။ ချမ်းသာတဲ့နိုင်ငံတွေကပေးတဲ့ တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအကူအညီနဲ့ ကုန်သွယ်မှု ဦးစားပေး အခွင့်အရေးတွေ ရပါတယ်။ ဆိုးကျိုးတွေကတော့ အဆင်းရဲဆုံးနိုင်ငံအဖြစ် မျက်နှာငယ်ရတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာ ယုံကြည်ခံရမှုနည်းတယ်။ စွန့်စားရင်းနှီးမြှုပ်နှံရတဲ့ နိုင်ငံလို့ သတ်မှတ်ထားလို့ သိပ်မလာချင်ကြဘူး။ ငွေချေးပြီး စီးပွားရေးလုပ်မယ်ဆိုရင်လည်း ဆပ်နိုင်ပါ့မလားလို့ အယုံအကြည်နည်းတဲ့အတွက် မချေးချင်တာ၊ အတိုးနှုန်းမြင့်တာတွေ ကြုံရပါတယ်။

ဒါကြောင့်လည်း ၂၀၁၀ ပြည့်နှစ်မှာ တက်လာတဲ့ အစိုးရလက်ထက်မှာ အဆင်းရဲဆုံးနိုင်ငံစာရင်းက လွတ်မြောက်ဖို့ အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့ပါတယ်။ ဒါပေမယ့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းဆိုတာကို ဝင်ချင်တိုင်းဝင်လို့ မရသလို ထွက်ချင်တိုင်းလည်း ထွက်လို့မရပါဘူး။ သူ့စံနှုန်းတွေ စောင့်ကြည့်ရမယ့် ကာလတွေ ရှိပါတယ်။ ပြီးတော့ ဝင်ငွေနဲ့ စီးပွားရေးတိုးတက်မှုသာမက လူမှုရေး၊ ကျန်းမာရေးလိုအပ်ချက်တွေ ပြည့်မီတာ၊ စီးပွားရေးအခြေခံကောင်းရှိပြီး တည်ငြိမ်တာ၊ ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ရှိတာတွေကိုပါ ထည့်စဉ်းစားမှ ဖွံ့ဖြိုးမှုစံတွေနဲ့ ပြည့်စုံနိုင်တာ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် မတ်လမှာ ကျင်းပတဲ့ ကုလသမဂ္ဂ စီးပွားရေးနဲ့ လူမှုရေးကောင်စီအောက်က ဖွံ့ဖြိုးမှု မူဝါဒကော်မတီရဲ့ အကြိမ်(၂၀)မြောက် အစည်းအဝေးမှာ မြန်မာနိုင်ငံအနေနဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်က လွတ်မြောက်ဖို့ လိုအပ်တဲ့သတ်မှတ်စံနှုန်းတွေနဲ့ ပထမဆုံးအကြိမ် ပြည့်မီတယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါကြောင့် မေလအတွက် ထုတ်ပြန်တဲ့အစီရင်ခံစာမှာ အတည်ပြုခဲ့ပါတယ်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေကို အထူးအကူအညီတွေ ပေးနိုင်အောင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဆင့်ဆိုတာကို ၁၉၇၁ ခုနှစ်က စတင်သတ်မှတ်ခဲ့ပြီး အဲဒီအချိန်က ၂၅ နိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်ပါတယ်။ အခုအခါမှာတော့ နိုင်ငံပေါင်း ၄၇ နိုင်ငံ (အာဖရိက ၃၃+ အာရှပစိဖိတ် ၁၃+ လက်တင်အမေရိက ၁) စုစုပေါင်း လူဦးရေ သန်း ၈၈၀ ဖြစ်ပါတယ်။ ကမ္ဘာ့ လူဦးရေရဲ့ ၁၂ ရာခိုင်နှုန်းရှိတဲ့ သူတွေက ကမ္ဘာ့ဂျီဒီပီရဲ့ နှစ်ရာခိုင်နှုန်း၊ ကုန်သွယ်မှုရဲ့ တစ်ရာခိုင်နှုန်း အကျိုးစီးပွားကိုပဲရရှိတဲ့ ကမ္ဘာ့ဖွံ့ဖြိုးမှုရေစီးကြောင်းထဲမှာ မပါနိုင်တဲ့၊ ဘေးရောက်နေတဲ့ အင်အားစုတွေဖြစ်ပါတယ်။ သူတို့တွေ ဖွံ့ဖြိုးလာဖို့ ကုလသမဂ္ဂစီးပွားရေးနဲ့ လူမှုရေးကောင်စီက ထိပ်တန်းစီးပွားရေးပညာရှင် ၂၄ ဦး ပါဝင်တဲ့ ဖွံ့ဖြိုးမှုမူဝါဒကော်မတီကို သုံးနှစ်သက်တမ်းနဲ့ ဖွဲ့စည်း တာဝန်ပေးထားပြီး ဒီနိုင်ငံတွေကို ကူညီရပါတယ်။ ဖြစ်ပေါ်တိုးတက်မှုတွေကိုလည်း သုံးနှစ် တစ်ကြိမ် သုံးသပ်အစီရင်ခံစာ ထုတ်ပြန်ရပါတယ်။ ဒီအစီရင်ခံစာအရ ဘယ်နိုင်ငံကတော့ ဖွံ့ဖြိုးမှုအခြေအနေ ကောင်းလာနေတယ်၊ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဆင့်ကနေ လွတ်မြောက်သင့်ပြီဆိုတာ ဆုံးဖြတ်ပါတယ်။ ၂၀၀၅ ခုနှစ်ကစလို့ ဖွံ့ဖြိုးမှုကို တိုင်းတာတဲ့နေရာမှာ တစ်ဦးချင်းဝင်ငွေ၊ လူ့စွမ်းအားဖွံ့ဖြိုးမှု ညွှန်းကိန်း၊ စီးပွားရေးထိခိုက်လွယ်မှု ညွှန်းကိန်းဆိုတဲ့ စံနှုန်းသုံးခုနဲ့ တိုင်းတာပါတယ်။ ဒီစံတွေ တွက်ချက်ပုံတွေကလည်း ဆယ်စုနှစ်များစွာအတွင်း အပြောင်းအလဲ ရှိပါတယ်။ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်က လွတ်မြောက်ဖို့ နိုင်ငံတစ်ခုဟာ ဒီစံနှုန်းသုံးခုစလုံးနဲ့ ပြည့်မီရမယ်၊ ဒါမှမဟုတ် တစ်ဦးချင်းဝင်ငွေမှာ နှစ်ဆပြည့်မီရမယ်လို့ ဆိုထားပါတယ်။ ဒီသတ်မှတ်ချက်တွေကို နှစ်ကြိမ်ပြည့်မီမှ ဖွံ့ဖြိုးမှုမူဝါဒကော်မတီက ကုလသမဂ္ဂအထွေထွေညီလာခံကို ထောက်ခံတင်ပြပေးပြီး အဆုံးအဖြတ်ပေးနိုင်ပါတယ်။ အထွေထွေညီလာခံက အသိအမှတ်ပြုပြီးရင် အသွင်ကူးပြောင်းရေးကာလ သုံးနှစ်ရှိပါသေးတယ်။ ဒါကြောင့် စတင်ပြည့်မီတဲ့ ကာလကနေ အနည်းဆုံး ခြောက်နှစ်ကြာမှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းက လွတ်ပါတယ်။ ဒီကြားထဲ အခြေအနေတွေအလိုက် စောင့်ကြည့်တဲ့ ပြင်ဆင်တဲ့ကာလကိုလည်း သက်တမ်းတိုးနိုင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ ၂၀၁၈ ခုနှစ်ကနေ နောက် ခြောက်နှစ် ၂၀၂၄ ခုနှစ်မှာ အဆင်းရဲဆုံး နိုင်ငံစာရင်းက အစောဆုံးလွတ်နိုင်ပြီလို့ ပြောလို့ရပါတယ်။

ကုလသမဂ္ဂဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေထဲမှာ ၂၀၁၁-၂၀၂၀ ပြည့်နှစ် အီစတန်ဘူလ်လုပ်ငန်း စီမံချက်အရ ဆင်းရဲမှုလျှော့ချရေး၊ နိုင်ငံတကာဖွံ့ဖြိုးမှု ကတိကဝတ်များ ဖော်ဆောင်ရေး၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ အရေအတွက်ကို ၂၀၂၀ ပြည့်နှစ်တွင် တစ်ဝက်တိတိလျှော့ချရေးဆိုတာတွေပါ ပါတယ်။ ဦးစားပေးကဏ္ဍ ရှစ်ခုနဲ့ ဆောင်ရွက်စရာ အစီအစဉ် ၂၅၁ ခုရှိပါတယ်။ ၁၉၇၁ ခုနှစ် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ သတ်မှတ်မှု စတင်ဆောင်ရွက်ကတည်းက အခုအချိန်အထိ ငါးနိုင်ငံသာ ဒီစာရင်းထဲက လွတ်မြောက်ပါသေးတယ်။ စံနှုန်းတွေ ဒုတိယအကြိမ် ပြည့်မီထားတဲ့ နီပေါ၊ ဘူတန်၊ အရှေ့တီမောတို့အပါအဝင် ငါးနိုင်ငံ ရှိပါတယ်။ ဒီအခြေအနေအရတော့ ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံ စာရင်းက လွတ်မြောက်မယ့်နိုင်ငံ ဆယ်နိုင်ငံအောက်သာရှိလို့ အီစတန်ဘူလ် မျှော်မှန်းချက်တွေဟာ ၂၀၂၀ ပြည့်နှစ်မှာ မပြည့်မီနိုင်သေးဘူးလို့ ပြောနိုင်ပါတယ်။ ဒါကြောင့် လက်ရှိဆောင်ရွက်နေတဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များနဲ့အညီ ၂၀၃၀ ပြည့်နှစ်မှာ ပြည့်မီစေဖို့ ဆက်လက်ဆောင်ရွက်နေကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၂၀၀၉ ခုနှစ်မှာ လူ့စွမ်းအားဖွံ့ဖြိုးမှုညွှန်းကိန်းနဲ့ စီးပွားရေး ထိခိုက်လွယ်မှုညွှန်းကိန်းတို့ ပြည့်မီခဲ့ပြီး ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်မှာ လူ့စွမ်းအားဖွံ့ဖြိုးမှု ညွှန်းကိန်းတစ်ခုတည်းကိုသာ ပြည့်မီပါတယ်။ အခု ၂၀၁၈ ခုနှစ်ကျမှသာ စံနှုန်း သုံးခုစလုံးနဲ့ ပထမဆုံးအကြိမ် ပြည့်မီတာ ဖြစ်ပါတယ်။ အညွှန်းကိန်းတွေကို တွက်ချက်ရာမှာလည်း ပညာရေး၊ ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ကိုယ်ဝန်ဆောင်နဲ့ကလေး ဖွား၊ သေနှုန်း၊ သဘာဝဘေး၊ စီးပွားရေး တည်ငြိမ်မှုကဏ္ဍအသီးသီးကို ထည့်သွင်းစဉ်းစားပြီး အနှစ် ၂၀ လောက်အတွင်း ကောက်ခံထားတဲ့ အချက်အလက်တွေကို အသုံးပြုပါတယ်။ ၂၀၁၈ ခုနှစ်အတွက် ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံက လွတ်မြောက်ဖို့ သတ်မှတ်ချက်တွေက တစ်ဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၃၀၊ လူ့စွမ်းအားဖွံ့ဖြိုးမှု ညွှန်းကိန်း ၆၆ နဲ့ စီးပွားရေးထိခိုက်လွယ်မှုညွှန်းကိန်း ၃၂ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ရရှိထားတာက တစ်ဦးချင်းဝင်ငွေ ၁၂၅၅၊ လူ့စွမ်းအားဖွံ့ဖြိုးမှု ညွှန်းကိန်း ၆၈ ဒသမ ၅၊ စီးပွားရေး ထိခိုက်လွယ်မှုညွှန်းကိန်း ၃၁ ဒသမ ၇ တို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီအဆင့်အတန်းကို ၂၀၂၁ ခုနှစ်အထိ ထိန်းထားနိုင်တယ်ဆိုရင် ၂၀၂၄ ခုနှစ်မှာ ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံက လွတ်မြောက်ပြီလို့ ဆိုနိုင်ပါတယ်။ အခု ၂၀၁၈ ခုနှစ်မှာ မြန်မာနဲ့အတူ ဘင်္ဂလားဒေ့ရှ်နဲ့ လာအိုတို့လည်း ပြည့်မီလာတာဖြစ်လို့ မြန်မာနိုင်ငံအနေနဲ့ ဖွံ့ဖြိုးမှုအရှိန်ကို ဆက်မထိန်းနိုင်ရင် ၂၀၂၄ ခုနှစ်မှာ ဘင်္ဂလားဒေ့ရှ်နဲ့ လာအိုက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်က လွတ်မြောက်ပြီး မြန်မာကျန်ခဲ့မယ်ဆိုရင် ၁၉၈၈ ခုနှစ်တုန်းကလို နိုင်ငံရေးအရ ကြီးမားတဲ့ ရိုက်ခတ်မှု ခံရနိုင်ပါတယ်။

ဒီနေရာမှာ တချို့က ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ မဟုတ်တော့ရင် အခုရနေတဲ့ ခံစားခွင့်တွေ မရတော့ရင် ပိုဆိုးသွားမလား စိုးရိမ်ကြတာလည်း ရှိပါတယ်။ ဒီနေရာမှာ အရေးအကြီးဆုံးကတော့ အဆင့်ဆင့် ချိန်ကိုက်ဆောင်ရွက်မှုပဲဖြစ်တယ်လို့ စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြောပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၈၇ ခုနှစ်ကတည်းက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်ကို ရောက်ခဲ့ပေမယ့် နိုင်ငံရေးအရ ပိတ်ပင်ကန့်သတ်ချက်တွေကြောင့် ဖွံ့ဖြိုးတိုးတက်မှု အကူအညီတွေ ရသင့်သလောက် မရခဲ့ပါဘူး။ ကုန်သွယ်မှု အခွင့်အရေးတွေ ပေးရမယ်ဆိုပေမယ့် စီးပွားရေးပိတ်ဆို့တာတွေခံခဲ့ရပါတယ်။ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်း ကန့်သတ်မှုတွေ၊ လျှော့ချစျေးကွက်တွေ ဖွင့်ပေးပေမယ့် နည်းပညာ နောက်ကျမှု၊ အခြေခံအဆောက်အအုံ အားနည်းမှုတွေနဲ့ ထုတ်ကုန်တိုးမြှင့်ဖို့လည်း အားနည်းခဲ့ပါတယ်။ ကုန်သွယ်မှု အခွင့်အလမ်းတွေ ပေးနေပေမယ့် ကိုယ်က ကုန်သွယ်စရာ ထွက်ကုန်မရှိရင်လည်း ဒီအခွင့်အရေးက အလကားပါ။ အဖွဲ့ဝင်ကြေး ထည့်သွင်းရတာ သက်သာပေမယ့် ဒီအဖွဲ့ဝင်အဖြစ်ကို စနစ်တကျ မသုံးနိုင်ရင် အလကားပါ။ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေ အနေနဲ့ ကမ္ဘာ့ကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးမှုနယ်ပယ်ထဲမှာ သင်ယူကြိုးပမ်းစရာတွေ အများကြီး ရှိပါသေးတယ်။ ဒီကြားထဲက အခု ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံအဆင့်က လွတ်မြောက်ဖို့ လိုအပ်ချက်တွေ ပြည့်မီလာနေပါပြီ။ တကယ်တော့ မြန်မာနိုင်ငံရဲ့ သဘာဝ အနေအထား၊ အရင်းအမြစ်ကြွယ်ဝမှု၊ မြန်မာလူမျိုးတွေရဲ့ ပညာသင်ယူ တတ်မြောက်နိုင်မှုတွေနဲ့ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံဖြစ်ရတယ်ဆိုတာ မဖြစ်သင့်တဲ့ အနေအထားပါ။

မြန်မာနိုင်ငံဟာ လူသားအရင်းအမြစ် အပါအဝင် နိုင်ငံရဲ့ သဘာဝအရင်းအမြစ်တွေကို စနစ်တကျ စီမံခန့်ခွဲနိုင်ရင် ဒေသတွင်းမှာ ထိပ်တန်းနိုင်ငံတစ်ခု ဖြစ်လာရမှာပါ။ ဒီလမ်းကြောင်းပေါ်မှာ ဘာကြောင့် မကြိုးစားရမှာလဲ။ လက်ရှိ မြန်မာနိုင်ငံရဲ့ အမျိုးသားဖွံ့ဖြိုးမှု မဟာဗျူဟာကလည်း ဒီနိုင်ငံတကာ မျှော်မှန်းချက်တွေနဲ့ အညီ ရေးဆွဲထားတာ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ ခြောက်နှစ်လောက်အတွင်း ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ် အခွင့်အရေးတွေ ရသလောက် အသုံးချမယ်။ နိုင်ငံရဲ့ စီးပွားရေးအသွင်ပြောင်းတာ၊ စီးပွားရေးအခြေခံ အဆောက်အအုံတွေ ထူထောင်တာ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ထွက်ကုန်တိုးမြှင့်ရေး ဆိုတာတွေကို နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံတွေနဲ့ ပူးပေါင်းပြီး ထိထိရောက်ရောက် ဆောင်ရွက်မယ်ဆိုရင် ၂၀၂၄ အလွန်ကာလမှာ သူတစ်ပါး အထောက်အပံ့ကို မျှော်ကိုးပြီး ထူထောင်နေစရာ မလိုတော့ပါဘူး။ ဒီအခွင့်အလမ်းတွေ သုံးပြီး လျင်လျင်မြန်မြန် ဖွံ့ဖြိုးဖို့ ကြိုးစားမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ် လှပတဲ့ အိပ်မက်တွေ မက်နိုင်တော့မှာပါ။

ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်က လွတ်မြောက်ဖို့ လမ်းစတွေ ပေါ်နေပါပြီ။ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ကြပါစို့။ ။

> **“၂၀၁၈ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ ခြောက်နှစ်လောက်အတွင်း ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံအဖြစ် အခွင့်အရေးတွေ ရသလောက် အသုံးချမယ်။ နိုင်ငံရဲ့ စီးပွားရေးအသွင်ပြောင်းတာ၊ စီးပွားရေးအခြေခံအဆောက်အအုံတွေ ထူထောင်တာ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ထွက်ကုန်တိုးမြှင့်ရေးဆိုတာတွေကို နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံတွေနဲ့ ပူးပေါင်းပြီး ထိထိရောက်ရောက် ဆောင်ရွက်မယ်ဆိုရင် ၂၀၂၄ အလွန်ကာလမှာ သူတစ်ပါး အထောက်အပံ့ကို မျှော်ကိုးပြီး ထူထောင်နေစရာ မလိုတော့ပါဘူး။ ဒီအခွင့်အလမ်းတွေ သုံးပြီး လျင်လျင်မြန်မြန် ဖွံ့ဖြိုးဖို့ ကြိုးစားမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ် လှပတဲ့ အိပ်မက်တွေ မက်နိုင်တော့မှာပါ။”**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဆွစ်ဇာလန်တွင် ကျင်းပသည့် (၇၁)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်

**နေပြည်တော် မေ ၂၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် အဖွဲ့ဝင်များသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ Palais Des Nation ၌ မေ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် (၇၁)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးညီလာခံကို အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၄ နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ ဂျီနီဗာမြို့အခြေစိုက် အမြဲတမ်းအဖွဲ့ဝင်သံရုံးများမှ သံအမတ်ကြီးများ၊ အလှူရှင်အဖွဲ့များနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးများ၊ UN အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(၇၁)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဇင်ဘာဘွေနိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. David Parirenyatwa၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Tedros နှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတ Mr. Alain Berset တို့က အဖွင့်မိန့်ခွန်းများ ပြောကြားကြသည်။




ပြည်ထောင်စုဝန်ကြီးသည် Towards Universal Coverage with HIV Prevention Services in Commodities Side Event သို့ တက်ရောက်၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် Global HIV Prevention Coalition သို့ ဝင်ခွင့်ရသည့်အတွက် အထူးကျေနပ်မိပါကြောင်း၊ HIV / AIDS ဖြစ်ပွားမှုပုံစံမှာ နေရာဒေသအလိုက် လည်းကောင်း၊ ဖြစ်ပွားသည့် လူအစုအဖွဲ့အလိုက် လည်းကောင်း၊ ပြည်တွင်း၌ လူများပြောင်းရွှေ့သွားလာ အလုပ်လုပ်ကိုင်ခြင်းများသည် လည်းကောင်း နေရာဒေသအချိန်အခါအရ ပြောင်းလဲလာသဖြင့် ဤအချက်များကို မိမိတို့သိရှိပြီး လိုက်လျောညီထွေရှိသည့် မဟာဗျူဟာ၊ နည်းဗျူဟာများကို ကျင့်သုံး၍ ဤရောဂါကို တိုက်ဖျက်လျက်ရှိပါကြောင်း၊ WHO, UNAIDS, the Global Fund တို့၏ ပံ့ပိုးမှုများကြောင့် အောင်မြင်မှုများရရှိခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်ကုသရေးဌာနများ တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ HIV / AIDS ကာကွယ်ရေးလုပ်ငန်းများ အောင်မြင်ရန်မှာ ပြည်သူလူထု၌ ကျန်းမာရေးအသိပညာ မြင့်မားမှုနှင့် တိုက်ရိုက်ပတ်သက်မှုရှိပါသဖြင့် ဤအချက်များကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ဦးဆောင်ပူးပေါင်းကျင်းပသည့် Country led and Country owned efforts on Malaria Elimination to achieving UHC နှင့် Ministerial call for action to eliminate Malaria in GMS by 2030 အခမ်းအနားသို့ တက်ရောက်တင်ပြဆွေးနွေးပြောကြားပြီး call for action ကို လက်မှတ်ရေးထိုးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဂျီနီဗာမြို့သို့ ရောက်ရှိနေစဉ်အတွင်း စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးက ဦးစီးကျင်းပသည့် Informal ASEAN Breakfast Gathering အခမ်းအနားနှင့် ညပိုင်းတွင် အိန္ဒိယနိုင်ငံ ကျန်းမာရေးနှင့် မိသားစုရေးရာဝန်ကြီးက ဦးဆောင်တည်ခင်းသည့် အလုပ်သဘောညစာစားပွဲများသို့ တက်ရောက်ခဲ့ပြီး မကူးစက်တတ်သော နာတာရှည်ရောဂါများ ကာကွယ်ကုသရေး၊ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် နိုင်ငံနှင့်ကိုက်ညီသော Health Financing တစ်ရပ် အမြန်ဆုံးထူထောင်နိုင်ရေးအတွက် အမြင်ချင်းဖလှယ် ညှိနှိုင်းဆွေးနွေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူး Dr. Poonam Singh နှင့်တွေ့ဆုံ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံအတွက် ရရှိသော ရန်ပုံငွေရရှိသုံးစွဲမှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နည်းပညာပိုင်းဆိုင်ရာ ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ Nippon Foundation ဥက္ကဋ္ဌ Mr. Sasakawa နှင့်တွေ့ဆုံ၍ တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာကြီးရောဂါပပျောက်ရေးအတွက် ရေရှည်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများ အကူအညီပေးရေးကိစ္စများကို လည်းကောင်း၊ ကမ္ဘာ့ရန်ပုံငွေ (the Global Fund) ဌာနချုပ်မှ အကြီးတန်းတာဝန်ခံအရာရှိကြီးများနှင့်တွေ့ဆုံပြီး တီဘီရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေများ ခွဲဝေချထားမှုကိစ္စများ၊ ကချင်ပြည်နယ်အတွင်း ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးကိုလည်းကောင်း၊ ကမ္ဘာ့ဘဏ်ဌာနချုပ်မှ အကြီးတန်းတာဝန်ခံအရာရှိကြီးများနှင့်တွေ့ဆုံပြီး ကမ္ဘာ့ဘဏ်ချေးငွေနှင့် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးလုပ်ငန်းများ ပိုမိုအကျိုးရှိစွာ ဆောင်ရွက်နိုင်ရေးကိစ္စများကို လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အထူးကိစ္စရပ်များဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူးချုပ် Dr. Ranieri Guerra နှင့်အဖွဲ့ကို တွေ့ဆုံ၍ ပိုလီယိုရောဂါအမြစ်ပြတ်ချေမှုန်းရေးအတွက် Transition Plan ရေးဆွဲဆောင်ရွက်ရေးကိစ္စကိုလည်းကောင်း၊ Swedish International Development Cooperation Agency မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ Sida အကူအညီဖြင့် ဆောင်ရွက်မည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အသေးစိတ်ညှိနှိုင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ C/Can 2025: City Cancer Challenge အဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စီမံချက်အတွင်း မြန်မာနိုင်ငံမှ ပါဝင်သည့် ရန်ကုန်မြို့၌ ဆောင်ရွက်မည့်စီမံချက်များ အသေးစိတ်ရေးဆွဲရေး၊ တာဝန်ရှိသည့်အဖွဲ့အစည်းများအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ GE, Medtronic, Novartis နှင့် Varian Medical Systems များမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ၍ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်သင်ကြားပေးရေး၊ အခြေခံအဆောက်အအုံများ မြှင့်တင်ပေးရေး၊ ကုသရေးနှင့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို လည်းကောင်း အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် ကလေးသူငယ်များတွေ့ဆုံပွဲ ကျင်းပ

**နေပြည်တော် မေ ၂၆**

ကလေးသူငယ်များသည် အနာဂတ်တွင် လူကြီးများအဖြစ် နိုင်ငံ့တာဝန်အသီးသီးကို ပခုံးပြောင်းထမ်းဆောင်ကြမည်ဖြစ်ပြီး ယခုကဲ့သို့ ငယ်ရွယ်စဉ်ကတည်းက ၎င်းတို့နှင့် သက်ဆိုင်သောအခွင့်အရေးများကို သိရှိနားလည်ထားပြီး ရရှိခံစားကြရန်လိုပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည့် အမျိုးသားအဆင့် ကလေးသူငယ်များ တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

ဆက်လက်၍မြန်မာနိုင်ငံသည် ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးဆိုင်ရာ (UNCRC) အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကလေးသူငယ်များ၏ အခွင့်အရေးများကို ဖော်ဆောင်ပေးလျက်ရှိရာတွင် ပထမဦးစွာ ဥပဒေ၊ နည်းဥပဒေများ ချမှတ်ပြဋ္ဌာန်းကာ အမျိုးသားကော်မတီကို ဖွဲ့စည်းပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအခွင့်အရေး (၄)ရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါအခွင့်အရေးများကို နိုင်ငံတော်အနေဖြင့်မည်မျှအကောင်အထည်ဖော်ပြီးသည်ကို အမြဲဆန်းစစ်နေရမည်ဖြစ်ပြီး ရှင်သန်ခွင့်အနေဖြင့် ပဋိသန္ဓေနေစမှ စတင်၍ အကျုံးဝင်ပါကြောင်း၊ မိဘမရှိဘဲ မွေးဖွားလာသောကလေးမရှိပါကြောင်း၊ ၎င်းတို့ မစောင့်ရှောက်မှုကြောင့်သာ ရင်ခွင်မဲ့ကလေးများအဖြစ်သို့ ရောက်ရှိလာသည့်အတွက် နိုင်ငံတော်အနေဖြင့် ရင်ခွင်မဲ့ကလေးများမဖြစ်စေရေး၊ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကို လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွံ့ဖြိုးတိုးတက်ခွင့်အနေဖြင့် ကလေးတစ်ယောက်သည် နည်းမှန်လမ်းမှန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပြီး နိုင်ငံတော်အနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာများ ချမှတ်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စောင့်ရှောက်ခံပိုင်ခွင့်အနေဖြင့် ကလေးသူငယ်များ အကြမ်းဖက်ခံရခြင်း၊ အလွဲသုံးစားခံရခြင်း၊ လျစ်လျူရှုခံရခြင်း စသည်များမှ ကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်ပြီး တရားဥပဒေစိုးမိုးရေးကဏ္ဍသည် အရေးတကြီး လိုအပ်ပါကြောင်း။

ပါဝင်ခွင့်အနေဖြင့် ယနေ့ပြုလုပ်သော အမျိုးသားအဆင့် ကလေးသူငယ် တွေ့ဆုံပွဲသည် ပါဝင်ခွင့်ကို အကောင်အထည်ဖော်ပေးခြင်းဖြစ်ပြီး အလားတူ မိသားစုအတွင်း ပါဝင်ခွင့်၊ ပတ်ဝန်းကျင်တွင် ပါဝင်ခွင့်မှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် ပြည်ထောင်စုအတွင်းရှိ ကလေးသူငယ်အားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ ပူးပေါင်းပါဝင်ဆောင်ရွက်လိုသော စိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ရရန် လိုပါကြောင်း၊ ဖော်ပြပါ အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန် နိုင်ငံတော်မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသကဲ့သို့ အားလုံးမှာလည်း တာဝန်ရှိပြီး စုပေါင်းဆောင်ရွက်ကြခြင်းဖြင့် ငြိမ်းချမ်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။



အဆိုပါတွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ကလေးသူငယ် ၁၅၀၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ပြီး ကလေးသူငယ်များ၏ တင်ပြချက်များ၊ အမြင်များအပေါ် ဆွေးနွေးဖလှယ်ခြင်း၊ ကလေးသူငယ်များက အခွင့်အရေးဆိုင်ရာ သရုပ်ဖော်တင်ဆက်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ယခုအခါ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအသစ် ပြဋ္ဌာန်းနိုင်ရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်မှုအဆင့်သို့ရောက်ရှိပြီး မကြာမီ ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်၍ ကလေးသူငယ်များ၏ အခွင့်အရေးများကို ပိုမိုပြည့်ဝစွာ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့ အချိန်ပိုင်း ဓာတ်အားပြတ်တောက်နိုင်

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် ၆၆ ကေဗွီ၊ ၃၃ ကေဗွီဓာတ်အားခွဲရုံများ၊ Distribution Transformer များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ မိုးဦးကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေရှည်ဓာတ်အားတည်ငြိမ် ပြည့်ဝစွာပေးနိုင်ရေးအတွက် ဟောင်းနွမ်း၍ ဝန်အားမနိုင်တော့သော ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးများအား လျှပ်ကာပါသော ဓာတ်အားလိုင်းကြိုးအသစ်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းကို မေ ၂၉ ရက်နှင့် မေ ၃၁ ရက်တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆောင်ရွက်မည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်စဉ်အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ ဖောင်ကြီး၊ အင်းတိုင်၊ မြောင်းတကာ၊ အဖျောက်၊ ရွှေလင်ပန်း၊ ထန်းတပင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ အလုံ၊ ကမာရွတ်၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ လှိုင်၊ လမ်းမတော်၊ လသာ၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ပုဇွန်တောင်၊ သဃ်န်းကျွန်း၊ ရန်ကင်း၊ ဗိုလ်တထောင်၊ ရွှေပေါက်ကံမြို့နယ်များ၌ အဆိုပါရက်များတွင် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှု အနည်းငယ်ရှိနိုင်သည်ဟု ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အသိပေးပန်ကြားထားသည်။

**ကြေးမုံ**

# ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**တောင်ကြီး မေ ၂၆**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ရှမ်းပြည်နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ရှမ်းပြည်နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမှတ်(၅)အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများက “ကျောင်းအပ်စို့လေ”သီချင်းဖြင့် ဖွင့်လှစ်ခဲ့ကြသည်။



ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ပညာရေးကဏ္ဍသည် နိုင်ငံသူနိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည့်အတွက် အားလုံးကညီညီညွတ်ညွတ်ဖြင့် အင်တိုက်အားတိုက် လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ကျောင်းနေအရွယ် ကလေးအားလုံးကျောင်းသို့ရောက်ရှိလာမည်ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူအချင်းချင်း ခွဲခြားဆက်ဆံမှုမရှိရေးကိုလည်း မိဘများနှင့် ဆရာ ဆရာမများက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိဘများအနေဖြင့် ကိုယ်ကျိုးစီးပွားအတွက်မဟုတ်ဘဲ ကျောင်းသား ကျောင်းသူများ၏အကျိုး၊ မိဘများ၏အကျိုး၊ ကျောင်းများ၏ အကျိုးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ “ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး မိဘပြည်သူဝိုင်းကူပေး”ဆောင်ပုဒ်နှင့် “မိဘဆရာပူးပေါင်းကလေးပညာကောင်း”ဆိုသည့် ဆောင်ပုဒ်များနှင့်အညီ ဆရာ ဆရာမများ၊ မိဘများက လေးစားလိုက်နာကျင့်သုံးပြီး ပညာရေးဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် အခြေခံပညာကျောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းအုပ်များ၊ ဆရာ ဆရာမများအနေဖြင့် ငွေကြေးကောက်ခံခြင်းမပြုရန်၊ ကျောင်းတံဆိပ်ရောင်းချခြင်းများ မပြုလုပ်ရန် လိုအပ်ပါကြောင်း၊ အသက်ငါးနှစ်ပြည့်သူတိုင်း စနစ်သစ် KG တန်းတွင်လည်းကောင်း၊ အသက်ခြောက်နှစ်ပြည့်သူတိုင်းအား စနစ်သစ် Grade-1 တွင်လည်းကောင်း၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်လက်ခံဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် စနစ်ဟောင်း စတုတ္ထတန်း (Grade-5)တွင် တက်ရောက်ပညာသင်ယူရမည့် ကျောင်းသားကျောင်းသူများသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် စနစ်သစ် ဆဋ္ဌမတန်း (Grade-6)တွင် ပညာသင်ယူရမည်ကို အသိပေးတင်ပြလိုပါကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်နယ်အစိုးရအဖွဲ့များ၊ ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူနှင့် ပြည်သူများအားလုံးက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးဝင်းမောင်က ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အလှူရှင်များက အခြေခံပညာကျောင်းများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ အေးသာယာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ရွှေညောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ တောင်လေးလုံး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များသို့ သွားရောက်၍ ကျောင်းအပ်နှံရေး သီတင်းပတ်လုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းပေါင်း ၄၀၀၀ ကျော်တို့တွင် စတင်ကျောင်းအပ်လက်ခံ

**မန္တလေး မေ ၂၆**

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး၊ ကျောင်းထွက်သူပပျောက်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးဟူသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ၂၀၁၈-၂၀၁၉ ပညာသင်နှစ်ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်လက်ခံပေးလျက်ရှိသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် ပထမနေ့ဖြစ်သည့် မေ ၂၅ ရက်တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူ ၁၃၀၀၀ ကျော် လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုသို့အပ်နှံရာတွင် အထက်တန်းအဆင့် ၁၀၇၇ ဦး၊ အလယ်တန်းအဆင့် ၅၆၈၈ ဦး၊ မူလတန်းအဆင့် ၇၁၂၂ ဦး စုစုပေါင်း ၁၃၈၈၇ ဦးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံး၏ စာရင်းများအရ သိရသည်။

ကျောင်းအပ်လက်ခံရာတွင် အတန်းအသီးသီးအတွက် မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်းမပြုဘဲ အတန်းအလိုက် အခမဲ့ထောက်ပံ့မည့်အစီအစဉ်များ၊ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ၊ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက် ဗီနိုင်းပိုစတာများကို အများမြင်သာနိုင်ရန် ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ထို့ပြင် အသက်ငါးနှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်၊ အသက်ခြောက်နှစ်အရွယ်ကလေးများကို ပထမတန်း(Grade-1)သို့ အပ်နှံကြရန်လည်း အသိပေးကြေညာထားပြီး ကျောင်းအပ်နှံရေး သီတင်းပတ်မှာ မေ ၂၅ ရက်မှ ၃၁ ရက်အထိဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အင်းစိန်မြို့နယ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မြို့လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးဆောင်ပုဒ်နှင့်အညီ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မြို့လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဇရာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လုလုစိုးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးဗဟိုကော်မတီဝင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ကျောင်းအပ်နှံရေးနှင့်ပတ်သက်သည်များကို ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးကျော်ဦးက ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းအစီအစဉ်နှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုပြောကြားခဲ့ပြီး ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး၊ မည်သည့်အခကြေးငွေကိုမှ လုံးဝကောက်ခံခြင်းမရှိကြောင်း ပုံနှိပ်စာအုပ်များကိုလည်း အခမဲ့ဖြန့်ဝေလျက်ရှိကြောင်း ပြောကြားခဲ့သည်။

**ဖွဲ့ထက်ကို(ခရိုင်ပြန်/ဆက်)**



**ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ကမာရွတ်မြို့နယ်တွင် လာရောက်ကျောင်းအပ်နှံသည့် မိဘအုပ်ထိန်းသူများနှင့် ကျောင်းသားကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်မိုးသူက ကျောင်းသန့်ရှင်းရေးအတွက် အမှိုက်ပုံးများတွင် အမှိုက်များ စနစ်တကျစွန့်ပစ်ရေး ပညာပေးရှင်းလင်းပြောကြားစဉ်။**

သတင်းစဉ်

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပ

**တောင်ကြီး မေ ၂၆**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာရေး၊ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးစသည့် မူဝါဒများကိုချမှတ်ပြီး လုပ်ငန်းများကို ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကရည်မှန်းချက်များအနေဖြင့် ပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်နယ်အတွင်း ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဝန်ကြီးဌာနများနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအသီးသီး၏ ၂၀၁၇-၂၀၁၈ ဒုတိယတစ်နှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေး စသည့် ကဏ္ဍများတွင် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ပြည်သူလူထု သိရှိနိုင်ရန် သတင်းအချက်အလက်များ ဖြန့်ဖြူးပေးနေသည့် မီဒီယာများအား ဖိတ်ကြားပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့၏ ဝန်ကြီးဌာနအသီးသီးမှ ဝန်ကြီးများက ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ပါကြောင်း၊ ယခု ဒုတိယနှစ်တွင် တွေ့ရှိကြရသည့် အားသာချက်၊ အားနည်းချက်များကို နမူနာယူပြီး လာမည့် ၂၀၁၈- ၂၀၁၉ တတိယတစ်နှစ်တာကာလအတွင်း ပြည်နယ်အစိုးရအဖွဲ့၏ မူဝါဒနှင့်အညီ ရည်မှန်းချက် လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး သတင်းမီဒီယာဌာနများဖြစ်သည့် စတုတ္ထမဏ္ဍိုင်အနေနှင့်လည်း မဏ္ဍိုင်သုံးရပ်၏ ဆောင်ရွက်ချက်များကို အပြန်အလှန်နားလည်မှုဖြင့် အများပြည်သူ အကျိုးစီးပွားဆိုသည့် အခြေခံပေါ်မူတည်ပြီး သတင်းများ ရေးသားဖော်ပြပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။



ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဒုတိယတစ်နှစ်တာကာလအတွင်း ပြည်နယ်ဝန်ကြီးဌာနအလိုက် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ၊ တိုးမြှင့်ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြကြရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင်က နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က စိုက်ပျိုးရေးကဏ္ဍ၊ လယ်ယာမြေကဏ္ဍ၊ စက်မှုလယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ မြစိမ်းရောင်စီမံကိန်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက ပြည်နယ်အတွင်း လမ်းတံတားဆိုင်ရာ ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်နယ်သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်နှင့် ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်ဦးစီးမှူးများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ပြည်နယ်လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီးကိုယ်စား ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးက ပြည်နယ်အတွင်း ကျေးလက်ဒေသများ လျှပ်စစ်မီးဖြန့်ဖြူးပေးနေမှုနှင့် ဓာတ်အားလိုအပ်ချက်အခြေအနေများကို လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများ၊ နိုင်ငံတကာအကူအညီဖြင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ တိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က ပြည်နယ်အတွင်း စီမံကိန်းရေးဆွဲဆောင်ရွက်နေမှုများ၊ အခက်အခဲများ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ ဝန်ထမ်းအိမ်ရာများ ဖော်ဆောင်မည့်လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အဆင့်မြင့်ပညာ၊ အခြေခံပညာနှင့် သက်မွေးပညာသင်တန်းကျောင်းဆိုင်ရာ လုပ်ငန်းများ၊ ကျန်းမာရေးကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် အားကစားကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှန်တစ်လုံက ရှမ်းပြည်နယ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှုအခြေအနေများ၊ အခွန်အရပ်ရပ်ဆိုင်ရာလုပ်ငန်းများ၊ မြန်မာ့အာမခံဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့်စပ်လျဉ်း၍ လည်းကောင်း အသီးသီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ လမ်းတံတားဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေမှုများ၊ ရေပေးဝေရေးလုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သာသနာရေးဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် ပြတိုက်ဦးစီးဌာနနှင့် ဆက်စပ်ဌာနများ၏ လုပ်ငန်းပိုင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်နယ်ဥပဒေချုပ်ကိုယ်စား ရုံးအဖွဲ့မှူးက ဥပဒေဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း အသီးသီး ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် ပြည်နယ်အတွင်းရှိ သတင်းမီဒီယာအဖွဲ့ ၂၃ ဖွဲ့တို့မှ သတင်းထောက်များက သိရှိလိုသည်များ မေးမြန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဦးစီးမှူးများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ကချင်ပြည်နယ် နေရပ်စွန့်ခွာစခန်းများသို့ ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းဝတ်စုံနှင့် အပ်ချုပ်စက်များ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား မေ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေအရ ၂၀၁၇ ခုနှစ်မှ စတင်ပြောင်းရွှေ့ရောက်ရှိလာသည့် နေရပ်စွန့်ခွာပြည်သူများ အနက် ကျောင်းနေအရွယ် ကလေးများအား ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းဝတ်စုံနှင့် အမျိုးသမီးများအတွက် အပ်ချုပ်စက်များ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၅ ရက်နှင့် ၂၆ ရက်က နေရပ်စွန့်ခွာစခန်းအသီးသီးတွင် ကျင်းပခဲ့သည်။

အဆိုပါ နေရပ်စွန့်ခွာပြည်သူများ၏ သားသမီးများအား ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းဝတ်စုံနှင့် အမျိုးသမီးများအတွက် အပ်ချုပ်စက်များ ထောက်ပံ့ပေးအပ်ခဲ့သည့် လပြည့်ဝင်း ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေး မိသားစုမှ အမှုဆောင်အရာရှိ ဒေါ်နီဆက်ထူးနှင့် အနာဂတ်ပျိုးခင်းဥက္ကဋ္ဌ Mr.MITSUHIKO တို့က နှစ်ရက်တာကာလအတွင်း ဝိုင်းမော်မြို့နှင့် ဆဒုံးမြို့ရှိ နေရပ်စွန့်ခွာစခန်းနှင့် လီဆူတိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း၊ ခါရှီကျေးရွာ လီဆူတိုက်ပွဲရှောင်စခန်း၊ မြစ်ကြီးနားမြို့ ပန်းလီဆူ မိဘမဲ့ဖွံ့ဖြိုးရေးဂေဟာတို့ရှိ အခြေခံပညာမူလတန်းမှ အထက်တန်းအထိ ကျောင်းသားကျောင်းသူ ၄၀၀ အတွက် ကျောင်းဝတ်စုံ ၄၀၀၊ ဗလာစာအုပ် ဒါဇင် ၁၇၀ တို့ ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့သည်။

ထို့အတူ တိုက်ပွဲရှောင်ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး ခါရှီကျေးရွာ လီဆူတိုက်ပွဲရှောင်စခန်းရှိ အမျိုးသမီးများအတွက် ငွေကျပ် ကိုးသိန်းတန်ဖိုးရှိ အပ်ချုပ်စက်အသစ် ငါးလုံးအား ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ပညာရေးဝန်ကြီးဌာန

## “၂၀၁၈-၂၀၁၉ ပညာသင်နှစ်”

## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ **ငွေကြေး/လက်ဆောင်ပစ္စည်း** တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ** ရောင်းချခြင်းမပြုရ။
- ❖ အခြား **မည်သည့်ပစ္စည်းကိုမျှ** ရောင်းချခြင်းမပြုရ။
- ❖ အသက် (၅) နှစ်ပြည့်သူတိုင်းအား သူငယ်တန်း (KG)တွင်လည်းကောင်း၊ အသက် (၆) နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade 1)တွင်လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်လက်ခံဆောင်ရွက်ရန်။
- ❖ ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်း ပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ သက်ဆိုင်ရာ အတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင်တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း (၄) ကြိမ်သာ ဆောင်ရွက်ရန်။
- ❖ ကျောင်းခေါ်ချိန်မပြည့်သူများ၊ သင်ယူတတ်မြောက်မှုအားနည်းသော ကျောင်းသား၊ ကျောင်းသူများအတွက် ဖြည့်ဆည်းသင်ကြားပေးခြင်း (Remedial Education)ကို ဇူလိုင်လမှစတင်၍ နှစ်ဆုံးစစ်ဆေးခြင်းမတိုင်မီအထိ စဉ်ဆက်ဆောင်ရွက်ရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား၊ ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်ပြီး ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အကြံပြုလို၊ တိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၃)၊ နေပြည်တော်(သို့မဟုတ်) dpsoffice@moe-mm.com သို့ ပေးပို့ တိုင်ကြားနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# အရေးပေါ် အသက်ကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု (အခြေခံ)သင်တန်းဆင်းပွဲ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပ

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အရေးပေါ် အသက်ကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု(အခြေခံ)သင်တန်းဆင်းပွဲကို မေ ၂၅ ရက် ညနေပိုင်းက ရန်ကုန်ပညာရေးတက္ကသိုလ် ပင်မခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ချုပ်(YRO) အနောက်ပိုင်းခရိုင်မှူး ဦးလွင်မောင်တို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းနည်းပြများနှင့် သင်တန်းထူးချွန်ဆုရ သင်တန်းသားများအား တစ်ဦးချင်းနှင့် အဖွဲ့လိုက်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား မောင်စကျော်ညီညီဇင်က ကျေးဇူးတင်စကား ပြောကြားကာ သင်တန်းသား သင်တန်းသူများက အရေးပေါ် အသက်ကယ်ဆယ်နည်းများ လက်တွေ့ သရုပ်ပြကြသည်။

သင်တန်းသို့ တက္ကသိုလ်/ကောလိပ် အသီးသီးမှ တက္ကသိုလ်ကင်းထောက်အဖွဲ့ဝင် ကျောင်းသား ကျောင်းသူ ၇၀ တက်ရောက်ပြီး သင်တန်းကာလ ငါးရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ချုပ်မှ သင်တန်းနည်းပြများက အရေးပေါ် အသက်ကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံနည်းစနစ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

**သတင်းစဉ်**

ပညာရေးဝန်ကြီးဌာန

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၈၊ မေလ (၂၅) မှ (၃၁) ရက်အထိ

# အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတွင် ဆွေးနွေးမည့်အကြောင်းအရာများ ရှင်းလင်း

**ရန်ကုန် မေ ၂၆**

ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ပြုလုပ်မည့် (၁၀၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတွင် မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်မည့် အလုပ်သမားကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးမည့် အကြောင်းအရာများနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို မေ ၂၅ ရက်က ရန်ကုန်မြို့ Orchid Hotel ၌ ပြုလုပ်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(CTUM)မှ လက်ထောက်အထွေထွေ အတွင်းရေးမှူး ဒေါ်ဖြိုးစန္ဒာစိုးက "ILO က ပြဋ္ဌာန်းထားတဲ့စံနှုန်းတွေကို အဖွဲ့ဝင်နိုင်ငံတွေက လိုက်နာမှု ရှိ၊ မရှိ ဆိုတာကို စံနှုန်းများကျင့်သုံးရေးကော်မတီခေါ်ပြီး ဆွေးနွေးမှာတစ်ခုရှိပါတယ်၊ လုပ်ငန်းခွင်အတွင်းမှာ အကြမ်းဖက်မှုတွေ၊ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုတွေမရှိအောင်အတွက်ကို ဒီနှစ်မှာ စံနှုန်းတစ်ရပ်ချမှတ်နိုင်ရေးကို လုပ်သွားဖို့ရှိတယ်၊ အဲဒါကြွန်မတို့ CTUM က ကိုယ်စားလှယ်တွေ ပါဝင်ဆွေးနွေးသွားဖို့ရှိပါတယ်၊ နောက်ပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား တွေ့ဆုံဆွေးနွေးမှု ပိုပြီးအားကောင်းလာဖို့ ဆွေးနွေးသွားမယ်၊ နောက်ဆုံးတစ်ခုက ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့အောက်မှာရှိတဲ့ သင့်တော်ကောင်းမွန်တဲ့ အလုပ်အကိုင်ရရှိရေး ဆွေးနွေးသွားဖို့တွေရှိပါတယ်"ဟု ပြောသည်။

မေ ၂၈ ရက်မှ ဇွန် ၈ ရက်အထိ ပြုလုပ်မည့် အဆိုပါ ညီလာခံတွင် မြန်မာနိုင်ငံကိုယ်စားပြု အလုပ်သမားကိုယ်စားလှယ်များက ILO က ပြဋ္ဌာန်းထားသည့် စံနှုန်းများ၊ အပြည်ပြည်ဆိုင်ရာ စံနှုန်းများကို လိုက်နာမှု ရှိ၊ မရှိနှင့်စပ်လျဉ်း၍ စံနှုန်းများကျင့်သုံးရေးကော်မတီတွင် ဆွေးနွေးခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ရည်မှန်းချက်များ၏ ဖွံ့ဖြိုးတိုးတက်ရန် ပံ့ပိုးကူညီမှုများအတွက် ILO ၏ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ အထွေထွေဆွေးနွေးခြင်း၊ ကမ္ဘာ့အလုပ်အကိုင်များတွင် အမျိုးသားများနှင့် အမျိုးသမီးများကို နှောင့်ယှက်စော်ကားခြင်းနှင့် အကြမ်းဖက်မှုများဆိုင်ရာ ဆွေးနွေးခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လုပ်ငန်းခွင်၌ အခြေခံမူဝါဒများနှင့် အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာရည်ရွယ်ချက်များချမှတ်ရန် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ဆွေးနွေးခဲ့ပြီးဖြစ်သည့် အကြောင်းအရာကို ယခုပြုလုပ်မည့် (၁၀၇)ကြိမ်မြောက် ညီလာခံတွင် တတိယအကြိမ် ပြန်လည်ဆွေးနွေးခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ပြီး ILO ၏ ပြဋ္ဌာန်းချက်အချို့နှင့် အကြံပြုချက်အချို့ကိုလည်း ရုပ်သိမ်းရန် အဆိုပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညီလာခံသို့ အလုပ်သမားကိုယ်စားလှယ်အဖွဲ့ဝင် ၁၂ ဦး၊ အလုပ်ရှင်ကိုယ်စားလှယ်အဖွဲ့မှ တစ်ဦးနှင့် အစိုးရဘက်မှ တာဝန်ရှိကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သီသီမင်း**

○ **ကျောဖုံးမှ**

"ဒီနှစ်မှာ စနစ်သစ်ပြောင်းလဲလိုက်တဲ့အတွက် သင်ကြားရေးပုံစံပြောင်းတယ်၊ အရင်လို စာတွေကို



ကျောင်းအုပ်ဆရာကြီး ဦးလှထွန်း

ဒါမေးဒါကျက် ပုံစံမျိုးမဟုတ်ဘဲ ကလေးတွေရဲ့ စဉ်းစားတွေးခေါ်မှု၊ ကိုယ်ရည်ကိုယ်သွေး၊ ပြောဆိုနိုင်မှု၊ လှုပ်ရှားမှု၊ အများနဲ့ပူးပေါင်းနေထိုင်တတ်မှု၊ စည်းကမ်းလိုက်နာတတ်မှုတွေကို ဦးစားပေးလာတယ်ဆိုတော့ တဖြည်းဖြည်းနဲ့ ပညာရေးစနစ်မြင့်မားလာမယ်လို့ ထင်ပါတယ်၊ နိုင်ငံတော်က ကျွန်တော်တို့ ကျောင်းတွေကို ထောက်ပံ့ကြေးပေးထားတဲ့ငွေနဲ့ ကျောင်းအပ်နှံရေးမှာ အခမဲ့ပညာရေးစနစ်ဆိုတော့ ကျောင်းကိုရောက်ဖို့ပဲလိုတယ်၊ လိုအပ်တာ ကျောင်းက ထောက်ပံ့ပေးမှာဆိုတော့ ကျောင်းသား ကျောင်းသူတွေအတွက် အများကြီးအကျိုးရှိပါတယ်၊ အခုနှစ်ပြီးရင် စနစ်သစ်ပညာရေးမှာ ရှစ်တန်းသမားသည် ၁၂ တန်း (KG+12)စနစ်ကို တက်ရမှာဖြစ်ပါတယ်၊ အခုနှစ် ကိုးတန်း၊ ၁၀ တန်း သမားတွေပဲ လွတ်မှာပါ၊ အခုနှစ် ရှစ်တန်းသမားသည် နောက်နှစ် ကိုးတန်း၊ ၁၀ တန်း၊ ၁၁ တန်း၊ ၁၂ တန်းအထိ ထပ်တက်ရမှာဖြစ်တယ်၊ အဲဒါပြီးမှ တက္ကသိုလ်တက်ခွင့်ရမယ်၊ အခြေခံပညာမှာ အသက် ၁၈ နှစ်အထိ လေ့လာသင်ယူပြီး ၁၈ နှစ်ကျော်မှ တက္ကသိုလ်ပညာ၊ အဆင့်မြင့်ပညာတွေကို ဆက်လက်သင်ယူခွင့်ရမှာဖြစ်ပါတယ်"ဟု ပညာရေးစနစ် ပြောင်းလဲမှုများနှင့်ပတ်သက်၍ ကျောင်းအုပ်ဆရာကြီး ဦးလှထွန်းက ဆက်လက်ပြောကြားသည်။

**သတင်း- အေးမင်းသူ၊ ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

# ဖလမ်းမြို့၌ ဇိန်မှုတောင်အမျိုးသားဥယျာဉ် ဖွဲ့စည်းသတ်မှတ်နိုင်ရေး တွေ့ဆုံဆွေးနွေး

**ဖလမ်း မေ ၂၆**

ဇိန်မှုတောင်အမျိုးသားဥယျာဉ် ဖွဲ့စည်းသတ်မှတ်နိုင်ရေးနှင့် မလိုလားအပ်သည့် နယ်မြေအငြင်းပွားမှုပြဿနာများ မဖြစ်ပေါ်စေရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ဖလမ်းမြို့ တောင်ဇလပ်ရိပ်သာ ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်းက အမှာစကားပြောကြားရာတွင် ဇိန်မှုတောင်သည် သူ့မြေ ကိုယ့်မြေဟူ၍ မြေအငြင်းပွားမနေဘဲ ကိုယ့်ပြည်နယ်တိုးတက်ရေးအတွက် ဇိန်မှုတောင်အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်နိုင်ရေး စည်းလုံးညီညွတ်စွာ အတူလက်တွဲ အကောင်အထည်ဖော်ကြရန် မှာကြားသည်။ ထို့နောက် ဖလမ်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ဇိန်မှုတောင်သည် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တက်ရောက်လာကြသည့် မြို့မိမြို့ဖများ၊ ဖလမ်းလူငယ်အဖွဲ့များ၊ ဖလမ်းစောင့်ရှောက်ရေးအသင်းများ၊ မီဒီယာများနှင့် တက်ရောက်လာကြသူများက ဇိန်မှုတောင် ကျောက်တိုင်စိုက်ထူသည့်ကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းကြရာ ဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။ အဆိုပါဇိန်မှုတောင် အမျိုးသားဥယျာဉ်ဖွဲ့စည်းရန် အဆိုပြုသတ်မှတ်သည့် ဧရိယာသည် ဧက ၁၉၉၃၇ ရှိပြီး ဖလမ်း၊ ဟားခါး၊ ထန်တလန်မြို့နယ် သုံးမြို့နယ်အတွင်းတည်ရှိကြောင်း သစ်တောဦးစီးဌာန၏ တင်ပြချက်အရသိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဖလမ်းစောင့်ရှောက်ရေးအသင်းဝင်များ၊ လူငယ်များ၊ မီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



❋ **ဒုက္ခသည်များမှ**

Steel structure အုပ်ညှပ် တစ်ထပ်တိုက်ဖြစ်ပြီး အိမ်တစ်လုံးအတွက် ရန်ပုံငွေချထားပေးမှုမှာ ၁၂၃ သိန်း ဖြစ်သည်။ အဆိုပါ အိမ်ရာများသည် အိပ်ခန်း နှစ်ခန်း၊ ဧည့်ခန်း တစ်ခန်း၊ မီးဖိုချောင် တစ်ခန်းနှင့် ရေချိုးခန်းအိမ်သာတွဲလျက် တစ်ခန်းပါရှိပြီး အိမ်ရာများကို ဇွန်လမကုန်ခင်တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးတာဝန်ခံ အင်ဂျင်နီယာ ဦးတင်လှိုင်ထံမှ သိရသည်။

**စောဌေးရီ(ပြန်/ဆက်)**

# အင်းတော်ကြီးတွင် တစ်နိုင်တစ်ပိုင်ရွှေတူးဖော်သူနှစ်ဦး ကမ်းပါးပြိုကျ၍ သေဆုံး

**မိုးညှင်း မေ ၂၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ၌ မေ ၂၆ ရက် နံနက် ၁၀ နာရီခန့်က တစ်နိုင်တစ်ပိုင်ရွှေတူးဖော်နေသူနှစ်ဦး ကမ်းပါးပြိုကျမှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းက အင်းတော်ကြီးဒေသ မမုံကိုင်ကျေးရွာ၏အနောက်ဘက် ရွှေမှော်၌ ရွှေတူးဖော်နေစဉ် ကမ်းပါးပြိုကျမှုကြောင့် လူနှစ်ဦးသေဆုံးကြောင်း သတင်းအရ လုံးတုံနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးသက်ပိုင်စိုး ဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင်များက မမုံကိုင်ကျေးရွာ နာရေးကူညီမှုအသင်းမှ လူနာတင်ယာဉ်တစ်စီးဖြင့် ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်ခဲ့ရာ သေဆုံးသူနှစ်ဦးမှာ မိုးညှင်းမြို့နယ် ဆင်ဖြူကုန်း ကျေးရွာမိုင်းနောင်ရပ်ကွက်နေ ဝါဝါခိုင်(၂၂)နှစ်နှင့် မရဲကိုင် ကျေးရွာနေ ကျော်ဆန်းဝင်း (၁၇)နှစ်တို့ ဖြစ်ကြောင်း သိရသည်။

သေဆုံးသူနှစ်ဦးကို မမုံကိုင်ကျေးရွာ နာရေးကူညီမှုယာဉ်ဖြင့် လုံးတုံတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ချမ်းမြသာစည်တွင် ခြင်ဆေးခွေထွန်းထားရာမှ မီးလောင်မှုဖြစ်ပွား

**မန္တလေး မေ ၂၆**

မန္တလေး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် (၄၄ × ၄၅)လမ်း ပိတောက်နှင့်မြတ်လေး လမ်းကြား ပိုင်ရှင်ဦးတိုး၏ ပေ(၃၀ × ၂၀) အုတ်ညှပ်၊ နံကပ်၊ သွပ်မိုး နှစ်ထပ်နေအိမ်၌ အောက်ထပ်အတွင်း ယနေ့နံနက် ၂ နာရီ ၁၀ မိနစ်က (၈ × ၈)ပေ အိပ်ခန်း ခုတင်ဘေးတွင် ခြင်ဆေးခွေထွန်းထားရာမှ မွေ့ရာသို့ ကူးစက်ကာ မီးလောင်မှုစတင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကို ၂ နာရီ ၁၅ မိနစ်တွင် သတင်းရရှိသဖြင့် မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် ၂၄ စီး၊ မီးသတ်ရေသယ်ယာဉ် ခြောက်စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ သန္ဓေ ၇၀၊ အရန် ၁၁၀ တို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ၂ နာရီ ၂၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ပိုင်ရှင်၏မြေးဖြစ်သူ မောင်ဝေယံဖြိုး ၁၂ နှစ် မီးလောင်ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ပိုင်ရှင်၏သားဖြစ်သူ အောင်ကျော်စိုး ၃၃ နှစ် ယာလက်မောင်း၊ ဝဲပေါင်၊ မျက်နှာ၊ ရင်ဘတ်နှင့် ကုပ်များ မီးလောင်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ပေ(၃၀ ×၂၀)အုတ်ညှပ်၊ နံကပ်၊ သွပ်မိုး နှစ်ထပ်နေအိမ်တစ်လုံး၊ (၁၅ × ၃၀)ပေ အုတ်ညှပ်၊ နံကပ်၊ သွပ်မိုး နှစ်ထပ်နေအိမ်



တစ်လုံးနှင့် ယာဉ်တစ်စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်စဉ်နှင့်ပတ်သက်၍ ပိုင်ရှင်ဦးတိုးအား ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၇-၅-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ဆန်းကြယ်ထူးခြား ပလိပ်မြို့ကမ္ဘေဘုရား"
- ၈း၃၅ တရုတ်ကာတွန်း "ရှို့ဘီနှင့်ယိုးယိုး" (အပိုင်း-၅၁)
- ၉း၁၀ "စက်သုံးဆီဈေးမြင့်တက်ခြင်းနှင့်ဝယ်ယူသုံးစွဲသူတို့ရဲ့ စကားသံများ"
- ၉း၂၅ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "မတစ်ထောင် တစ်ကောင်ဘွား" (ကျော်ရဲအောင်၊ အောင်ရဲလင်း၊ ခိုင်သင်းကြည်၊ သင်ဇာဝင့်ကျော်၊ ထွန်းလွင်အောင်) (ဒါရိုက်တာ-ခင်စောမျိုး)
- ၉း၄၀ MRTV Travelogue
- ၁၀း၀၀ Sunday Talk
- ၁၀း၃၀ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁း၀၀ လှပစုံလင်အာဆီယံတစ်ခွင်
- ၁၁း၁၀ ကဗျာရိပ်မြုံ "ဗျည်း-၃၃"
- ၁၁း၄၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "မေတ္တာထားတာ အပုတ်ကိုပဲ" (လူမင်း၊ ဖြိုးငွေစိုး၊ အောင်မင်းခန့်၊ မေသန်းနု၊ ခိုင်သင်းကြည်၊ ဝင့်ယမုံလှိုင်) (ဒါရိုက်တာ-ထွန်းဇော်အောင်)
- ၁၂း၃၀ This Week's Special Interest
- ၁၂း၄၅ မြန်မာဂန္ထဝင်ရုပ်ရှင် "ကျွန်းကလေးမှာ နှစ်ယောက်တည်း" (ကျော်မောင်မောင်သွင်၊ မေဝင်းမောင်) (ဒါရိုက်တာ-စိန်ဖေတင်)

**ညပိုင်း**

- ၁၇း၀၅ Sunday Talk
- ၁၇း၃၀ "မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍အသိပညာပေး စကားဝိုင်း" (အပိုင်း-၂)
- ၁၈း၂၀ လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင်" "ကျွန်းစုမြို့နယ်အတွင်းမှ တံငါလုပ်ငန်းလုပ်ကိုင်ရာ သဲချောင်းရွာ"
- ၁၈း၃၅ "ယ" ယမင်းခင် ကကြိုးဆင်
- ၁၉း၁၅ အိန္ဒိယဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်" (အပိုင်း-၉၃)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ "In & Out" (Taiwan ခရီးစဉ်) (အပိုင်း-၁) (Lay Phyu နှင့်အဖွဲ့) -"သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့ ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် မြန်မာမှုတေးဂီတတင်ဆက်ပွဲ" -"ပန်းကလေးများပွင့်တော့မည်" -အစီအစဉ်ပြီး၏။

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၆**

မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မေ ၂၅ ရက်က DYNA ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ခေါက်ဆွဲခြောက် (၁×၄၀) ဖာ ၁၆၀ နှင့် တရုတ်နိုင်ငံထုတ် ကြက်အူချောင်း ဖာ ၉၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၃၄၀ သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းရမိသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၅၇ စီး၊ သွင်းကုန် ၉၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄ စီး၊ သွင်းကုန် ၁၉၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၃၄၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၈၅ သန်းခန့် စုစုပေါင်းတားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၇၂၅ သန်းခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၂ ဘီး ဆီဘောက်ဆာယာဉ် လမ်းဘေးသို့ ထိုးကျတိမ်းမှောက်

**ညောင်လေးပင် မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် ရွာသစ်ရပ်အနီး၌



ယနေ့နံနက် ၄ နာရီခန့်က ဆီဘောက်ဆာယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့မရဲစခန်း၌ တာဝန်မှူးဒုရဲအုပ်ကျော်ဆန်းလင်းသည် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ညောင်လေးပင်မြို့ ရွာသစ်ရပ် ရန်ကုန်-မန္တလေး ကားလမ်းပိုင်းတွင် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ သန်လျင်မြို့နေ ယာဉ်မောင်း အောင်ဝင်းဦး မောင်းနှင်သော ၂၂ ဘီး ဆီဘောက်ဆာယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက် ရေမြောင်းအတွင်းသို့ တိမ်းမှောက်ခဲ့သည်။ အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါသူနှစ်ဦးလုံး ထိခိုက်ဒဏ်ရာ ရခြင်းမရှိကြောင်းသိရပြီး ယာဉ်တိမ်းမှောက်ရာသို့ ညောင်လေးပင်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များသွားရောက်ကာ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ အောင်ဝင်းဦးအား ညောင်လေးပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# ရပ်တန့်ထားသည့်ကွန်တိန်နာယာဉ်ကို ပရိုဘောက်ယာဉ် ဝင်တိုက်

**ရန်ကုန် မေ ၂၆**

ရပ်တန့်ထားသည့်ကွန်တိန်နာယာဉ်ကို လမ်းသွယ်မှအရှိန်ဖြင့် လမ်းကျယ်ပေါ် မောင်းနှင်ကွေ့တက်လာသည့် ပရိုဘောက်အငှားယာဉ်က ကွန်တိန်နာယာဉ် ဦးခေါင်းဝဲဘက်ကို တိုက်မိပြီး ပက်လက်လန်ခဲ့သည့်ဖြစ်စဉ်ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော်အဝင် ကျွန်းရွှေဝါလမ်းနှင့် မြသီတာပန်းဥယျာဉ်ထောင့်တွင် မေ ၂၆ ရက် နံနက် ၁၀ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။

ကျွန်းရွှေဝါလမ်းမပေါ်တွင် ရပ်တန့်ထားသော ကွန်တိန်နာယာဉ်ကို မြသီတာလမ်းအတိုင်း အရှေ့မှ အနောက်သို့ မောင်းနှင်တက်လာသည့် ပရိုဘောက်အငှားယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ဆန့်ကျင်ဘက်ယာဉ်ကျောမှ ကွန်တိန်နာယာဉ်၏ ဦးခေါင်းပိုင်း လက်ဝဲဘက်အခြမ်းအား ဝင်ရောက်တိုက်မိကာ ပက်လက်လန်တိမ်းမှောက်ခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ပရိုဘောက် အငှားယာဉ်မောင်း ပွန်းပဲ့ဒဏ်ရာရရှိခဲ့သည်။

ယာဉ်တိုက်မှုဖြစ်စဉ်အား ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းမှ နယ်မြေ(၆) ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ ဆက်သွယ်အကြောင်းကြား လွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# လက်နက်၊ ခဲယမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၆**

ထားဝယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက် နံနက် ၁၁ နာရီက ထားဝယ်မြို့နယ် ကူးတို့ကျေးရွာအရှေ့ဘက် ရော်ဘာခြံရှိ ညီညီထိုက်၏တဲကို ရှာဖွေရန် ဝင်ရောက်စဉ် ညီညီထိုက်နှင့် အာကာလွင်(ခ) အောင်ခိုင်၊ အေးမင်းတို့ သုံးဦးမှာ ထွက်ပြေးသွားသဖြင့် ပိတ်ဆို့ဖမ်းဆီးရာ ညီညီထိုက်ကို ဖမ်းဆီးရမိပြီး ဆက်လက်ရှာဖွေရာ တဲအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား လေးပြား၊ လေသေနတ် တစ်လက်၊ ခဲသီး အလုံး ၂၅၀၊ တူမီးသေနတ် တစ်လက်နှင့် တဲရှေ့တွင်ရပ်ထားသည့် Click မော်တော်ဆိုင်ကယ် အံ့ဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့နံနက် ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်ပုံကျေးရွာ ရေကန်အနောက်ရပ်နေ မမြမြစိန်(ခ)မခင်မိုး၏အိမ်ကို ရှာဖွေရာ ၎င်း၏လက်တွင်ကိုင်ထားသည့် အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စမ်းချောင်း အရှေ့ကုန်းလမ်း တိုက် ၅ လွှာ၌ လူတစ်ဦး သေဆုံး

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် စမ်းချောင်း(မြောက်)ရပ်ကွက် အရှေ့ကုန်းလမ်း တိုက်နံပါတ်(---) ၅ လွှာတွင် ယနေ့ မွန်းတည့် ၁၂ နာရီခန့်က အခန်းအတွင်း အမျိုးသားတစ်ဦး ပုပ်ပွ၍သေဆုံးနေကြောင်း သိရသည်။

စမ်းချောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မွန်းလွဲပိုင်းတွင် အဆိုပါ တိုက်သို့သွားရောက်ကာ အလောင်းအား ထုပ်ပိုးမှုများပြုလုပ်၍ မှုခင်းကူညီမှု ပရဟိတအဖွဲ့မှ နိဗ္ဗာန်ယာဉ်ဖြင့်ချိတ်ဆက်၍ ရန်ကုန်ဆေးရုံကြီး(ရင်ခွဲရုံ)သို့ အလောင်းအပ်နှံပို့ဆောင်ကူညီပေးခဲ့ပြီး သက်ဆိုင်ရာက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးစက်(ပြန်/ဆက်)**

# လေပြင်းတိုက်ခတ်မှုကြောင့် ခနောဖြူမြို့နယ်အတွင်းရှိ ကျေးရွာများ ပျက်စီး

**ခနောဖြူ မေ ၂၆**

ခနောဖြူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မေ ၂၅ ရက် ညနေ ၆ နာရီခွဲခန့်တွင် လေပြင်းတိုက်ခတ်မှုကြောင့် အိမ်များ အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ပုကွန်ကျေးရွာအုပ်စု ပုကွန်ကျေးရွာတွင် သွပ်မိုးဝါးအိမ် တစ်လုံး အမိုးလန်ကာ ပြိုကျပျက်စီးခဲ့သည်။ ထို့အတူ ဇလုပ်ကြီးကျေးရွာအုပ်စု ဇလုပ်ကြီးကျေးရွာတွင်လည်း သွပ်မိုးဝါးအိမ် ၁၃ လုံး၊ ထိုက္ကလေးကျေးရွာအုပ်စု ထိုက္ကလေးကျေးရွာတွင် သွပ်မိုးဝါးအိမ် ၁၂ လုံးတို့ အမိုးလန်ပျက်စီးခဲ့ပြီး ရေကြည်ကျေးရွာအုပ်စု ရေကြည်ကျေးရွာတွင် သွပ်မိုးဝါးအိမ် တစ်လုံး ပြိုကျပျက်စီးခဲ့ရသည်။

လေပြင်းတိုက်ခတ်သည့်ကျေးရွာများသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ကူညီခဲ့ကြပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**အောင်သူဟိဏ်း(ပြန်/ဆက်)**



# ဒက်စ်ချွမ့်စ်ကို ရာဘီရော့ ဒေါသတကြီး တုံ့ပြန်

ပြင်သစ်လက်ရွေးစင်အသင်း အရန်လူစာရင်းမှ နုတ်ထွက်ခဲ့သည့် ရာဘီရော့၏ ဆုံးဖြတ်ချက်မှာ အမှားကြီးကျူးလွန်လိုက်ခြင်းဖြစ်ကြောင်း ဝေဖန်ခဲ့သည့် နည်းပြ ဒက်စ်ချွမ့်စ်၏ ဝေဖန်ခဲ့မှုအပေါ် ရာဘီရော့က ဒေါသတကြီးဖြင့် တုံ့ပြန်သွားခဲ့သည်။ ရာဘီရော့မှာ ပဏာမလူစာရင်းတွင် ရွေးချယ်ခံခဲ့ရသော်လည်း အပြီးသတ်ကစားသမား ၂၃ ဦးစာရင်းမှ ချန်လှပ်ခံခဲ့ရပြီးနောက် ရာဘီရော့က အရန်ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ရာဘီရော့က ဒက်စ်ချွမ့်စ်၏ ကစားသမားရွေးချယ်မှုမှာ အားကစားလောဂျစ်မှ သွေဖည်နေခြင်းကြောင့် လူစာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။ နည်းပြဒက်စ်ချွမ့်စ်၏လူရွေးချယ်မှုအပိုင်းက ကစားသမားများအကြား ဝေဖန်မှုများ မကြာခဏထွက်ခဲ့ပြီး ပြီးခဲ့သည့် ယူရို ၂၀၁၆ တုန်းကလည်း တိုက်စစ်မှူး ဘင်ဇီမာကို ချန်လှပ်ခဲ့ခြင်းကြောင့် ကာယကံရှင် ကစားသမားအပြင် ပရိသတ်အတော်များများက ဝေဖန်ခဲ့ကြသည်။ မန်ယူကစားသမားဟောင်း ကန်တိုနာက ဒက်စ်ချွမ့်စ်မှာ လူမျိုးကြီးဝါဒကြောင့် အယ်လ်ဂျီးရီးယားနွယ်ဖွား ဘင်ဇီမာကို ချန်လှပ်ခဲ့ခြင်းဖြစ်ကြောင်း ဝေဖန်ခဲ့ရာ ဒက်စ်ချွမ့်စ်က ကန်တိုနာကို တရားစွဲဆိုမည်ဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

ရာဘီရော့က "ဒါက ကျွန်တော့်အလုပ်၊ ဘောလုံးဆိုတာ ကျွန်တော်အရှူးအမူးချစ်ခင်ရတဲ့အရာပါ။ မြင့်မားတဲ့အဆင့်ကို တက်လှမ်းဖို့ ကျွန်တော် ပြင်းပြင်းထန်ထန်ကြိုးစားတယ်၊ နိုင်ငံအသင်းအတွက် ကစားခွင့်ရဖို့ဆိုတာ ကစားသမားတိုင်းရဲ့ အိပ်မက်ပါ။ ပြင်သစ်အသင်းနဲ့ အနိုင်ရဖို့က ကျွန်တော့်ရဲ့ မစ်ရှင်ပါ။ ကျွန်တော့်အသက် ၁၅ နှစ်လောက်ကတည်းက ပြင်သစ်အသင်းရဲ့ ဂျာစီကို ဝတ်ဆင်ခွင့်ရခဲ့ပြီး ပြင်သစ်အသင်းနဲ့ ကျွန်တော့်အကြား ဆက်သွယ်မှုကို ဘယ်သူကမှ ကိုယ်စားဝင်ပြောလို့မရပါဘူး" ဟု ဒေါသတကြီး တုံ့ပြန်သွားခဲ့သည်။

ဒက်စ်ချွမ့်စ်က ပွဲအနည်းငယ်သာ ကစားထားရသေးသည့် ကစားသမားတစ်ဦး၊ ငယ်ရွယ်သည့် ကစားသမားတစ်ဦးက လက်ရွေးစင်အသင်းအရန်စာရင်းတွင် ပါဝင်ခြင်းကိုပင် ကျေနပ်သင့်ကြောင်းဆိုခဲ့ရာ ရာဘီရော့က ပီအက်စ်ဂျီတွင် ၈၈ ပွဲ ဝင်ရောက်ကစားထားပြီး ပွဲစဉ်တိုင်း ခြေစွမ်းပြနိုင်သည့်ကစားသမားတစ်ဦးအနေဖြင့် လက်ရွေးစင်အသင်းတွင် ပါဝင်သင့်သည်မှာ အားကစားလောဂျစ်အရ သိမြင်နိုင်သည့်အချက်သာဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

# ရီးယဲလ်၏ ယူရိုပေါင်သန်း ၁၈၀ ဖြင့် ကမ်းလှမ်းမှုကို ပီအက်စ်ဂျီအတွက် မက်ပီ ပယ်ချခဲ့

ရီးယဲလ်မက်ဒရစ် အသင်းက တိုက်စစ်မှူး မက်ပီကို ယူရိုသန်း ၁၈၀ နဲ့ ကမ်းလှမ်းခဲ့ပေမယ့် အဆိုပါလူငယ်တိုက်စစ်မှူးက ပီအက်စ်ဂျီအတွက် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့တယ်လို့ မိုနာကိုဒုတိယဥက္ကဋ္ဌ ဗာဆီယက်ဗ်က ဖွင့်ဟခဲ့ပါတယ်။



မက်ပီဟာ ပြီးခဲ့တဲ့နွေဈေးကွက်က မိုနာကိုကနေ ပီအက်စ်ဂျီကို အငှားနဲ့ လာရောက်ကစားနေခြင်းဖြစ်ပြီး ယခုနွေဈေးကွက်ရောက်မှသာ ယူရိုသန်း ၁၈၀ နဲ့ အပြီးသတ်ရောက်ရှိလာမှာဖြစ်ပါတယ်။ ယခုလအစောပိုင်းကပဲ မက်ပီဟာ ရီးယဲလ်မက်ဒရစ်ဆီကိုရော ဘာစီလိုနာဆီကိုပါ ပြောင်းရွှေ့ဖို့ ဆန္ဒမရှိခဲ့ဘူးလို့ ဆိုခဲ့ပါတယ်။ မက်ပီဟာ ပဲရစ်မြို့ဇာတိဖြစ်ပြီး သူဟာ ငယ်ငယ်ကတည်းက ပီအက်စ်ဂျီပရိသတ်အဖြစ် ကြီးပြင်းလာခဲ့သူဖြစ်တယ်လို့ ပြောကြားခဲ့သူဖြစ်ပါတယ်။

ဗာဆီယက်ဗ်က Canal နှင့် အင်တာဗျူးမှာ "ကျွန်တော်တို့ လေ့ကျင့်ရေးကွင်းမှာ ရှိနေကြတုန်း ရီးယဲလ်မက်ဒရစ်အသင်းက ဖုန်းခေါ်ခဲ့ပြီး သူတို့က မက်ပီအတွက် ယူရို ၁၈၀ ပေးမယ်လို့ ကမ်းလှမ်းခဲ့ကြတယ်ဆိုတဲ့ကိစ္စကို သတိရမိပါတယ်၊ ကျွန်တော်က သူ့ကို ကျွန်တော်တို့အနေနဲ့ မငြင်းနိုင်တဲ့ သူ့အတွက် ဒီလို ငွေကြေးမြောက်မြားစွာနဲ့ ကမ်းလှမ်းမှုတွေရရှိခဲ့ပြီး သူ့ရဲ့အိပ်မက်အသင်းတစ်သင်းကို ပြောင်းသင့်တယ်လို့ ပြောခဲ့တယ်။ နောက်တော့ သူက ကျွန်တော့်ကို ပဲရစ်ကိုသွားချင်တယ်လို့ပြောခဲ့ပြီး ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြပါတယ်"လို့ ဖြေကြားခဲ့တာဖြစ်ပါတယ်။

**မေလွှဲသင်း-ရေးသားသည်**



# နာပိုလီနည်းပြဟောင်း ဆာရီအားခေါ်ယူရန် ချယ်လ်ဆီးအသင်းနီးစပ်မှုရှိနေ

ချယ်လ်ဆီးအသင်းသည် နာပိုလီအသင်းနည်းပြဟောင်း ဆာရီအား စာချုပ်ချုပ်ဆိုခေါ်ယူရန် နီးစပ်မှုရှိနေပြီး ပြောင်းရွှေ့ကြေးပေါင်ငါးသန်းဖြင့် သဘောတူညီမှုရရှိထားကြောင်းလည်း သိရသည်။

ဂိုးလ်ဒေါ့ကွန်း၏ ဖော်ပြချက်အရ ချယ်လ်ဆီးအသင်းအနေဖြင့် ဆာရီအား ခေါ်ယူခွင့်ရရှိမည်ဆိုပါက ပြောင်းရွှေ့ကြေးပေါင် ရှစ်သန်းပေးပြီး ခေါ်ယူရန်ရှိနေပြီး နာပိုလီအသင်းကလည်း နည်းပြဆာရီ၏ နေရာတွင် ကားလို့စ်အန်စလော့တီဖြင့် အစားထိုးခန့်အပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်း နည်းပြကွန်တီ သည်လည်း စတမ်းဖို့ဘရစ်ချ်တွင် နှစ်ရာသီကြာတာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ပရီမီယာလိဂ်ဖလား တစ်ကြိမ်နှင့် အက်ဖ်အေဖလား တစ်ကြိမ်တို့ကို ဆွတ်ခူးပေးခဲ့ကာ ချယ်လ်ဆီးအသင်းနှင့် လမ်းခွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီး အသင်းသည် နည်းပြသစ်ရှာပုံတော် ဖွင့်ရခြင်းနှင့်အတူ ကစားသမားကောင်းများကိုလည်း အသင်းတွင် ဆက်ရှိရန် ထိန်းသိမ်းထားရဦးမည်ဖြစ်သည်။ ယင်းမှာ ကွင်းလယ်ကစားသမား မိုရက်တာမှာ အင်တာမီလန်အသင်း၊ ဂျူဗင်တပ်အသင်းနှင့် အေစီမီလန်အသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းကြောင့် ချယ်လ်ဆီးအသင်းတွင် ဆက်ရှိရန်မသေချာဖြစ်နေသည်။

ထို့ပြင် ကွင်းလယ်ကစားသမား အေဒင်ဟာဇက်နှင့် ကော်တိုရစ်တို့သည်လည်း ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများ ရှိနေခဲ့ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။ သို့ရာတွင် ချယ်လ်ဆီးအသင်းအနေဖြင့် လက်ရှိအချိန်တွင် ကစားသမားများ ဆက်ထိန်းထားရေးထက် နည်းပြသစ်ကို အပူတပြင်း ရှာဖွေလျက်ရှိပြီး ဆာရီကို နည်းပြသစ်အဖြစ်ခန့်အပ်ရန် သဘောတူညီထားကြောင်း သိရသည်။

**ငွေကြယ်**

# ဂျူဗင်တပ်တောင်ပံကစားသမား ဒေါက်ဂလပ်ကော်စတာအား ယူရို ၈၅ သန်းဖြင့် ခေါ်ယူရန် မန်ယူအသင်းပြင်ဆင်

မန်ယူအသင်းသည် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ တောင်ပံကစားသမား ဒေါက်ဂလပ်ကော်စတာအား ပြောင်းရွှေ့ကြေးယူရို ၈၅ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။



မန်ယူ အသင်းနည်းပြ မော်ရင်ဟိုသည် ဒေါက်ဂလပ်ကော်စတာအား ဘိုင်ယန်မြူးနစ်အသင်းတွင် ရှိနေစဉ်ကတည်းက ခေါ်ယူရန် စိတ်ဝင်စားခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင်လည်း ကမ်းလှမ်းမှုများ ရှိလာခဲ့ကာ ယူရို ၈၅ သန်း(ပေါင် ၇၅ သန်းနီးပါး)ကုန်ကျမည်ဖြစ်ကြောင်းလည်း သိရသည်။

တောင်ပံကစားသမား ဒေါက်ဂလပ်ကော်စတာသည် ဂျူဗင်တပ်အသင်းနှင့်အတူ ပွဲပေါင်း ၄၇ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးခြောက်ဂိုး သွင်းယူပေးခဲ့ကာ ဂိုးဖန်တီးမှု ၁၁ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

■ **Southern အသင်းမှ**

နန်းမင်းအောင်သည် ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ရှမ်းအသင်းမှ Southern အသင်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ဒုတိယပိုင်းတွင် GFA အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းလာသော်လည်း Southern အသင်းက ဂိုးထပ်ရခဲ့ပြီး ၆၃ မိနစ်တွင် ကောင်းစည်သူက သွင်းယူခဲ့သည်။ နှစ်ဂိုးရပြီးနောက်ပိုင်းတွင် Southern အသင်းက ထိန်းကစားခဲ့ရာ GFA အသင်း အခွင့်အရေးပြန်ရလာပြီး ၇၄ မိနစ်တွင် မန်ထိပ်ပေါင် က သွင်းယူခဲ့သည်။

ဝေသာလီကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်အသင်းက စစ်ကိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နှစ်သင်းစလုံး အမှတ်ပြည့်ရရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးမသွင်းနိုင်၍ မိနစ် ၉၀ ပြည့်သည်အထိ ဂိုးမရှိသရေ ကျနေသော်လည်း နာကျင်အချိန်ပိုတွင် ရခိုင်အသင်း အနိုင်ဂိုးရခဲ့ပြီး အာကာကာပိုက သွင်းယူခဲ့သည်။

ယခုတစ်ပတ် ကျင်းပမည့် ပွဲစဉ်(၁၃)မှ ရန်ကုန်နှင့် ဟံသာဝတီ၊ ရှမ်းနှင့် ဇွဲကပင်၊ ရောဝတီနှင့် ရတနာပုံ၊ မကွေးနှင့် မြဝတီပွဲကို မြန်မာ့လက်ရွေးစင် အသင်းနှင့် တရုတ်လက်ရွေးစင်အသင်း ခြေစမ်းပွဲကြောင့် ရွှေ့ဆိုင်းထားပြီး ဇူလိုင် ၂၁၊ ၂၂ ရက်များတွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

# ဆေးဝါးမဏ္ဍိုင် ဘီပီအိုင် (အပိုင်း - ၂)

ကိုကိုအောင် (စက်မှုဆေးဝါး)

**ကွန်ပျူတာထိန်းချုပ်မှုစနစ် သိုလှောင်ရုံတည်ထောင်ခြင်း**

ဆေးဝါးကုန်ကြမ်း၊ ကုန်ချောများကို မြင်တွေ့နေကျဖြစ်သည့် သာမန်သိုလှောင်ရုံများဖြင့် ထိန်းသိမ်းပါက စိုထိုင်းဆကြောင့် မှိုတက်ခြင်း၊အပူချိန်ကြောင့် အာနိသင်ထိခိုက်ခြင်းတို့ဖြစ်နိုင်သည်။ ဆေးဝါးစက်ရုံ(အင်းစိန်)တွင် တန် ၄၀၀၀ ဆံ့ ကွန်ပျူတာထိန်းချုပ်မှုစနစ်သုံးသိုလှောင်ရုံ (Automatic Storage& Retrieval System Warehouse) ကို၂၀၁၆ ခုနှစ် မေလ ၂၀ ရက်နေ့တွင် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းသိုလှောင်ရုံသည် ဆေးဝါးကုန်ကြမ်း၊ ကုန်ချောများကို သတ်မှတ်အပူချိန်နှင့် စိုထိုင်းဆအတွင်းထိန်းသိမ်းထားနိုင်ပြီး မှိုတက်ခြင်း၊ အာနိသင်ထိခိုက်ခြင်းတို့ ကင်းဝေးစေသည့်အပြင် ကွန်ပျူတာထိန်းချုပ်မှုသုံးအလိုအလျောက်သွင်း/ထုတ်နိုင်မှုစနစ် ထည့်သွင်းတပ်ဆင်ထားသဖြင့် ဆေးဝါးကုန်ကြမ်း၊ ကုန်ချောများကို အချိန်တိုအတွင်း စနစ်တကျအသွင်း၊ အထုတ်ပြုလုပ်နိုင်ပြီး ပြည်တွင်း၌ တစ်ခုတည်းသော (ASRS) စနစ်သုံး သိုလှောင်ရုံဖြစ်သည်။

**ထိုးဆေးထုတ်လုပ်ရေးလိုင်းသစ်တည်ထောင်ခြင်း**

ရှိနှင့်ပြီးဖြစ်သည့် ထိုးဆေးထုတ်လုပ်ရေးလိုင်း (Small Volume Parenteral Production Plant)မှာ ယခုထိကောင်းမွန်စွာထုတ်လုပ်နိုင်သော်လည်း ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ(Current GMP Guidelines) အတိုင်းပိုမိုတိကျစွာဆောင်ရွက်နိုင်ရန်နှင့် ထိုးဆေးများ တိုးမြှင့်ထုတ်လုပ်နိုင်ရန်တို့အတွက် နိုင်ငံတကာအဆင့်မီ ထိုးဆေးထုတ်လုပ်ရေးလိုင်းအသစ်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ယခင်ထုတ်လုပ်မှုစနစ် (Off Line System)မှာ ထုတ်လုပ်မှုအခန်းသန့် Clean Room တွင် သတ်မှတ် Packing ဖြင့် ထုပ်ပိုးထားသည့် ထိုးဆေးထည့်သွင်းရန်ပုလင်း(Ampoule)များကို ဆေးကြောသန့်စင်စက် (Ultrasonic Ampoule Washing Machine) တွင် ဆေးကြောပြီးနောက် စတီးပုံးများဖြင့်ထည့်ကာ ပိုးသတ်ပေါင်းခံစက် (Sterilizer) ဖြင့် ပိုးသတ်ရသည်။ ယခုတည်ဆောက်ထားသည့် ထုတ်လုပ်ရေးလိုင်းသစ်တွင် ထိုးဆေးပုလင်းဆေးကြောသန့်စင်စက်၊ ပိုးသတ်ပေါင်းခံလိုင်း (Depyrogenation Tunnel)နှင့် ထိုးဆေးဖြည့်တင်းစက် (Filling Machine)တို့သည် တစ်ဆက်တစ်စပ်တည်း တည်ဆောက်ထားသည့်စနစ်(In Line System)ကို အသုံးပြုထားသည်။

**ပဋိဇီဝထိုးဆေးထုတ်လုပ်ရေးလိုင်းတည်ထောင်ခြင်း**

နိုင်ငံတကာအဆင့်မီ ပဋိဇီဝထိုးဆေးထုတ်လုပ်ရေးလိုင်း (Cephalosporin Production Plant) သစ်အား ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးကဏ္ဍအတွက် အထူးလိုအပ်သည့် တတိယမျိုးဆက်နှင့် စတုတ္ထမျိုးဆက်ပဋိဇီဝဆေးဝါးများ (Third Generation & Fourth Generation Cephalosporin) များကိုလည်း ဆေးဝါးထုတ်လုပ်မှုနောက်ဆုံးပေါ်နည်းစနစ်ဖြင့် ထုတ်လုပ်လျက်ရှိသည်။

> ပြည်တွင်း၌ ထုတ်လုပ်သည့် ခေတ်မီ အနောက်တိုင်း ဆေးဝါးများသည် မိမိပြည်သူ အသုံးပြုရန် ထုတ်လုပ်ရခြင်းဖြစ်ပြီး အမှားအယွင်း အတိမ်းအစောင်း မရှိအောင် ကြပ်မတ်စစ်ဆေးမှုများ အဆင့်ဆင့် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် . . .



ဆေးဝါးစက်ရုံ (အင်ရောင်း)

**ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်ရေးလိုင်းသစ်တည်ထောင်ခြင်း**

ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်ရေးလိုင်း (Tablet & Capsule Production Plant) မှာ စက်ရုံစတင်ဖွင့်လှစ်စဉ်ကပင် တည်ထောင်ခဲ့ခြင်းဖြစ်သဖြင့် ပြောင်းလဲလာသည့် ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ Current GMP Guidelines အတိုင်း တိကျစွာထုတ်လုပ်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် နိုင်ငံတကာအဆင့်မီ ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်ရေးလိုင်းသစ်အား တည်ထောင်ဖွင့်လှစ်၍ အရည်အသွေးမီ ဆေးပြား၊ ဆေးတောင့်များကို ထုတ်လုပ်လျက်ရှိသည်။ ထုတ်လုပ်ရေးနည်းစဉ်ဟောင်းတွင် ဆေးမှုန့်ရောစပ်ခြင်း၊ ကော်ရည်လောင်းခြင်း၊ ရေငွေ့ပေါင်းခံခြင်းတို့ကို သီးခြားစက်များဖြင့် ဆောင်ရွက်ရသဖြင့် ထုတ်လုပ်သည့်နည်းစဉ်များပြားသည်။ အသစ်တည်ဆောက်ထားသည့် ထုတ်လုပ်ရေးလိုင်းတွင် အထက်ပါထုတ်လုပ်မှုနည်းစဉ်အားလုံးအား ဆေးဖျော်စပ်စက် (Fluid Bed Processor) တစ်ခုတည်းအတွင်း ထုတ်လုပ်နိုင်သည်။

**သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးလိုင်းသစ် တိုးချဲ့တည်ထောင်ခြင်း**

သွေးကြောသွင်းဆေးရည် (Infusion) မှာ ပြည်တွင်းလိုအပ်ချက်၏ ၂၀ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နိုင်သဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိသည်။ ယခုအခါ ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်ရောင်း)တွင် သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးလိုင်းသစ်အား တိုးချဲ့တည်ဆောက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းတွင်ဖွင့်လှစ်နိုင်မည်ဖြစ်သည်။ သွေးကြောသွင်း ဆေးရည်ထုတ်လုပ်ရေးလိုင်းသစ် ဖွင့်လှစ်ပြီးပါက ပြည်တွင်း သွေးကြောသွင်းဆေးရည်လိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းအထိ ဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။

**ပြည်တွင်းဆေးဝါးထုတ်လုပ်မှုအခြေအနေ**

ဘီပီအိုင်ဆေးဝါးထုတ်လုပ်မှုသည် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အထိ ပြည်တွင်းဆေးဝါးလိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နိုင်ခဲ့သည်။ စက်မှုဝန်ကြီးဌာန၏ ဆေးဝါးစက်ရုံများမှ ဆေးဝါးများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးမြှင့်ထုတ်လုပ်ခဲ့ရာတွင် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆေးဝါးစက်ရုံ (အင်းစိန်)၊ ဆေးဝါးစက်ရုံ (အင်ရောင်း)နှင့် ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)တို့မှ ကျပ်ငွေဘီလီယံ ၅၀ တန်ဖိုးခန့် ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်တွင်းလိုအပ်ချက်၏ ၁၅ ရာခိုင်နှုန်းခန့် ဖြည့်တင်းလာနိုင်သည်။ ယခုအခါပြည်တွင်းဆေးဝါးစက်ရုံများ စုစုပေါင်းထုတ်လုပ်မှုသည် ပြည်တွင်းလိုအပ်ချက်၏၂၀ ရာခိုင်နှုန်းခန့်ထိ ပြည့်မီလာသည်။

**နိုင်ငံခြားသို့တင်ပို့နိုင်မှု**

ဆေးဝါးထုတ်လုပ်မှုသည် ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် ထုတ်လုပ်နိုင်ခြင်းမရှိသေးသဖြင့် ပြည်တွင်းလိုအပ်ချက်၏ ၈၀ ရာခိုင်နှုန်းခန့်အား ပြည်ပမှ တင်သွင်းလျက်ရှိသည်။ ပြည်တွင်းဆေးဝါးစက်ရုံများသည် လိုအပ်ချက်ကို ပြည့်မီအောင်ထုတ်လုပ်နိုင်ခြင်းမရှိသေးသော်လည်း ပြည်တွင်းမှ ထုတ်လုပ်သည့်ဆေးဝါးအချို့မှာ ပြည်ပမှလိုအပ်ချက်ထက် ပိုမိုတင်သွင်းသည့်ဆေးဝါးများနှင့် ဈေးကွက်ယှဉ်ပြိုင်ဖြန့်ဖြူးရောင်းချရသည်။ လက်ရှိတွင် ဆေးဝါးထုတ်လုပ်မှုသည် ပြည်တွင်းလိုအပ်ချက်ကို မပြည့်မီသေးသော်လည်း မကြာမီကာလအတွင်း ဆေးဝါးထုတ်လုပ်မှုသည် ပြည်တွင်းလိုအပ်ချက်ပြည့်မီသွားနိုင်မည့် အခြေအနေများရှိသဖြင့် ပြည်တွင်းသာမက ပြည်ပဆေးဝါးဈေးကွက်သို့ ယှဉ်ပြိုင်ရောင်းချရန်ကြိုးပမ်းရသည်။ ယခုအခါ ဘီပီအိုင်ဆေးဝါးများကို အယ်လ်ဂျီးရီးယားနိုင်ငံသို့ တင်ပို့ရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ပြည်တွင်းထုတ်လုပ်မှု၏ အားသာချက်**

ဆေးဝါးထုတ်လုပ်မှုသည်GMP Guidelines အတိုင်း တိကျစွာ ထုတ်လုပ်ရပြီး ဆေးတစ်မယ် ချင်းစီအတွက် (Master Formula) နှင့်(Standard Operating Procedure) နှင့်အညီ တိကျစွာဆောင်ရွက်ရသည်။ ဆေးဝါးထုတ်လုပ်မှုအဆောက်အအုံနှင့် စက်ပစ္စည်းများအတွက်လည်း သတ်မှတ်ပြဋ္ဌာန်းချက်များစွာရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားပြီး အမှားအယွင်း အတိမ်းအစောင်းမခံသည့် လုပ်ငန်းဖြစ်သည်။ ဆေးဝါးထည့်သည့် ပလတ်စတစ်ဆေးဘူးသည်ပင် ဆေးနှင့် ဓာတ်ပြုခြင်းမဖြစ်နိုင်ရန် ဆေးဝါးထည့်သွင်းအသုံးပြုရန် သီးသန့်ထုတ်လုပ်ထားသည့် ( Pharmaceutical Grade ) ပလတ်စတစ်အမျိုးအစားဖြစ်ရန်လိုသည်။ ဆေးဝါးဖော်စပ်ထားသည့် ကုန်ကြမ်း ( Active Pharmaceutical Ingredient) များသည်လည်း ကောင်းမွန်မှန်ကန်ရန် လိုအပ်သည်။

ထို့အတွက်ကြောင့် ပြည်ပမှတင်သွင်းသည့် ဆေးဝါးများအသုံးပြုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ စစ်ဆေးခွင့်ပြုချက်ရရှိထားမှ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်သည်။ ပြည်တွင်း၌ ထုတ်လုပ်သည့် ခေတ်မီ အနောက်တိုင်းဆေးဝါးများသည် မိမိပြည်သူ အသုံးပြုရန် ထုတ်လုပ်ရခြင်းဖြစ်ပြီး အမှားအယွင်း အတိမ်းအစောင်းမရှိအောင် ကြပ်မတ်စစ်ဆေးမှုများ အဆင့်ဆင့်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် မူလဇစ်မြစ် မသိနိုင်သည့် ပြည်ပမှဆေးဝါးများကို အသုံးပြုရခြင်းထက် ပိုမိုယုံကြည်စိတ်ချရမှုရှိသည်။




ကွန်ပျူတာထိန်းချုပ်မှုစနစ်သုံးတန် ၄၀၀၀ ဆံ့ ဆေးဝါးသိုလှောင်ရုံ













# ပွဲလယ်ပြင်ပ ချီးမွမ်းကြလည်း ရှုတ်ချနောက်ဆုံး ရှိချေ၏

ကိုရင်ဩ

နိုင်ငံရေးစစ်တလင်း၌ ချောင်ပိတ်မိခဲ့သူ မလေးရှားဝန်ကြီးချုပ်ဟောင်း နဂျစ်ရာဇတ်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီဌာနချုပ်ရုံးတွင် ဒုတိယမြောက်နေ့အဖြစ် မေ ၂၄ ရက်က ခြောက်နာရီကျော်မျှ ကစိန်းကဝါး စစ်ဆေးမေးမြန်းမှုကို ခံယူခဲ့ရသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရလေသောအခါ ဂုဏ်သိန်အပေါင်း ခညောင်းခဲ့သူ နိုင်ငံရေးသမားတစ်ဦးအတွက် တစ်သွန်တည်း ကျရှုံးမှုကို ဖြစ်စေနိုင်သော အရာသည်ကား အဂတိတရားလေးပါးပါပေတည်းဟု ကျွန်ုပ်လောဂျစ် ထုတ်မိလေ၏။

နိုင်ငံတော်ရင်းနှီးမြှုပ်နှံရေး ရန်ပုံငွေ မသမာမှုအရှုပ်တော်ပုံအရ နဂျစ်အစစ်ခံခဲ့ရသည့်နည်းတူ ယင်းအရှုပ်တော်ပုံကို ဖော်ကောင်လုပ်ခဲ့သူ ပက်ထရိုးဆော်ဒီ အင်တာနေရှင်နယ်ကုမ္ပဏီ ညွှန်ကြားရေးမှူးဟောင်း ဇာဗီးအင်ဒရေးဂျပ်စတိုကိုလည်း အဂတိလိုက်မှု တိုက်ဖျက်ရေးကော်မရှင်ရုံးတွင် တွေ့မြင်ခဲ့ရသည်ဆို၏။

**ဆရာအာခံ အာခေါင်လှုံစူး**

နဂျစ်သည်ကား 'ဆရာကို အာခံ၊ အာခေါင်လှုံစူး' ဘိအလား ရွေးကောက်ပွဲ၌ ဆရာဟောင်း မဟာသီ၏ ဖြုတ်ချမှုကို ခံခဲ့ရပေရာ ခွေယိုင်သွားခဲ့ရသော သူ၏ နိုင်ငံရေးပုံရိပ်ကို ထင်ကျန်ရစ်စေ၏။

၁၉၅၇ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ချိန်မှစ၍ နိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့သော ဘာရီဆန်နေရှင်နယ်ညွန့်ပေါင်းအုပ်စု၏ အကြီးအမှူးအဖြစ် တန်ခိုးအာဏာကြီးထွားခဲ့လင့်ကစား အဂတိလိုက်မှု (ဝါ) အကျင့်ပျက်ခြစားမှုနှင့် စီးပွားရေးပြဿနာများ ပွေလီမှုတို့က နိုင်ငံအတွက် စိန်ခေါ်မှုကြီးများ ဖြစ်လာချေပြီဟူပေ။

၂၀၁၅ ခုနှစ်တွင် နိုင်ငံတော် ရင်းနှီးမြှုပ်နှံရေးရန်ပုံငွေမှ ဒေါ်လာသန်း ၇၀၀ ကို သူ၏ ပုဂ္ဂလိကဘဏ်ငွေစာရင်းသို့ လွှဲပြောင်းပေးခဲ့သည်ဟု စွပ်စွဲခံခဲ့ရပြီးနောက် နဂျစ်၏ ဂုဏ်သတင်းမှာ ကတိမ်းကယိမ်းဖြစ်ခဲ့ရ၏။ ယင်းစွပ်စွဲချက်ကို သူက ငြင်းဆိုခဲ့ပြီး အာဏာပိုင်များကလည်း ရှင်းထုတ်ပေးခဲ့ကြ၏။

သို့တစ်မူကား ယင်းဘဏ္ဍာငွေကြေး အရှုပ်တော်ပုံမှာ မေ ၉ ရက် ရွေးကောက်ပွဲအပေါ် အရိပ်မည်းကြီးထိုးခဲ့ပြီးလျှင် အသက် ၉၂ နှစ်ရှိ သက်ကြီး နိုင်ငံရေးသမားကြီး မဟာသီ၏ ခြိမ့်ခြိမ့်သဲသဲ နိုင်ငံရေးအောင်ပွဲခံမှုကို ကျွန်ုပ်တို့ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြရ၏။

**နိုင်ငံရေး မင်းသွေးနော**

အကယ်တန္တု နဂျစ်မှာ မျိုးရိုးဗီဇအရ ခေသူမဟုတ်၊ 'နိုင်ငံရေး အရစ္စတိုခရေစီ' (ဝါ) နိုင်ငံရေး သာကီမျိုးနွယ်မှ ဆင်းသက်ပေါက်ဖွားလာခဲ့သူပါပေတည်း။

မလေးရှားနိုင်ငံ၏ ဒုတိယမြောက် ဝန်ကြီးချုပ်အဗ္ဗဒူလ်ရာဇတ်၏ သားကြီးဩရသလည်းဖြစ်၊ နိုင်ငံတော်၏ တတိယမြောက်ဝန်ကြီးချုပ် ဟူစိန်အွန်း၏ တူတော်မောင်လည်းဖြစ်သူ နဂျစ်မှာ မျိုးရိုးဂုဏ်အင်တစ်ပွေ့တစ်ပိုက်ဖြင့် အသရေလွှမ်းခဲ့သူဖြစ်၏။

ဗြိတိန်နိုင်ငံ နော်တင်ဟမ်တက္ကသိုလ်မှ ကုန်ထုတ်ဘောဂဗေဒ ဘာသာရပ်ဖြင့် ဘွဲ့ဒီဂရီရရှိခဲ့သော နာဂျစ်သည် ၁၉၇၄ ခုနှစ်တွင် ပြည်တော်ပြန်လာခဲ့ပြီးလျှင် နိုင်ငံပိုင် 'ပက်ထရိုးနတ်' ရေနံကုမ္ပဏီကြီးတွင် အလုပ်လုပ်ကိုင်ခဲ့သည်။

နောက်နှစ်နှစ်အကြာ ဖခင်ကြီး ရုတ်ခြည်း ကွယ်လွန်အနိစ္စရောက်ရှိလေသောအခါ နဂျစ်မှာ မလေးရှားနိုင်ငံ၏ အသက်အငယ်ဆုံး အမတ်တစ်ဦးအဖြစ်သို့ ဒေါင်းတင်မောင်းတင် ရောက်ရှိလာခဲ့သည်။ ထိုစဉ်က သူ့အသက်မှာ ၂၃ နှစ်မျှသာရှိသေးသည်။

နိုင်ငံရေးစန်း တက်လမ်းပွင့်လေသော နဂျစ်မှာ ဝန်ကြီးအဖွဲ့၏ ရာထူးနေရာ အမျိုးမျိုး (စွမ်းအင်၊ ဆက်သွယ်ရေး၊ ပညာရေး၊ ဘဏ္ဍာရေးနှင့် ကာကွယ်ရေး) တွင် အမှုတော်ထမ်းရွက်ခဲ့၏။ ယင်းနောက် နိုင်ငံရေးသိဒ္ဓိ ပိုတက်လာခဲ့ပြီးလျှင် ၂၀၀၄ ခုနှစ်တွင် ဝန်ကြီးချုပ် အဗ္ဗဒူလာ ဘာဒါဝီ လက်ထက် ဒုတိယဝန်ကြီးချုပ်ရာထူးကို လှမ်းဆွတ်ယူခဲ့လေသည်။

၂၀၀၉ ခုနှစ်တွင် အဗ္ဗဒူလာ ရာထူးမှ ဆင်းပေးခဲ့ပြီး နိုင်ငံတော်အာဏာကို နဂျစ်ထံသို့ နှင်းအပ်ခဲ့၏။

နိုင်ငံရေး လွတ်လပ်ခွင့် ပိုမိုရရှိစေမည်ဟူသော ကတိကဝတ်ပြုမှုနှင့်အတူ အာဏာရရှိလာသူ နဂျစ်သည် တကယ့်လက်တွေ့တွင် အပြောနှင့်အလုပ် ရှေ့နောက်မညီသည့် လုပ်ဆောင်ချက်များကို ပြသလာခဲ့သည်။ ပြည်သူများ စုဝေးခွင့်ဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ပိုမိုတင်းကျပ်လာခဲ့ပြီး အငြင်းပွားပြောဆိုဖွယ်ရာ ဖြစ်ခဲ့ရသော ပြည်တွင်းလုံခြုံရေး အက်ဥပဒေကို ၂၀၁၁ ခုနှစ်တွင် တရားဝင် ပယ်ဖျက်ခဲ့သည်။ ယင်းနောက်တွင် ရုံးတင်စစ်ဆေးခြင်း မရှိဘဲ ထိန်းသိမ်းနိုင်ခွင့် အာဏာကို ပြန်လည်ဆုပ်ကိုင်ကာနိုင်ငံရေး အတိုက်အခံများကို ကြွမလာအောင် ထိန်းကွပ်ခဲ့သည်။

ထိုမျှမကနိုင်ငံတော်အား အကြည်ညိုပျက်စေမှုဆိုင်ရာ ဥပဒေကို ဖျက်သိမ်းပေးပါမည်ဟု ကတိပြုခဲ့သူ နဂျစ်မှာ ယင်းသို့ ဖျက်သိမ်းခြင်း မပြုရုံမျှမက ယင်းဥပဒေကို ပိုမိုတင်းကျပ်အောင် ပြုမူခဲ့သည်ဟု သူ၏ အတိုက်အခံများက ပြောကြားခဲ့ကြလေသည်။

နိုင်ငံရေးအတိုက်အခံများ အသံတိတ်သွားစေရန် နဂျစ်က ဦးတည်ဆောင်ရွက်ခဲ့ပြီး သူ၏ ပါတီအတွက် အဓိကထောက်ခံမှုပေးနေသော မလေး မွတ်စလင်တို့၏ ဆန္ဒများကို သူကဖြည့်ဆည်းပေးခဲ့သည်ဟူ၍လည်း ဝေဖန်မှုများ ပေါ်ထွက်ခဲ့၏။

အတိုက်အခံခေါင်းဆောင်နှင့် ဒုတိယဝန်ကြီးချုပ်ဟောင်း အန်ဝါအီဘရာဟင်ကို ဓမ္မတာနှင့် ဆန့်ကျင်၍ ပျော်ပါးမှုစွဲချက်ဖြင့် ၂၀၁၅ ခုနှစ်တွင် ဒုတိယအကြိမ် ပြစ်ဒဏ်ခတ်စေခဲ့၏။ အီဘရာဟင်ကိုယ်တိုင်ကမူ နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်မှုကို မိမိတွေ့ကြုံခဲ့ရသည်ဆို၏။

၂၀၁၆ ခုနှစ်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရန် ရည်ရွယ်သော လုံခြုံရေးအက်ဥပဒေကို အသုံးချကာ ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေး လှုပ်ရှားသူများကို ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ခဲ့ပြီးလျှင် ယခုနှစ်ဧပြီလတွင် နဂျစ်၏ အစိုးရအဖွဲ့က 'သတင်း အတုအယောင်' ဖြန့်ချိမှု တိုက်ဖျက်ရေး ဥပဒေတစ်ရပ်ကို ပြဌာန်း နိုင်အောင် ကြိုးပမ်းခဲ့လေသည်။

**စိန်ခေါ်မှုများနှင့် အငြင်းပွားစရာများ**

နိုင်ငံရေး ခရီးလမ်းတစ်လျှောက် စိန်ခေါ်မှုများနှင့် အငြင်းပွားပြောဆိုစရာများနှင့် တွေ့ကြုံရသူသည်ကား နဂျစ်ဖြစ်၏။ သပွတ်အူလိုက်သော အဂတိလိုက်မှု စွပ်စွဲချက်များနှင့် အငြင်းပွားစရာများကို ကြည့်လျှင် တွေ့မြင်နိုင်သည်မှာကား -

- ၂၀၀၂ ခုနှစ်တွင် ပြင်သစ်လုပ် ရေငုပ်သင်္ဘော၂နှစ်စင်း ဝယ်ယူခြင်းကိစ္စ၊
- ၂၀၀၆ ခုနှစ်တွင် မွန်ဂို နိုင်ငံ သားတစ်ဦး သတ်ဖြတ်ခံရမှုတွင် နဂျစ်၏ လက်ထောက်တပည့်တစ်ဦး ပါဝင်ပတ်သက်နေခြင်းကိစ္စ၊
- ၂၀၁၄ ခုနှစ် မတ်လတွင် မလေးရှားလေကြောင်းဌာန၏ ခရီးသည်တင်လေယာဉ် (အမ်အိပ်ချ်-၃၇၀) ပဟေဠိဆန်ဆန် ပျောက်ဆုံးသွားသည့်ကိစ္စနှင့်
- ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် အမ်အိပ်ချ်-၁၇ ခရီးသည်တင်လေယာဉ် ယူကရိန်းနိုင်ငံပိုင် ဝေဟင်တွင် ပစ်ချခံခဲ့ရသည့် ကိစ္စတို့ဖြစ်၏။

နဂျစ်၏ နိုင်ငံရေးဘဝခရီးတွင် ပိုးထိုးလောက်ကိုက်အဖြစ်ရဆုံး အရှုပ်တော်ပုံမှာကား 1 Malaysia Development Berhad (1MDB) အမည်ရှိ နိုင်ငံတော်ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီ၏ ရန်ပုံငွေနှင့် သက်ဆိုင်နေသော အဂတိလိုက်မှုနှင့် စီမံခန့်ခွဲမှု လွဲမှားခြင်း စွဲချက်များ ပေါ်ထွက်လာမှုပါပေတည်း။

အကျိုးရလဒ်အားဖြင့် မြို့တော်ကွာလာလမ်ပူ၌ လူထုဆန္ဒပြပွဲများ သောသောညံခဲ့သည်။ နဂျစ်ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။

နဂျစ်၏ ဆရာဟောင်း မဟာသီမိုဟာမက်ကိုယ်တိုင်က သူရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုခဲ့သည်။ သို့ဖြစ်လင့်ကစား နဂျစ်မှာ ထုံတေတေနှင့် နိုင်ငံရေးကျတ်ငန်ရေကို သောက်မြဲသောက်နေခဲ့သည်ဆို၏။

၂၀၁၅ ခုနှစ် ဇူလိုင်လတွင် နဂျစ်က သူ၏ လက်ထောက် ဒုတိယဝန်ကြီးချုပ်ကို အစားထိုးခဲ့သည်။ နဂျစ်အပေါ် စီးမိုးထားသော အဂတိလိုက်မှု အရှုပ်တော်ပုံကိစ္စကို ဝေဖန်ခဲ့သူဖြစ်ခြင်းကြောင့် ရာထူးမှ ဖယ်ရှားလိုက်ခြင်းဖြစ်သည်။ ၎င်းအပြင်အရှုပ်တော်ပုံကို စုံစမ်းစစ်ဆေးနေသော ရှေ့နေချုပ်မှာလည်း ကျန်းမာရေးအကြောင်းပြချက်အရ ရာထူးမှ ဖယ်ရှားခံခဲ့ရသည်။

၂၀၁၇ ခုနှစ် မတ်လ၌ လွှတ်တော်ထံသို့ ပေးပို့သည့် စာလွှာစာတမ်းတွင် နဂျစ်က 1MDB ရန်ပုံငွေကိစ္စနှင့် ပတ်သက်၍ ကာကွယ်ပြောဆိုခဲ့သည်။

အဆိုပါ ရန်ပုံငွေနှင့် သက်ဆိုင်နေသော ငွေကြေး အလွှဲအပြောင်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အမေရိကန်၊ စင်ကာပူ၊ ဆွစ်ဇာလန်နှင့် လူဇင်ဘတ်နိုင်ငံတို့ အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတွင် ယနေ့တိုင်အောင် စုံစမ်းစစ်ဆေးနေကြဆဲဖြစ်သည်။

**မဲဆွယ်စည်းရုံး**

နဂျစ်သည် အဂတိလိုက်မှုဖြင့် သူ၏ ဂုဏ်သတင်းမှေးမှိန်ခဲ့ရသကဲ့သို့ လူထုလက်ခံချင်စရာမရှိဆုံး စီးပွားရေးမူဝါဒတစ်ရပ်အဖြစ် ၂၀၁၅ ခုနှစ်တွင် ကုန်စည်ခွန်နှင့် ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အခွန်ခြောက်ရာခိုင်နှုန်း စည်းကြပ်ကောက်ခံရန် သတ်မှတ်ပေးခဲ့ခြင်းအတွက် ပြည်သူများ၏ ထောက်ခံမှု ဆုံးရှုံးခဲ့ရလေသည်။

ထိုစဉ်အတွင်း ပြည်သူတို့မှာ လူနေမှုဘဝ စရိတ်စကကြီးလေးသည့်ဒဏ်ကြောင့် နဂျစ်၏ အစိုးရအဖွဲ့အပေါ် စိတ်ပျက်အားလျော့ခဲ့ကြသည်။ ဝင်ငွေနိမ့် ပြည်သူများနှင့် ကျေးလက်ဒေသနေ ပြည်သူများအတွက် ငွေကြေးအထောက်အပံ့များ ပေးပါမည်ဟု မဲဆွယ် စည်းရုံးခဲ့သည့်တိုင်အောင် နဂျစ်မှာ အလာကောင်းသော်လည်း အခါနှောင်းခဲ့ရလေပြီ။

ရာထူးအာဏာပါဝါရရှိနေစဉ်အတွင်း မရိုးမသား ပြုမူခြင်း၊ ဥပဒေဘောင်လွတ်ငှက်တောင်ကျွတ်သို့ ဆောင်ရွက်ခြင်း၊ စာရိတ္တသီလ၊ ဝါရိတ္တသီလ၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးတို့ ကျိုးပေါက်ခြင်းတို့သည် အမျိုးအစားလည်းကောင်းမွန်၊ ရနံ့ဩဇာနှင့်လည်းပြည့်စုံသော သစ်သီးတစ်လုံးအတွင်း ပိုးထိုးလောက်ကိုက် ဖြစ်ဘိသကဲ့သို့လည်းကောင်း၊ ပသာဒတင့်တယ်သည့် အိမ်ကြီးတစ်လုံး ခြစားခံရဘိသကဲ့သို့လည်းကောင်း အသွင်သဏ္ဌာန်တူလှသည်ဟု ကျွန်ုပ်ရှုမြင်မိ၏။

နိုင်ငံရေး ကတိသစ္စာ (ဂတိတရား) ပျက်ပြားခြင်း (ဝါ) အဂတိလိုက်ခြင်းသည် အကြင် နိုင်ငံရေးသမားတစ်ဦးအား လူအဝှန့်၏ စိမ်ရေသင့်မှုကို ဖြစ်နိုင်သည်ဟူ၍ တွေးတောမိရင်း "ပွဲလယ်ပြင်ပ ချီးမွမ်းကြလည်း ရှုတ်ချနောက်ဆုံး ရှိချေ၏" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။



ဓာတ်ပုံ - အေအက်ဖ်ပီ

Ref: Malaysia's ex-PM Najib says questioning has concluded after 6 hours on second day at anti-graft agency (CNA)

# ကောင်းမွန်တဲ့အရာတွေကို လုပ်ဆောင်နေကြောင်း ဂျက်လီပွင့်ဟ



တရုတ်မင်းသားတစ်ဦးဖြစ်တဲ့ ဂျက်လီက ပရိသတ်တွေအနေနဲ့ သူ့ရဲ့ကျန်းမာရေးအပေါ် စိုးရိမ်ပူပန်ပေးကြတဲ့အတွက် ကျေးဇူးတင်ကြောင်း လတ်တလောမှာတော့ ထုတ်ဖော်ပြောကြားလာပါတယ်။ ဂျက်လီရဲ့ဓာတ်ပုံကို မြင်ခဲ့ရာကနေ မင်းသားကြီးရဲ့ ကျန်းမာရေးအတွက် စိုးရိမ်ကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြခဲ့ရာမှာတော့ ဂျက်လီက သူ့ရဲ့ကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး တိတ်တဆိတ်မနေနိုင်တော့ဘဲ လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၂၄ ရက်မှာတော့ ကိုယ်ခံပညာရှင် မင်းသားကြီး ဂျက်လီက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ကျန်းမာရေးနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့တာပါ။ ဂျက်လီက သူ့ရဲ့ ကျန်းမာရေးအတွက် စိုးရိမ်ပေးကြတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ကြောင်းနဲ့ လက်ရှိမှာတော့ သူဟာ နေကောင်းနေတယ်လို့ ခံစားနေရပြီး တကယ့်ကို ကောင်းမွန်တဲ့ အနုပညာဖန်တီးမှုတွေလည်း ပြုလုပ်နေကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဒ့ါအပြင် မင်းသားကြီးဟာ သူ့ရဲ့ စီမံကိန်းအသစ်တစ်ခုကိုလည်း မကြာမီကာလအတွင်း ပရိသတ်တွေရှေ့ ချပြသွားဖို့ရာ ရှိနေကြောင်း ဆိုပါတယ်။

ဒီလိုရေးသားဖော်ပြချက်နဲ့အတူ ဗီဒီယိုဖိုင်တစ်ခုကိုလည်း ဂျက်လီက တွဲဖက်ဖော်ပြခဲ့ပါတယ်။ မကြာသေးမီက ရိုက်ကူးထားတဲ့ ယင်းဗီဒီယိုဖိုင်မှာတော့ မင်းသားဟာ ချန်ဂူးကို ရောက်ရှိနေပြီး လူအများကို စကားပြောကြားနေတာတွေ့ရပါတယ်။ အဆိုပါအချိန်မှာတော့ ဂျက်လီဟာ စိတ်အားထက်သန်စွာနဲ့ ပြောကြားနေတာဖြစ်ပြီး ကျန်းမာရေးကောင်းမွန်နေပုံလည်း ပေါ်နေပါတယ်။

နာမည်ကျော် ကိုယ်ခံပညာရှင် မင်းသားကြီး ဂျက်လီဟာ သိုင်းရွိုက်ရောဂါခံစားနေရကြောင်း မကြာသေးမီက ပရိသတ်တစ်ဦးက သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်ကနေ တစ်ဆင့် ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မေ ၁၉ ရက်မှာတော့ ဘုံကျောင်းတစ်ကျောင်းကို တက်ရောက်လာတဲ့ ဂျက်လီရဲ့ ဓာတ်ပုံကို ပရိသတ်တစ်ဦးက သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီး မင်းသားကြီးဟာ သိုင်းရွိုက်ရောဂါနဲ့ ကျောရိုးမကြီးနဲ့ ပတ်သက်တဲ့ ဝေဒနာတွေ ခံစားနေရကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီဓာတ်ပုံနဲ့ ဖော်ပြမှုတွေကြောင့် ဂျက်လီရဲ့ ပရိသတ်တွေက မင်းသားရဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး စိုးရိမ်ကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတာပါ။ ဒါကြောင့် သတင်းတွေထွက်ပေါ်ပြီးနောက် မကြာမီမှာပင် ဂျက်လီက သူ့ရဲ့ ကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

လတ်တလောမှာ အသက် ၅၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျက်လီဟာ ယခင်ကလည်း သူဟာ သိုင်းရွိုက်မှ သိုင်ရိုဇင်းဟော်မုန်းထုတ်လုပ်မှုလွန်ကဲတဲ့ ဝေဒနာခံစားနေရပြီး အဆိုပါရောဂါဟာ ခန္ဓာကိုယ်အလေးချိန်ကို အကျိုးသက်ရောက်မှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။

**အေးပြည့် -ရေးသားသည်**

# တော်ဝင်မင်္ဂလာပွဲမှာ မပျော်မရွှင်ဖြစ်နေရတဲ့အကြောင်း ဗစ်တိုးရီးယားဘက်ခမ်းဖွင့်ဟ

မကြာသေးမီက ကျင်းပပြီးစီးသွားတဲ့ ဝေလမင်းသား ဟယ်ရီရဲ့ မင်္ဂလာပွဲကို နာမည်ကျော် တေးသံရှင်၊ မော်ဒယ်လ်နဲ့ ဒီဇိုင်နာတစ်ဦးဖြစ်သူ ဗစ်တိုးရီးယားဘက်ခမ်း တက်ရောက်အားပေးခဲ့ပါတယ်။ မင်္ဂလာပွဲကို ခင်ပွန်းဖြစ်သူ ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘက်ခမ်းနဲ့အတူ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ မင်္ဂလာပွဲကို လှပစွာ ဝတ်စားဆင်ယင်ကာ ခင်ပွန်းဖြစ်သူလက်ကို တွဲပြီး တက်ရောက်လာခဲ့တဲ့ ဗစ်တိုးရီးယားဘက်ခမ်းရဲ့ မျက်နှာပေါ်မှာတော့ အပြုံးတွေ ပျောက်ကွယ်နေပါတယ်။ ဒါကိုသတိထားမိခဲ့ကြတဲ့ မီဒီယာတွေက ဝေဖန်ရေးသားမှုတွေပြုခဲ့ကြတာကြောင့် လတ်တလောမှာတော့ ဗစ်တိုးရီးယားက ဒီလို မပျော်မရွှင်ဖြစ်နေရတဲ့အကြောင်း ထုတ်ဖော်ပြောကြားလိုက်တာ ဖြစ်တယ်လို့ မစ်ရာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၉ ရက်က ဝင်းဆောရဲတိုက်မှာ ကျင်းပခဲ့တဲ့ တော်ဝင်မောင်နှံရဲ့ မင်္ဂလာပွဲကို တက်ရောက်ခဲ့တဲ့ ဗစ်တိုးရီးယားဘက်ခမ်းဟာ တောက်ပတဲ့အပြုံးတွေ ပျောက်ကွယ်ရုံသာမက မျက်မှောင်ကြုတ်ကာ စိတ်မကြည်မလင် ဖြစ်နေတာကိုတောင် တွေ့ခဲ့ရပါတယ်။ ဗစ်တိုးရီးယားရဲ့ မကြည်မလင်ဖြစ်နေမှုကို ပိုမိုပေါ်လွင်စေခဲ့တာကတော့ ခင်ပွန်းဖြစ်သူ ဒေးဗစ်ဘက်ခမ်းရဲ့ တောက်ပတဲ့ အပြုံးတွေဖြစ်ပါတယ်။ ဒေးဗစ်ကတော့ ဗစ်တိုးရီးယားရဲ့ လက်ကိုတွဲကာ လျှောက်လှမ်းလာခဲ့ရင်း အပြုံးချိုချိုနဲ့ ဂုဏ်ယူဝမ်းမြောက်နေဟန်တွေ့မြင်နေရပါတယ်။ ဗစ်တိုးရီးယားက မင်္ဂလာပွဲတက်ရောက်စဉ် သူ စိတ်မကြည်မလင် ဖြစ်နေရကြောင်း၊ ဒါတွေဟာ ခင်ပွန်းဖြစ်သူ ဒေးဗစ်ဘက်ခမ်းကြောင့်ဖြစ်ကြောင်း ဖွင့်ဟခဲ့တာဖြစ်ပါတယ်။

ဗစ်တိုးရီးယားအနေနဲ့ မင်္ဂလာပွဲကို ပျော်ရွှင်စွာ မဆင်နွှဲနိုင်တဲ့အကြောင်းကတော့ မင်္ဂလာပွဲမတိုင်မီနေ့မှာ ဒေးဗစ်ဘက်ခမ်းဟာ လှပတဲ့ မိန်းကလေးတွေအကြား ပါတီပွဲတစ်ခုကို ဆင်နွှဲခဲ့တာကြောင့် ဖြစ်တယ်လို့ သိရပါတယ်။ ဒါကြောင့် ခင်ပွန်းဖြစ်သူအပေါ် စိတ်ဆိုးနေမိပြီး ဘဝင်မကျတာကြောင့် မင်္ဂလာပွဲမှာ အခုလို မျက်မှောင်ကြုတ်ကာ မပျော်ရွှင်တဲ့ပုံပေါ်နေတာဖြစ်ပါတယ်။

ဗစ်တိုးရီးယားဘက်ခမ်းနဲ့ ဒေးဗစ်ဘက်ခမ်းတို့ရဲ့ မင်္ဂလာပွဲတက်ရောက်လာတဲ့ ဝတ်စုံဟာ ယင်းမင်္ဂလာပွဲမှာ ဝတ်ဆင်လာသမျှသော ဝတ်စုံတွေအနက် ဖက်ရှင်အကျဆုံးသော ဝတ်စုံတစ်စုံ ဖြစ်ခဲ့ပါတယ်။ ဗစ်တိုးရီးယားဟာ နက်ပြာရောင်ဝတ်စုံကို ဝတ်ဆင်ခဲ့ပြီး ဒေးဗစ်ကတော့ အနက်ရောင်ဝတ်စုံကို လိုက်ဖက်စွာ ဝတ်ဆင်လာတာဖြစ်ပါတယ်။ ဒ့ါအပြင် အဆိုပါမောင်နှံဟာ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်အတွင်း ကျင်းပခဲ့တဲ့ မင်းသား ဝီလျံရဲ့ မင်္ဂလာပွဲမှာလည်း နက်ပြာရောင်ဝတ်စုံကို ဝတ်ဆင်တက်ရောက်ခဲ့တာတွေ့ရပါတယ်။ ဝေလမင်းသားနှစ်ပါးစလုံးရဲ့ မင်္ဂလာပွဲကို နက်ပြာရောင်ဝတ်စုံကိုသာ ဝတ်ဆင်တက်ရောက်ရတဲ့ အကြောင်းအရင်းကိုတော့ ဗစ်တိုးရီးယားက နက်ပြာရောင်ဟာ သူ အကြိုက်ဆုံးသော အရောင်ဖြစ်တာကြောင့် ရွေးချယ်ဝတ်ဆင်ခဲ့ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။



# Xiaomi ၏ရှစ်နှစ်ပြည့် စမတ်ဖုန်းအဖြစ် မေ ၃၁ ရက်တွင် မိတ်ဆက်ပေးမည်ဖြစ်သော Mi 8 ၏အချက်အလက်များ ထွက်ပေါ်



Xiaomi အမှတ်တံဆိပ်မှ ၎င်းတို့၏စမတ်ဖုန်းများထုတ်လုပ်လာခဲ့သည်မှာ ရှစ်နှစ်ပြည့်သည့် အထိမ်းအမှတ်အဖြစ် စမတ်ဖုန်းသစ်တစ်မျိုးမိတ်ဆက်သွားမည်ဟု သတင်းအတိအကျထွက်ပေါ်လျက်ရှိရာ မေ ၃၁ ရက်နေ့မတိုင်မီ အဆိုပါ စမတ်ဖုန်းတွင် ပါဝင်သည့်အချက်အလက်များ ထွက်ပေါ်လာခဲ့သည်။ Xiaomi သည် စမတ်ဖုန်းလောကသို့ ဝင်ရောက်လာသည်မှာ ရှစ်နှစ်သာရှိသေးသော်လည်း ထိပ်တန်းစမတ်ဖုန်းများနှင့် အပြိုင်ဈေးကွက်အတွင်း အရှိန်ကောင်းကောင်းဖြင့် ထိုးဖောက်နိုင်ခဲ့ပြီး လှပသည့်ဒီဇိုင်းများနှင့် ၂၀၁၇ ခုနှစ်ခန့်မှ စတင်ကာ နည်းပညာမြင့်စမတ်ဖုန်းများ ထုတ်လုပ်ရောင်းချလာခဲ့ပြီး အာရှဈေးကွက်အတွင်း အထူးသဖြင့်အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် အောင်မြင်လာခဲ့သည်။

ရှစ်နှစ်ပြည့်အဖြစ် ရောင်းချပေးသွားမည့် Mi 8 စမတ်ဖုန်းတွင်ပါဝင်သည့် အချက်အလက်များမှာ ၇ ဒသမ ၈ မီလီမီတာ အထူနှင့် ၁၇၂ ဂရမ်အလေးချိန်ရှိကာ ဖန်သားနှင့် စတီးသတ္တုစပ်ကိုယ်ထည်နှင့် ပေါ်ထွက်လာနိုင်ဖွယ်ရှိပြီး မျက်နှာပြင်အကျယ် ၆ ဒသမ ၂ လက်မတွင် မျက်နှာပြင်ပြည့်စမတ်ဖုန်းတစ်လုံးဖြစ်သည်။ Qcta-Core Qualcomm Snapdragon 845 ပရိုဆက်ဆာအထောက်အပံ့နှင့် Android 8.1 လည်ပတ်မှုစနစ် ပါဝင်လာပြီး RAM 6GB နှင့် သိုလှောင်သိမ်းဆည်းမှုအတွက် 64GB သို့မဟုတ် 128GB နှစ်မျိုးရွေးချယ်နိုင်ပြီး Micro SD ထပ်မံထည့်သွင်းအသုံးပြုနိုင်ခြင်း မရှိပေ။ ဂရပ်ဖစ်ပရိုဆက်ဆာ Adreno 630 ထည့်သွင်းပေးထားပြီး 1080 x 2280 Pixels အရည်အသွေးရှိသော မျက်နှာပြင်မှ ရုပ်ထွက်အရည်အသွေးကိုအထောက်အပံ့ပေးမည်ဖြစ်သည်။

ကျောဘက်ကင်မရာ 20MP+16MP နှစ်လုံးပါဝင်ပြီး အရှေ့ဘက်တွင် 16MP ပမာဏရှိသည့် ကင်မရာတစ်လုံးပါဝင်ကာ Notch ပါဝင်ခြင်းမရှိသည့် Xiaomi ၏ စမတ်ဖုန်းသစ်ကိုမြင်တွေ့ရတော့မည်ဖြစ်သည်။ Xiaomi ပရိသတ်များ အထူးစိတ်ဝင်စားလျက်ရှိသော မျက်နှာပြင်အောက်လက်ဗွေဖတ်စနစ်ပါဝင်ခြင်း ရှိ-မရှိကို မေ ၃၁ ရက်တွင် စောင့်ကြည့်သွားရမည်ဖြစ်သည်။ နားကြပ်ပေါက် ပါဝင်ခြင်းမရှိဘဲ လျင်မြန်သည့်အားသွင်း စနစ်ပါဝင်သော 3300 mAh ပမာဏရှိသည့် ဘက်ထရီတပ်ဆင်ပေးထားကာ အနက်၊ အပြာနှင့် အဖြူ အရောင်သုံးမျိုးဖြင့်ထွက်ပေါ်လာနိုင်ပြီး တန်ဖိုး ယူရို ၃၅၀ ဝန်းကျင်ခန့်တွင် မိတ်ဆက်ပေးသွားနိုင်ဖွယ်ရှိဟု လေ့လာသူများက ခန့်မှန်းထားကြပြီး မေလ ၃၁ ရက် Xiaomi Mi 8 မိတ်ဆက်ပွဲတွင် MIUI 10 ကိုပါ အတူမိတ်ဆက်ပေးသွားမည်ဟု သိရသည်။

ALEX

# အလုံးအရေအတွက်တစ်သိန်းကျော်သာ ရောင်းချခဲ့ရပြီးနောက် ကုမ္ပဏီကိုရောင်းချရန် စီစဉ်နေသည့် Essential



ဈေးကွက်အတွင်း အလုံးရေအတွက် တစ်သိန်းကျော်သာရောင်းချခဲ့ရပြီး စမတ်ဖုန်းထုတ်လုပ်မှုများ ရပ်တန့်ကာ Essential ကုမ္ပဏီကို ရောင်းချရန်ပင် စီစဉ်နေကြောင်း သိရသည်။ Essential PH-1 ကို ပထမဆုံးစတင်ထုတ်လုပ်ခဲ့ပြီး ဈေးကွက်အတွင်း ဈေးနှုန်းမြင့်မားကာ ကင်မရာစွမ်းဆောင်ရည် နိမ့်ကျမှုတို့ကြောင့် ယခုအချိန်အထိ အလုံးအရေအတွက် တစ်သိန်းကျော်သာရောင်းချခဲ့ရကာ ဆက်လက်ထုတ်လုပ်ခြင်းမရှိတော့ဘဲ ကုမ္ပဏီကိုရောင်းချရန်ပင်စီစဉ်နေလျက်ရှိကြောင်း သိရသည်။

Essential PH-1 ကိုဖန်တီးထုတ်လုပ်ရာတွင် Android ဖုန်းများစတင်ခဲ့သူများမှ တစ်ဦးဖြစ်သူ Andy Rubin ကိုယ်တိုင် ပါဝင်ခဲ့ပြီး စတင်ထုတ်လုပ်ရောင်းချစဉ်က ဒေါ်လာ ၇၀၀ ဝန်းကျင်ဖြင့်ရောင်းချခဲ့ရသည်။

နောက်ပိုင်း တွင် ဝယ်လိုအားနည်းပါးလွန်းသောကြောင့် ၃၉၉ ဒေါ်လာအထိ ဈေးနှုန်းလျှော့ချရောင်းချခဲ့သော်လည်း အောင်မြင်မှုရရှိခဲ့ခြင်း မရှိခဲ့ ပေ။ Essential PH-1 သည် အခြားအဆင့်မြင့် စမတ်ဖုန်းများ၏ ကင်မရာစွမ်းဆောင်ရည်နှင့်ဖုန်းအတွင်းလုပ်ဆောင်မှုများကို မယှဉ်နိုင်ဘဲဈေးနှုန်းမြင့်မားမှုကြောင့် ဈေးကွက်အတွင်း ပျောက်ကွယ်တော့မည်ဖြစ်ကြောင်း သိရသည်။

Andy Rubin မှ သူ၏အွန်လိုင်းစာမျက်နှာတွင် ပို၍ကြီးမားသောအပြောင်းအလဲနှင့် အနာဂတ်ထုတ်ကုန်များအတွက် အချို့အရာများကိုဖျက်သိမ်းလိုက်ခြင်းဖြစ်ကြောင်းရေးသားထားသည်။ Essential သည် စမတ်ဖုန်းများအပြင် အခြားထုတ်ကုန်များကိုလည်း ဖန်တီးထုတ်လုပ်ရန် မူပိုင်ခွင့်တင်ထားခြင်းများရှိခဲ့ပြီး ရောင်းချမည့်စာရင်းထဲတွင် အဆိုပါမူပိုင်ခွင့်နှင့် ထုတ်ကုန်သစ်များပါ ပါဝင်ဖွယ်ရှိသည်ဟုသိရသည်။ ထို့အပြင် Essential PH-1 ကိုထုတ်လုပ်စဉ်က Apple နှင့် Google ကုမ္ပဏီတို့ထံမှ အင်ဂျင်နီယာအဖွဲ့များ ငှားရမ်းဖန်တီးမှုများရှိခဲ့ပြီး စတင်မိတ်ဆက်စဉ်က စိတ်ဝင်စားခံခဲ့ရသော်လည်း နောက်ပိုင်းကာလများတွင် Essential စမတ်ဖုန်းများ မြင်တွေ့ရန် မသေချာနိုင်တော့ကြောင်း သိရသည်။

ဇာဏီ

# ဂျပန်ကုန်စည်ပြပွဲနှင့်မော်တော်ယာဉ်အရောင်းပြပွဲ၂၀၁၈(မန္တလေး)ကျင်းပ

**မန္တလေး မေ ၂၆**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၏ ထောက်ပံ့မှုဖြင့် Myanmar Promotional Services (MPS) Co,Ltd ကကြီးမှူး၍ ဂျပန်ထုတ်ကုန်ပစ္စည်းပြပွဲ(၂၀၁၈)ကို မန္တလေးမြို့ မြို့တော်ခန်းမ၌ မေ ၂၅ ရက်မှ ၂၇ ရက်အထိ နံနက် ၉ နာရီမှ ည ၇ နာရီတွင် ကျင်းပခဲ့သည်။

ဂျပန်နိုင်ငံ၏ တရားဝင်အသိအမှတ်ပြု အရည်အသွေးမြင့် ထုတ်ကုန်များကို အထက်မြန်မာပြည်မှ ပြည်သူများ တစ်နေရာတည်းတွင် စုံစုံလင်လင်နှင့် အရည်အသွေးသိရှိပြီး အကျိုးရှိစွာ သုံးစွဲနိုင်ရန်ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးအောင်ကျော်ထွန်း၊ MPSCo.,Ltd မှ ဒေါက်တာဇာနည်မောင်မောင်တို့က မြို့တော်ခန်းမရှေ့ ဈေးပွဲတော်မုခ်ဦးတွင် ကျင်းပသော ဂျပန်ကုန်စည်ပြပွဲဖွင့်ပွဲကို မေ ၂၅ ရက်နံနက် ၉ နာရီက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ အသင်းအမှုဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးခဲ့ကြသည်။

ကုန်ပစ္စည်းပြပွဲတွင် အီလက်ထရွန်းနစ်ပစ္စည်းများ၊ လူသုံးကုန်များ၊ အလှကုန်များ၊ ဆေးဝါးများ၊ လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကင်မရာများ၊ ရောင်စုံမိတ္တူကူးစက်များ၊ နာရီများ၊ ယာဉ်အလှဆင်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုလာပစ္စည်းများ၊ မိုဘိုင်းဖုန်းများ၊ ဂျပန်နိုင်ငံထုတ် မော်တော်ယာဉ်များအား အထူးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။ မော်ဒယ်များ၏ ကုန်ပစ္စည်းမိတ်ဆက်အစီအစဉ်များ၊ ဂျပန်နိုင်ငံမှ ဖိတ်ခေါ်ထားသော ဖျော်ဖြေရေးအစီအစဉ်များ၊ ကံစမ်းမဲအစီအစဉ်များပါ ထည့်သွင်းထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကွမ်းခြံကုန်းမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းမှ သုံးသပ်ဆွေးနွေးပွဲကျင်းပ

**ကွမ်းခြံကုန်း မေ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်းမှ ကွမ်းခြံကုန်းမြို့နယ်တွင် မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို မေ ၂၃ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးစီးမှူး ဦးမျိုးကြည်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ကွမ်းခြံကုန်းမြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများအား လေးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလမှာ ဒုတိယနှစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**သက်မှူး**



# ဝေးလံသောဒေသများသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်

**အိမ်မဲ မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ဝေးလံသောဒေသများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်ခြင်းကို မေ ၂၄ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ နယ်မြေခံ ကျန်းမာရေးဝန်ထမ်းများ၊ သရက်ကုန်းတိုက်နယ်မှ ဆရာဝန်တို့က Mobile Clinic ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးခြင်း၊ တီဘီရောဂါသံသယရှိသူများအား သလိပ်ပိုးစစ်ဆေးပေးခြင်း၊ ဆီးချိုရောဂါ ရှိ-မရှိ စမ်းသပ်ကုသပေးခြင်း၊ သွားနှင့်ခံတွင်းရောဂါကုသပေးခြင်းများဆောင်ရွက်ပေးခဲ့ရာ အထွေထွေရောဂါလူနာ ၂၅၇ ဦး၊ သလိပ်စစ်ဆေးသူ ၂၄ ဦး၊ သွားနှင့်ခံတွင်းရောဂါ ၈၈ ဦး တို့အား အခမဲ့ စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ် (အိမ်မဲ ပြန်/ဆက်)**



# ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**တာချီလိတ် မေ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီခွဲက မိုင်းကိုးကျေးရွာအုပ်စု ဆန်ဆိုင်းကျေးရွာရှိ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးလှဌေးက ဒီမိုကရေစီအင်္ဂါရပ်နှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်၊ မိမိတို့ရပ်ရွာတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူများကြားတွင် ဆွေးနွေးမှုများ ရှိလာစေရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်လာစေရန်စသည့် ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာနေလင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှဝင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ် (၁) တာချီလိတ်မှ တပ်ဖွဲ့စိတ်မှူး ရဲမှူးရင်ရင်အေးနှင့် မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမြင့်ဝင်းလှတို့က ဦးဆောင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများဖွံ့ဖြိုးတိုးတက်စေရေး၊ မွေးမြူရေးဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးရေး၊ လူမှောင်ခို၊ လူကုန်ကူးခြင်းဆိုင်ရာ မှုခင်းဖြစ်စဉ်များနှင့် တားဆီးကာကွယ်ရေးဆိုင်ရာများ၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲနေမှုများ၊ မိဘဆရာပူးပေါင်း၍ ပညာရေးကဏ္ဍတိုးတက်အောင်မြင်ရေးစသည့် အကြောင်းအရာများကို ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၈၀ ကျော်မှ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့် ဒေသခံတောင်သူများက သိရှိလိုသည်များနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးများ မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# လယ်ယာအထောက်အကူပြုဝန်ဆောင်မှုစခန်းနှင့် စက်ကိရိယာများမောင်းနှင်ပြုပြင်နည်းသင်တန်းဖွင့်

**ကျောင်းကုန်း မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုစခန်းဖွင့်ပွဲနှင့် လယ်ယာသုံး စက်ကိရိယာများ မောင်းနှင်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို မေ ၂၅ နံနက် ၁၀ နာရီက ဇရပ်ကွင်းကျေးရွာအုပ်စု ကျွဲလမ်းကျေးရွာရှိ ထက်ဧရာခတ်မြေသြဇာအရောအနှောစက်ရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်နှင့် မြို့နယ်များမှ ဦးစီးမှူးများ၊ အလုပ်အမှုဆောင်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ကျောင်းကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌက မြို့နယ်အတွင်း လယ်ယာအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် အသင်းသားဦးရေ ၁၂၇၁၂ ဦးရှိပြီး လယ်ယာစိုက်ပျိုးလုပ်ငန်းဆောင်ရွက်သော အသင်းသား ၉၉၀၀၊ စိုက်ပျိုးမြေ ၃၁၂၅၈ ဧကရှိကြောင်း၊ အသင်းသားဦးရေ၏ ဆယ်ပုံတစ်ပုံသာလျှင် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူသုံးစွဲနိုင်သည့်အတွက် အသင်းသားများ၏ လိုအပ်ချက်ကို အတတ်နိုင်ဆုံး ဝန်ဆောင်မှုပေးနိုင်ရန် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် သမဝါယမဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ရာ ညွှန်ကြားရေးမှူးချုပ်က လမ်းညွှန်သြဝါဒစကား ပြောကြားခဲ့သည်။ မြို့နယ်များမှ တာဝန်ရှိသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ အဆိုပါသင်တန်းကို မေ ၂၅ မှစ၍ ၁၀ ရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၃၁ ဦး တက်ရောက်ကြောင်း သိရသည်။

**မြင့်ဟန် (ခရိုင်ပြန်/ဆက်)**



# တရားလွှတ်တော်တရားသူကြီး မြောင်းမြအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**မြောင်းမြ မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အကျဉ်းဦးစီးဌာန မြောင်းမြအကျဉ်းထောင်အား ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးဝင်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး တိုင်းတရားရေးဦးစီးမှူး ဦးထိန်မင်း၊ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်ရုံးအဖွဲ့မှူး ဦးဇေယျာတင့်ညိုနှင့် မြောင်းမြခရိုင်တရားသူကြီး ဦးမြင့်စိုးက မေ ၂၅ နံနက် ၈ နာရီမှ စတင်ကာ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။



ယင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် အကျဉ်းသားများ၊ အချုပ်သားများ၏ ဥပဒေပါ အခွင့်အရေးရရှိမှု ရှိ-မရှိ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို မေးမြန်းပြီး လိုအပ်ချက်များကို ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအားမှာကြားခဲ့ပြီး မြောင်းမြအကျဉ်းထောင်တာဝန်ခံအရာရှိက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မိုးစက် (မြောင်းမြ ပြန်/ဆက်)**

# စည်းလွတ် ဝါးလွတ် ဒေတာအတွက်

# ananda ရဲ့ 4G+

only

**35,000 Ks**

for SIM + mifi + 30 days
unlimited data to share




mifi ဆိုတာ သယ်ဆောင်ရလွယ်ကူပြီး
ဘယ်ပဲရောက်နေရောက်နေ device ၁၀ လုံးအထိ
ချိတ်ဆက်သုံးစွဲလို့ရတဲ့ ပစ္စည်းလေးဖြစ်ပါတယ်။

**buy now**

www.ananda.com.mm
anandalivemore

ananda


MAB
Myanma Apex Bank
VISA
FIFA WORLD CUP RUSSIA 2018
worldwide partner
EMBRACE YOUR LIFESTYLE
FIRST VERTICAL VISA CARD IN MYANMAR
COURTESY OF VISA
VISA
MAB
FIFA WORLD CUP RUSSIA 2018
Platinum
VISA PLATINUM CREDIT CARD
VISA CLASSIC CREDIT CARD
MAB VISA FIFA WORLD CUP™ CREDIT CARD
Visa နှင့် MAB Bank မှပေးသော Discount နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း
ကတ်အခမဲ့လျှောက်ထား နိုင်ခြင်း
MAB iBanking အကောင့် ကိုအခမဲ့ဖွင့်ပေးခြင်း
Get MAB CARD
APPLY NOW!
Available at Any MAB Branches
(While Stock Last)
CALL CENTER : 01 8610612
Scan QR Code with your Smart Phone to Find MAB Branches


MIXAGRIP
Peppermint
LOZENGES
မစ်ဆာဂရစ် ငုံဆေးပြား
သင့်လည်ချောင်းကိုရှင်းသွားစေမှာပါ
လန်းဆန်းတဲ့ အသက်ရှူသွင်းမှုကို သင် ခံစားရမည်
MIXAGRIP
Peppermint
LOZENGES
Lemon Flavour
STRONG
KALBE
MIXAGRIP
Peppermint
LOZENGES
Original Flavour
EXTRA STRONG
KALBE
6 Lozenges @2.5g Net Weight: 15g
သင့်လည်ချောင်းကိုရှင်းသွားစေမှာပါ aaahhhhh.....
KALBE



● ကျောင်းသုံး စာအုပ် နှင့် စာရေးကိရိယာ များ ● ထမင်းဘူး ၊ ရေဘူး နှင့် ထမင်းချိုင့်များ
● ကျောင်းဝတ်စုံ (အဖြူ /စိမ်း) ● ကျောပိုးအိတ် ၊ ဖိနပ် နှင့် ထီးများကို
အထူးဈေးနှုန်းဖြင့် ရောင်းချပေးသွားပါမည်.....
● Back to school အစီစဉ်တွင်ပါဝင်သောပစ္စည်းများကို ကျပ်(၃၀,၀၀၀)ဖိုးနှင့်အထက် ဝယ်ယူ သူတိုင်း လက်ဆောင် ရရှိပါမည်.......

ဆရာသန်းနိုင် (IELTS)
IGCSE English also available
သင့် အနာဂတ်ပညာရေးအတွက် ကျော်လွှားရမည့် စာမေးပွဲအတွက် ပြင်ဆင်ထားလိုပါသလား ...
Intermediate Level ရှိထားသူများအတွက် Exam Preparation (၃) လ။ Cambridge 1-12 စာအုပ်များဖြင့် သင်မည်။
အခြေခံမရှိသူများအတွက်
Foundation (၃) လ
Ph: 09 5136158, 09 965136158

Finance WIN
Accountancy & Career Development Academy
LCCI Level - I, II & III (စာရင်းကိုင်သင်တန်းများ)
- On Job Training for Accountants
- On Job Training for HR & Admin
- Software Packge
- Office Excel, Advance Excel, Language
Nov & Dec Series အတွက် သင်တန်းများအား 15 May 2018 (အင်္ဂါနေ့) မှစတင်၍ ကျောင်းအပ်နိုင်ပါပြီ။
သင်တန်းစတင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် May, June, July, (3)လအတွင်း သင်တန်းကြေး 20% Discount
(စာရင်းကိုင်တစ်ယောက်အဖြစ် အသက်မွေးဝမ်းကျောင်းလိုသူများအတွက် လိုအပ်သည့်ပညာရပ်များအားတစ်နေရာထဲတွင် သင်ယူနိုင်သည့် One Stop Accounting Service Center.)
အမှတ်- ၂၂၃၊ (၅) ရပ်ကွက်၊ ပါရမီလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
☎ - ၀၉-၇၆၄၀၉၀၉၇၇၊ ၉၆၄၀၉၀၉၇၇၊ ၉၆၄၇၇၉၉၂၂၂၊ ၄၅၀၀၁၁၇၀၇

အမြန်ရောင်းမည်
ဒဂုံအရှေ့ပိုင်း၊ ချမ်းသာရွှေပြည်အိမ်ရာ၊ ပေ(၇၅×၇၅)၊ မြေကွက်ကျယ်၊ ဝင်ပေါက်အနီး၊ ညီနှိုင်းဈေး။ ဖုန်း-၀၉-၇၉၅၅၆၀၉၆၆၊ ၀၉-၉၆၀၀၄၅၅၉၉

MICKING(မိုက်ကင်း)အင်္ကျီဝိုင်များကို MADP Distributing Network Co.,Ltd မှ ဖြန့်ဖြူးရောင်းချပေးနေပါပြီ
Ph ; 09-785305779, 09-972314276

BBA
EMBA . MBA . PhD
အများယုံကြည်မှုကို ရရှိထားသော တစ်ခုတည်းသော BBA ဘွဲ့ကို မိမိဘဝအတွက် ရယူလိုက်ပါ။
Bachelor of Business Administration(Hons)
- 3 Years (9 Semesters) / ၃နှစ်ကြာမြင့်ပါမည်။
- ပထမနှစ် (၁၄ သိန်း)၊ ဒုတိယနှစ် (သိန်း ၂၀)၊ တတိယနှစ် (သိန်း ၃၀)
- ၁၀တန်း/Higher Diplomaအောင်မြင်ပြီးသူတိုင်းတက်ရောက်နိုင်မည်။
- အစိုးရဝန်ထမ်း သားသမီးများအတွက် အထူးနှုန်းထားဖြင့် တက်ရောက်နိုင်ပါမည်။
- သင်တန်းကြေးကို C B BANK Education Loan ဖြင့် လစဉ် အရစ်ကျပေးသွင်းနိုင်သည်။
MYANMAR INSTITUTE OF EDUCATION
GATEWAY TO SUCCESS
START YOUR BBA JOURNEY TODAY FROM AS LOW AS MMK 90,000!
၂၀၁၈ မေလ ဒုတိယပတ် နောက်ဆုံးထားပြီး ကျောင်းအပ်နိုင်ပါသည်။
Swiss School CALL US NOW! 09953888555 / 09254045682 / 01667009
Swiss School of Business and Technology (SSBT), Switzerland. http://ssbt.ch/

N.G.E.S အင်္ဂလိပ်စာ သင်တန်း
(ပုံမှန် နှင့် နွေရာသီ) တန်းခွဲများ
အင်္ဂလိပ် စကားပြော သဒ္ဒါနှင့် အရေးအဖတ် (၅နှစ်မှ ၁၅နှစ်)(သင် နှစ်မှအထက်)
(English For Speaking, Listening, Reading & Grammar)+
(Essay, Letter & Story Writing)
Cambridge ESOL Exam Preparation
YLE (Starters, Movers, Flyers), KET, PET, FCE, IELTS
၄နှစ်မှ ပဗော်ဝါရီလထိ (ပုံမှန်) Regular သင်တန်းများအတွက် ကျောင်းအပ်လက်ခံနေပါပြီ။
Center (1) : အမှတ် ( ၉၄ ) ၊ ( ၅ ) လမ်း (အထက်/လမ်းတို)၊ လမ်းမတော် မြို့နယ် ၊ ရန်ကုန်မြို့။
Center (2) : မေဇင်ဗိတ်ကွန်ဒို Tower (II) (AD မီးရှို့ ၊ ၇ ခိုင်)၊ ပါရမီလမ်းနှင့်ပြည်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
09 5079896, 09 5005219, 09 799675960

ဖိုရမ် M.A(English),M.A(TEFL) ဘွဲ့ရဆရာ/ဆရာမများမှ
Family English Classes
စွမ်းရည်လေးမျိုးနှင့်သဒ္ဒါကိုခိုင်ခိုင်၍ ခေါ်ဘားကြွယ်ခနေရန်
- Communicative English (Young Learners)
- Business English (လုပ်ငန်းခွင် သုံးအင်္ဂလိပ်စာ)
တစ်လ (၅၀၀၀ိ/) နှင့်လတန်းခွဲများရှိပြီး
09 5112489, 09 775112489

ACE®
WITH HI-TECH
PE WATER TANK

သန့်ရှင်းခေတ်မီ ACE ရေတိုင်ကီ
* ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယား ပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
* သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူးသင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကိုရီးယား ကုန်ကြမ်း)
* နှစ်(၁၀)အာမခံပါသည်။
* Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။
နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်

anti-bacteria မပြုလုပ်မီပုံ anti-bacteria BACTECIDE® ပြုလုပ်ပြီးပုံ
HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL
VERTICAL TYPE (ဒေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL
ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။
Ph: 01-3684743, 09-450048469, 09-443094221
အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။



၂၀၁၇ ခုနှစ်
ဆရာဝန်တင်ရွှေ စာပေဆု
သစ်သီးများနှင့် ကျန်းမာရေး
ဒေါက်တာခင်မောင်လွင် (FAME)
ဝယ်ယူဖတ်ရှုအားပေးကြသော စာဖတ်ပရိသတ်အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။
Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609

# ကျောင်းအပ်နှံရေး(ဒုတိယနေ့)တွင် ကျောင်းသား ကျောင်းသူများ လွယ်ကူအဆင်ပြေစွာ ကျောင်းအပ်နှံ

**ရန်ကုန် မေ ၂၆**

ကျောင်းအပ်နှံရေး သီတင်းပတ်ဖြစ်သည့် မေ ၂၅ ရက်မှ ၃၁ ရက်အတွင်း သူငယ်တန်း(KG)အပါအဝင် အခြေခံပညာအတန်းများတွင် တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းကို ဆောင်ရွက်လျက်ရှိရာ ကျောင်းအပ်နှံရေး(ဒုတိယနေ့)တွင် မိဘအုပ်ထိန်းသူများက ကျောင်းသား ကျောင်းသူများကို ဆက်လက်ကျောင်းအပ်နှံလျက်ရှိကြောင်း သိရသည်။

ကျောင်းအပ်လက်ခံရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အထက(၅) ဗိုလ်တထောင်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးလှထွန်းက "မေ ၂၁ ရက်ကစပြီးတော့ ကျောင်းမှာ ဆရာ ဆရာမတွေ ကျောင်းအပ်လက်ခံနိုင်ရေး စာသင်ခန်းတွေ ပြင်ဆင်ကြတယ်၊ ဗိုလ်တထောင်(၅) အနေနဲ့ ကျောင်းသားဦးရေက ၂၈၀၀ ရှိတယ်၊ အဆောင်က တစ်ဆောင်တည်းရှိတဲ့အတွက်ကြောင့် ၂၅ ရက်ကနေစပြီးတော့ အတန်းအားလုံးကိုလက်ခံဖို့ အဆင်မပြေဘူး၊ မပြေတဲ့အတွက် ၂၅ နဲ့ ၂၆ ရက်မှာ မူလတန်း၊ ၂၇ နဲ့ ၂၈ ရက်မှာ အလယ်တန်း၊ ၂၉ နဲ့ ၃၀ ရက်မှာ အထက်တန်းဆိုပြီး ရက်အလိုက်ခွဲကာ ကျောင်းအပ်လက်ခံဖို့ ပြင်ဆင်ထားတယ်၊ မနေ့က ကျောင်းလာအပ်တဲ့ ကျောင်းသားဦးရေ ၆၂၁ ဦး၊ ဒီနေ့ ၁၂၈ ဦးပါ၊ သတ်မှတ်ရက်မှာ ကျောင်းအပ်နှံဖို့ကျန်သေးတဲ့ ကျောင်းသားကျောင်းသူတွေအတွက်လည်း ဇွန်လမှာ မိဘတွေလာအပ်ရင် ဆက်လက်လက်ခံသွားဖို့ အစီအစဉ်ရှိပါတယ်၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနဲ့ ကျောင်းထွက်သူ ပပျောက်ရေး ရည်ရွယ်ချက်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ရှင်းပြသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံ တစ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံ၊ ဗလာစာအုပ် ခြောက်အုပ်၊ ကျောင်းဝတ်စုံနှင့် ပဉ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူအားလုံးအတွက် ပြဋ္ဌာန်းစာအုပ် တစ်စုံစီကို အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ကျောင်းအပ်နှံရာတွင်လည်း ကျောင်းဝင်ကြေး၊ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာတို့အတွက် ငွေကြေးပေးအပ်ခြင်း မပြုရန် ကျောင်းမျက်နှာစာတွင် ပေါ်လွင်စွာရေးသား၍ မိဘအုပ်ထိန်းသူများ သိရှိစေရန် ကြေညာထားကြောင်း သိရသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ○



**အထက(၅)ဗိုလ်တထောင်၌ ကျောင်းအပ်လက်ခံနေသည်ကို တွေ့ရစဉ်။**

# ဒုက္ခသည်များလက်ခံရန် ဝေါလေမြိုင်၌ အိမ်ရာများဆောက်လုပ်



**ဝေါလေမြိုင် မေ ၂၆**

ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့ လော့ခေါ်ကျေးရွာအုပ်စု အူးဟူးထကျေးရွာတွင် နီပွန်ဖောင်ဒေးရှင်း၏ ထောက်ပံ့လှူဒါန်းငွေဖြင့် Lwin & Soe Brother ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော ထိုင်းနိုင်ငံမှ ပြန်လာမည့် ဒုက္ခသည်များလက်ခံရန်အတွက် တန်ဖိုးနည်းအိမ်ရာ အလုံး ၅၀ ဆောက်လုပ်လျက်ရှိရာ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အိမ်ရာအဆောက်အအုံအရွယ်အစားမှာ အလျား ပေ ၄၀၊ အနံ ၂၂ ပေ၊ အမြင့် ၁၆ ပေရှိသော **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❋

# Southern အသင်း နိုင်ပွဲပြန်ရ

**ရန်ကုန် မေ ၂၆**

၂၀၁၈ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃)ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ Southern အသင်းက GFA အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

ပထမအကျော့က အိမ်ကွင်း၌ သရေကျခဲ့သည့် Southern အသင်းသည် ယခုပွဲတွင် နိုင်ပွဲရရေး ကြိုးပမ်းခဲ့ပြီး နန်းမင်းအောင်၊ ကောင်းစည်သူတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့သည်။ GFA အသင်းမှာမူ ဒုတိယအကျော့တွင် နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့ပြီး တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းရတော့မည်ဖြစ်သည်။

တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရေး အမှတ်လိုနေသည့် အသင်းများဖြစ်သောကြောင့် နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့သည်။ GFA အသင်းသည် နိုင်ငံခြားသားကစားသမား သုံးဦးစလုံး တစ်ပြိုင်တည်း အသုံးပြုခဲ့သော်လည်း ကွင်းလယ်ကစားပုံမကောင်းသောကြောင့် တိုက်စစ်မှာ ထင်သလောက် မထိရောက်ခဲ့ပေ။ Southern အသင်းသည် တောင်ပံနှစ်ဖက်မှ အဓိကတိုက်စစ်ဆင်ခဲ့ပြီး ၃၃ မိနစ်တွင် နန်းမင်းအောင်က ဂိုးစတင်သွင်းယူခဲ့သည်။ **စာမျက်နှာ ၁၃ ကော်လံ ၄ သို့** ■





# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂဏ္ဍ

မေ ၂၇၊ ၂၀၁၈ (တနင်္ဂနွေနေ့)


ဝတ္ထုတို

## ■ သိန်းဇံဝင်း(ဒီပဲယင်း)



ကိုစန်းမောင်ရောဂါမျိုးက အလုပ်ကြမ်း မလုပ်သင့်ဟု ပြောကြ၍ဆေးရုံကဆင်းခဲ့ပြီး အိမ်တွင်ထမင်းချက်၊ အမှိုက်လှည်း၊ ရေခပ် အလုပ် လောက်သာလုပ်နေရသည်။ အရင်ကလို မြို့တက် ဈေးဝယ်သွားစရာလည်းမလိုတော့။ မသွားဆို အိမ်ဆိုင်ကလေးအတွက် ကုန်အရင်း ကလည်းမရှိ။ မြို့ကယူနေကျ ဖောက်သည်ဆိုင်တွေက အရင်အကြွေးတွေ ကျေမှယူပါဟု ပြောခြင်းကြောင့် ဖြစ်သည်။

ဆိုင်ကိုပိတ်ထား၍ ရသော်လည်း ကိုစန်းမောင်တို့ဇနီးမောင်နှံ နှစ်ယောက်ပါးစပ်ကို ပိတ်ထားလို့မရမှန်းသိသော ကိုစန်းမောင် ဇနီးခမျာ ညားခါစကလုပ်ခဲ့ရသည့် ကောက်စိုက်၊ စပါးရိတ်၊ ပေါင်းနုတ်အငှား စသည့်အလုပ်များကို ပြန်လုပ်နေရသည်။

ကိုစန်းမောင်ရောဂါက ကံကောင်းလို့ မသေ သံချောင်းတို့အဖေဟု ပြောရမလို။ နှလုံးသွေးကြောပိတ်ရောဂါ။ ရွာတွင်သတိလစ်သွားပြီး လူမှုကူညီရေးအသင်းကားနှင့်တင်၍ ဆေးရုံသို့အရေးပေါ်ပြေးခဲ့ရသည်။ အရောက်မြန်လို့သာ အသက်ချမ်းသာရာရသည်ဟု နှလုံးကုဆရာဝန်ကြီးကပြောသည်။ ဆေးရုံမှာ နှလုံးဒေါက်ထည့်သည်ဆိုလား၊ နှလုံးသွေးကြောချဲ့ပေးသည်ဆိုလား ငွေကတော့ အတော်များများကုန်ခဲ့သည်။ ဆေးကုနေစဉ် "ဦးစန်းမောင် အရက်သောက်လား၊ ဆေးလိပ်သောက်သလား" ဆရာဝန်က မေးသည်။

"နှစ်ခုလုံးမသောက်ပါဘူး"

"ကွမ်းလုံးဝမဝါးပါနဲ့ ဦးစန်းမောင်" ဆရာဝန်က အာခေါင်တစ်ခုလုံး သွားများပါမကျန် နီညိုရောင်မှ မည်းချိပ်ချိပ်အရောင် ဘက်လုနေသည့် ကိုစန်းမောင်၏ပါးစပ်ကို မြင်၍ ပြောဟန်တူသည်။

ဆရာဝန်က ကွမ်းဖြတ်ခိုင်းပြီးနောက် သူ့ကိုသချိုင်းဝပို့တာ သည်ကွမ်းယာပဲဖြစ်မည်ဟု ကိုစန်းမောင်ယူဆသည်။ ကံကောင်းထောက်မ၍ သေမင်းကသူ့ကိုမမြင်လိုက်ဟု တွေးလျက်။

သေချာပြန်စဉ်းစားလိုက်တော့ ကိုစန်းမောင် မိမိအသက်သေချင်သေပါစေ၊ မိမိအပြစ်နဲ့ မိမိပဲမို့ သေသွားလည်း အကြောင်းမဟုတ်။ ယခု သေသည်ထက်ဆိုးသည်ထင်သည့်အဖြစ်များကြောင့် မိမိကိုယ်မိမိ ခွင့်လွှတ်၍မရ။ သားနှင့်သမီးလေးတို့၏ ဘဝအညွန့်အဖူးများကို ပိုးကိုက်ချလိုက်သည့်နှယ်ဖြစ်အောင် လုပ်ခဲ့မိသည့် မိမိလိုဖခင်အဖို့ တွေးမိလေတိုင်း မိမိကိုယ်မိမိ ခွင့်မလွှတ်နိုင်ဖြစ်နေရသည်။

တစ်ရွာတည်းနေ အစ်ကိုတစ်ဝမ်းကွဲက လာပြသည့် ဖုန်းဘွတ်မှ ဗီဒီယိုကို ကိုစန်းမောင် ကြည့်ပြီး တစ်ကိုယ်လုံး ကျဉ်စက်နဲ့အတို့ခံလိုက်ရသလို "ဘုရား ဘုရား ငါ့သားလေး ဒီအထဲ ပါမသွားပါစေနဲ့"

"ရောက်စတုန်းကတော့ မင်းသားနဲ့ငါ့သား အတူတူ တစ်ကွက်ရပ်ထဲ ရေမဆေးကျောက်ရှာကြတယ်တဲ့၊ နှစ်လလောက်ငါ့သားနဲ့ အတူလုပ်ရာကနေ တစ်ပြားတစ်ချပ်မှမရလို့ဆိုပြီး တစ်လနှစ်သိန်းရတဲ့ ကုမ္ပဏီမှာ မင်းသားပြောင်းသွားတယ်လို့ပြောတယ်၊ အခုမြေစာပုံပြိုတာ သူအလုပ်လုပ်တဲ့ ကုမ္ပဏီမော်လုပ်ကွက်ထင်တာပဲလို့ ငါ့သားကပြောတယ်၊ သေတော့ မသေချာဘူးတဲ့၊ သူ့အိမ်ကို စိတ်ပူနေမှာစိုးလို့ မပြောပါနဲ့ပြောပေမယ့် ငါ့တူလေးအတွက် စိုးရိမ်လို့လာပြောတာ၊ ပိုက်ဆံက အိမ်အတွက် အရေးကြီးလို့ဆိုပြီး မင်းသားက ဖုန်းလေးတောင်ဝယ်မကိုင်ဘူးတဲ့ကွာ၊ အဆက်အသွယ်လည်းမရဘူးလို့ သားကစောစောလေးကမှ ဖုန်းဆက်တယ်"ဟု အစ်ကိုဖြစ်သူကပြောသည်။

တောင်နှစ်လုံးကြားမှ ရွှံ့ပျစ်လိုမျိုးဟာတွေ တောင်အောက်သို့ ဒလဟောစီးကျလာသည်ကို တစ်ဖက်တောင်ထိပ်မှ လှမ်းရိုက်ထားသည့် ဗီဒီယိုမြင်ကွင်း။ ရွှံ့ပျစ်များစီးကျလာရာ လမ်းတစ်လျှောက်မှာ လှုပ်လှုပ်ရွရွနှင့် အရုပ်လေးလောက်သာ မြင်ရသည့်လူများနှင့် မြေကော်မြေတင်ကား သုံးလေးစီးအပေါ် ဖုံးအုပ်သွားပုံတွေကို ကိုစန်းမောင်ရှင်းရှင်းလင်းလင်းမြင်လိုက်ရချိန် သားအတွက် ရင်ထဲ စိုးရိမ်စိတ်လှိုင်းလုံးကြီးတက်လာကာ ကုထားသည့်နှလုံးရင်အုံကို လက်ဖြင့်အသာဖိလျက် နဖူးပြင်တွင်စို့နေသည့် ချွေးများကို အခြားလက်တစ်ဖက်နှင့် သုတ်ရင်း "ဒီသတင်းကို အိမ်ကမိန်းမ မသိစေပါနဲ့အစ်ကို၊ သူသိရင် ရင်ကွဲသေမှာ"

"အေးပါကွာ၊ အခုဖြစ်တဲ့နေရာကလည်း မင်းသားရှိတဲ့နေရာ ဟုတ်ချင်မှဟုတ်မှာပါ"

အစ်ကိုဖြစ်သူပြန်သွားပြီး ကိုစန်းမောင် တစ်ယောက် ဝါးပက်လက်ကုလားထိုင်ပေါ်ဝယ် သက်ပြင်းအလီလီချလျက် မိမိ၏မိသားစုဘဝကို ပြန်လည်မြင်ယောင်နေတော့သည်။

ကိုစန်းမောင် မင်္ဂလာဆောင်ပြီး တစ်ရွာတည်းနေသည့် ဇနီးအိမ်ကိုလိုက်သွားရသည်။ ယောက္ခမ အမကြီးက ဆုံးတာကြာပြီ။ ယောက္ခထီးကြီးက ကိုစန်းမောင်ရောက်ပြီး သုံးလေးလကြာတော့ လူကြီးရောဂါဖြင့် ဆုံးသွားသည်။ ဇနီး၏အစ်မက မြို့မှာ အစိုးရဝန်ထမ်းလုပ်ရင်း အရာရှိတစ်ယောက်နှင့် အကြောင်းပါသည်။ အလုပ်က ထွက်လိုက်ပြီး ခင်ပွန်းအရာရှိပြောင်းရာ မြို့များသို့ သျှောင်နောက်ဆံထုံးပါ လိုက်ပါနေရသည်။ ရွာပြန်အခြေမချတော့ဟုဆိုကာ ယခုအိမ်နှင့် ဝင်းခြံလေးကို အမွေဆိုင်ခွဲမယူတော့ဘဲ ညီမဖြစ်သူ ကိုစန်းမောင်၏ဇနီးအား တစ်ဦးတည်းပိုင်အဖြစ် စာချုပ်တွင်လက်မှတ်ထိုး၍ ပေးထားသည်။

ကိုစန်းမောင်တို့ရွာသည် ဒီပဲယင်းမြို့နယ်အပိုင်ဖြစ်ပြီး တစ်မြို့နယ်လုံးနီးပါး သဖန်းဆိပ်ဆည်ရေသောက် စပါးစိုက်လယ်ကွင်းကြီးက နေရာယူထားသည်။ ကိုစန်းမောင်နှင့် ဇနီးတို့သည် သည်လယ်ကွင်းထဲမှာပဲ အလုပ်လုပ်ရင်း မကြာခဏဆုံမိကြကာ မေတ္တာကြိုးသွယ်မိကြသည်။

ကိုစန်းမောင် ဇနီးကိုယ်ဝန်ရှိသည်ကို သိလိုက်ချိန် ဇနီးအား ကောက်စိုက်စပါးရိတ် အလုပ်ကို မလုပ်စေလိုတော့။ သည့်အတွက် မင်္ဂလာဆောင်စဉ်က လက်ဖွဲ့ပိုငွေလေးဖြင့် အိမ်တွင်ကုန်ခြောက်ဆိုင်လေးဖွင့်လိုက်သည်။ ဇနီး၏ သဘောချို၊ အပြောချိုမှုကြောင့် ရောင်းကြေးလေးမဆိုးလှ၊ တစ်ရက်အမြတ်ငွေက ကောက်စိုက်၊ စပါးရိတ် တစ်ရက်ခသာသာလေးလောက်ရသည်။

ကိုစန်းမောင် မကြာခင် ကလေးအဖေဖြစ်တော့မှာမို့ ရင်သွေးလေး၏ ရှေ့ရေးကိုပါ ထည့်စဉ်းစားလာရသည်။ ပေါ်ပေါက်လာမည့် ရင်သွေးလေးများ၏ ကျန်းမာရေး၊ ပညာရေး စားဝတ်နေရေးစရိတ်များ လိုလာဦးမည်။ မိမိတို့မှာ ပညာမတတ်၍ ကာယကိုရင်းပြီး ထမင်းစားရပေမယ့် သားသမီးများကို မိမိတို့ကဲ့သို့ ဆင်းဆင်းရဲရဲရှာမစားစေလို။ ပညာတတ်တွေဖြစ်အောင် လုပ်ပေးရဦးမည်။ သည့်အတွက် အခြားဝင်ငွေကောင်းသည့် အလုပ်တစ်ခုကိုလည်း လုပ်မှဖြစ်မည်ဟု စဉ်းစားမိလာသည်။

အကြီးကောင်သုံးတန်း၊ အငယ်မ တစ်တန်း ရောက်မှ လက်ရှိကုန်ခြောက်ဆိုင်လေးအပြင် သည်အလုပ်ကို စလုပ်ဖြစ်သည်။ ဟိုဘက်လမ်းထိပ်ကလူဆိုလျှင် သည်အလုပ်ကို လုပ်ခဲ့ရာ အတော်ပင်ကြာနေပြီ။ ပြောင်ပြောင်ရောင်ရောင်နှင့် အူစို အိုကေ အဆင်ပြေဟန်ကျနေသည်ကို ကိုစန်းမောင် အားကျမိသည်။

အစတွင် သည်အလုပ်ကိုလုပ်ရမည်မှာ ကျားရှိပါသည်ဆိုသော တောထဲသွားရမည့်သူလို ခပ်ထိတ်ထိတ်ခပ်လန့်လန့်။ ကံရန်မတော်လျှင် စတီးလက်ကောက်လက်နှစ်ဖက်စလုံး ဝတ်ရနိုင်သည်။ မိသားစုကိုပစ်၍ ထောင်နန်းစံရနိုင်သည်။ တွေးမိပါက ကြက်သီးမွေးညင်းပင်ထမိ၏။ အို သည်လိုတွေးနေလို့ဖြင့် မဖြစ်သေး။ ကြောက်လျှင်လွဲ၊ ရဲမင်းဖြစ်တဲ့။ မိမိကိုယ်ကိုအားပေးလျက် သည်အလုပ်ကိုလုပ်ခဲ့ရာ နှစ်နှစ်ကျော်လို့ သုံးနှစ်ထဲရောက်လာသည်။ သားကောင်ဖြစ်နေသည်မို့ ညောင်သီးလည်းစား လေးမြားလည်း ကြည့်ရှောင်သည့်နည်းတွေက မုဆိုးစိုင်သင်သလို ကိုစန်းမောင်သည် အလုပ်ကို ကျွမ်းကျင်လာသည်။

တစ်ရာမှာ ကိုယ့်အတွက် နှစ်ဆယ်၊ ရောင်းကြေးလေးလည်း လိုက်လာ။ ရောင်းကြေးလိုက်ဆို ဖောက်သည်ကို ဧည့်ခံရသည့် အရင်းအနှီးလေးကလည်းစိုက်ရသေးကိုး။ သည်အလုပ်မျိုးဆိုတာကလည်း လက်ဖက်ရည်ဆိုင်လိုနေရာမျိုးမှ ပိုအလုပ်ဖြစ်သည်။ ဖောက်သည်တွေ့လျှင် ကိုယ်ကပဲ လက်ဖက်ရည်ဧည့်ခံ၊ ကွမ်းယာလေးကအစ ကိုယ်ကဝါးရင်း ရော့ ဝါးပါဦးလား၊ စီးကရက်သောက်လေ စသည်ဖြင့် လောကွတ်လေး ထည့်ရသည်။ သည်လိုနှင့် ကိုစန်းမောင် တစ်ယောက် လက်ဖက်ရည်သောက်တတ်လာသည်။ ကွမ်းဝါးတတ်လာသည်။ စီးကရက်တောင် ရံဖန်ရံခါ ကောက်ဖွာလိုက်သေးသည်။

သည်အလုပ်လုပ်ရသည်မှာ ရင်အခုန်ဆုံးရက်က အင်္ဂလိပ်လဆန်းတစ်ရက်နေ့ မနက်ခင်းနှင့် ဆယ့်ခြောက်ရက်နေ့မနက်ခင်း ဖြစ်သည်။ ထိုနှစ်ရက်ကို သူ့အတွက်ကျေးဇူးရှင်နေ့ဟုပင် ကိုစန်းမောင်သတ်မှတ်ချင်သေးသည်။ ရောင်းကြေးဘယ်လောက်ရလဲ။ ကိုယ့်ထိုးကြေးကဘယ်လောက်။ ကိုယ့်အတွက် ဘယ်လောက်ကိုက်လဲ။ ကိုယ့်ထဲက ပေါက်သီးများပါရင် ဖော်လာဘ်မည်မျှရနိုင်သလဲဆိုသည်ကို ကွမ်းလေးတပြွတ်ပြွတ်နှင့် တွက်ရသည်မှာ ဆယ်တန်းအောင်စာရင်းကြည့်နေသည့် ကျောင်းသားလို ရင်တဖိုဖို။

နောက်ပိုင်းတွင် မိမိရောင်းကွက်ထဲက လက်ကြီးသမားတစ်ဦး ဒဲ့ဝင်သွားသဖြင့် ချက်ချင်း ဖိမ်ခံကားပေါ် ရောက်သွားသည်ကို အားကျကာ သူများပေးသောအပိုင်ဆိုသည့် ဂဏန်းကို ကိုစန်းမောင် အချိုကြီးအောထည့်လိုက်သည်။ ပါသွား၏။ ငွေမျော ငွေနှင့်လိုက်ရမည်ဆိုသဖြင့် နောက်ထပ် သုံးလေးပတ်မက ထပ်အောသည်။ တစ်ကြိမ်မျှ ကိုစန်းမောင်ဘက် ကံကမပါ။ ဇနီး၏ဆိုင်အရင်းထဲကပါ ပါသွားသဖြင့် ဆိုင်ကလေးပြုတ်ထွက်သွားသည်။ ဇနီးလည်း ကောက်စိုက်၊ စပါးရိတ် ပေါင်းနုတ်ဘဝ ပြန်လည်ရောက်သွားတော့သည်။

"ကိုစန်းမောင် တော့်မလည်း အလုပ်သာနားထားတယ်၊ အိမ်ကပ်တယ်လည်း မရှိဘူး၊ မနက်မိုးလင်းကတည်းက အိမ်ကထွက်သွားလိုက်တာ တစ်နေကုန်မှအိမ်ပြန်ရောက်တယ်၊ တခြားအလုပ်လေးလုပ်ဖို့ မစဉ်းစားတော့ဘူးလား၊ တော်ပါတော့တော် ကျိုးကြည့်ကြောင်ကြည့်နဲ့ လုပ်စားရတဲ့ဒီအလုပ်ကို"ဟု အဖမ်းအဆီးများ၍ အရောင်းရပ်ထားသည့်အချိန် ဇနီးက ပြောလာသည်။ အလုပ်က မနားလို့ကလည်း မဖြစ်။ သည်နှစ်အတွင်းထောင်နန်းစံသွားရသည်ပင် သည်ရွာကသုံးလေးယောက်။ ဘာအလုပ်လုပ်ရမည်မှန်းလည်းမသိ။ နေပူခံ၊ ချွေးထွက်သည့်အလုပ်တွေကိုလည်း မလုပ်ချင်တော့။ လက်ဖက်ရည်ဆိုင်ထိုင်အကျင့်နှင့် ကွမ်းစွဲသည့်အမြတ်တော့ ကျန်ရစ်သည်။

ကိုစန်းမောင် လုပ်သလောက် ဘာကြောင့် ငွေမပိုရသည်ကို ပြန်စဉ်းစားကြည့်သည်။ ကိုစန်းမောင်သုံးပစ်သည့် တစ်ရက်တာ ကွမ်းယာဖိုးသည်ပင် မိသားစုတစ်နေ့တာ ဟင်းဖိုးကျွေးဖိုးလောက် ရှိမည်ထင်သည်။ အလုပ်သာနားထားရသော်လည်း ကွမ်းယာဖိုးကမနား။ ဇနီးလုပ်အားခထဲက လက်ဖြန့်ခံရသည်။ နှစ်ပေါင်းများစွာ စားခဲ့ဝါးခဲ့သော ကွမ်းယာဖိုးကို ဝါစာကမာတွက်ကြည့်လိုက်တော့ လယ်နှစ်ဧကလောက် ဝယ်လို့ရမည်ထင်သည်။ ပြီး အပိုင်ဂဏန်းဆိုပြီး သုံးလေးကြိမ်မက အောလိုက်သောငွေများ။ နှမြောလေစွဟု ကိုစန်းမောင်အောက်မေ့မိသော်လည်း အမူးပြေတော့ ထန်းရည်သမားများ ထန်းစမေ့ ကြည့်ဆိုသလို ကွမ်းယာဆိုင်ကို ရောက်မြဲရောက်လျက်။ အချိုကြီးမအောနိုင်တော့သော်လည်း အပတ်တိုင်း အကျီအိတ်ထောင်ထဲမှာ ဖြတ်ပိုင်းစာရွက်သုံးလေးရွက်ကတော့ ရှိမြဲရှိလျက်။

ကိုစန်းမောင်ရောဂါကုသရမည့်စရိတ်က နည်းနည်းနောနောမဟုတ်။ ဒါကိုဇနီးဖြစ်သူရအောင်ရှာခဲ့သည်။ ကိုစန်းမောင်က ဇနီးဖြစ်သူကို သည်ငွေတွေ ဘယ်လိုရှာခဲ့လဲမေးတိုင်း "ကဲ ကိုစန်းမောင်၊ ဆေးရုံမှာဒါတွေ မေးမနေနဲ့၊ တော်စိတ်ချမ်းသာအောင်သာနေ၊ ကိုယ့်ရောဂါကိုယ်ပျောက်အောင်ဂရုစိုက်" ဟု ချည်းပြောသည်။ မည်သို့မျှမေးမရ။

ဆေးရုံကဆင်း၍ အိမ်ရောက်သောအခါ ဇနီးက ငွေတွေဘယ်လိုရှာသလဲဆိုတာသာ ကိုစန်းမောင် သိချင်နေသည်။

"ကဲ ကိုစန်းမောင် သည်လောက်သိချင်နေတာဖြင့် ပြောပြရတော့မပေါ့၊ နောင်လည်း ပြောရမယ့်အတူတူ"

ဇနီးပြောမည့်စကားကို သေချာစူးစိုက်လျက် ကိုစန်းမောင်နားထောင်သည်။

"အိမ်နဲ့မြေမရှိတာ ရှိအောင်ပြန်လုပ်လို့ရတယ်၊ ဖအေမရှိရင် သားလေးနဲ့သမီး မျက်နှာငယ်ရမှာမို့ သည်အိမ်နဲ့ဝင်းကို ရွာတောင်ပိုင်းက ဒေါ်မြညွန့်ဆီမှာ တစ်နှစ်စာချုပ်နဲ့သွားပေါင်လိုက်တယ်၊ သိတယ်နော် ဒေါ်မြညွန့်အကြောင်း၊ တစ်နှစ်ပြည့်လို့မှ မရွေးရင် ဒီဝင်းထဲကထွက်ရမှာ၊ အဲဒါ တစ်နှစ်မပြည့်ခင်ရွေးနိုင်အောင်နဲ့ ဈေးရောင်းတုန်းက ကုန်ကြွေးတွေဆပ်နိုင်အောင်ဆိုပြီး သားနဲ့သမီးလေး ကျောင်းမထွက်ချင်ဘဲ ကျောင်းထွက်ပြီး တော့်ကို အသိပေးနေရင် တားနေမှာစိုးလို့ တော်မသိအောင် သားကဖားကန့်၊ သမီးက တရုတ်ပြည်ကို ငွေရှာထွက်သွားကြတာပဲ အီး ဟီး"ဟု ပြောရင်း ငိုချလိုက်တော့သည်။

ကိုစန်းမောင် ဝါးပက်လက်ကုလားထိုင်နောက်အမှီကို မှီလိုက်ရင်း သက်ပြင်းရှည်ကြီးချလိုက်သည်။ ခုချိန်ဆို အပျိုဖော်ဝင်စသမီးလေး တရုတ်ပြည်မှာလူကုန်ကူးတွေနဲ့ မတွေ့ပါစေ၊ အို ဆက်မတွေးရဲ။ ပြီး စောစောက ကြည့်လိုက်ရသည့် ဗီဒီယိုမြင်ကွင်းက မျက်စိထဲ ပြန်မြင်လာသည်။ ငါ့ငွေကို မစုမဆောင်းဘဲ သုံးခဲ့ဖြုန်းခဲ့လို့ သားနဲ့သမီးလေးဘဝ ခုလိုဖြစ်ရသည်ဟုတွေးမိပြီး မျက်ရည်များပင်စီးကျလာသည်။ သားလေးနဲ့ သမီးလေး ဘေးကင်းရန်ကင်းနဲ့ အိမ်ကိုပြန်လာနိုင်ကြပါစေဟု ဆုတောင်းပြီး သားနှင့်သမီးကို ပညာတတ်ကြီးတွေဖြစ်စေရမည်ဟူသော ရည်ရွယ်ချက်ပန်းတိုင်ဆီသို့ ရောက်အောင်မသွားနိုင်ခဲ့သည့် မိမိကိုယ်မိမိသာ အပြစ်တင်ရုံကလွဲ၍ အခြားမရှိတော့သည်ကို ကိုစန်းမောင်တွေးလျက်။ ။


မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

မေမီမိုးမြင့်

# ပညာလင်းရာ သူ့ရှိပါစေ

ရောက်ဖြစ်ခဲ့သည့် ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်အများစုတွင် (၁၀)နှစ် (၁၁)နှစ်ဝန်းကျင်အရွယ် စားပွဲထိုးကလေးများစွာကိုတွေ့နေရလေသည်။ ထိုကလေးများကိုမြင်မိတိုင်း ရင်ထဲတွင် မချိအောင်ပင်ခံစားရ၏။ သူတို့၏ဘဝလေးများကိုသနားမိ၏။ သူတို့ကလေးများကို ထို့ဘဝမှလွတ်မြောက်စေချင်သည်။ ပညာသင်ရမည့်အရွယ်ဖြစ်၍ပညာသင်ကြားနေသည်ကိုသာမြင်ချင်သည်။

ဘဝကံအကြောင်းတရားများစွာကြောင့် အရွယ်နှင့်မလိုက်အောင်ပင် ရုန်းကန်လှုပ်ရှားနေကြရသည့် ဘဝသူရဲကောင်းလေးများစွာ စာရေးသူတို့နိုင်ငံတွင် ရှိနေပါသေးသည်။ ပိုက်ဆံလိုချင်၍ စားပွဲထိုးဝင်လုပ်သည်။ ပညာမတတ်၍ အနှိမ်ခံရသည်။ လူကြားထဲတွင် အဆူအငေါက်ခံရသည်။ ဤသည်တွင် ပထမဦးစွာ ကလေး၏ အနာဂတ် တက်သစ်စ အညွန့်အဖူးကလေးများကို ငွေနှင့်ရောင်းစားခံလိုက်ရ၏။ ဒုတိယတွင်မူ ကလေး၏နုနုနယ်နယ်စိတ်ဓာတ်ကို ရိုက်ချိုးခံလိုက်ရသည်။ ချိုးနှိမ်ခံလိုက်ရသည်။ ဤကလေးသည် သူ၏နဂိုမူလ စိတ်ဓာတ်ရင်းပြန်ရရန် အချိန်အတော်ယူ၍ ဆက်လက်ကြိုးပြင်း ရှင်သန်ရပေအုံးမည်။

သင်တန်းပိတ်သည့် တစ်မနက်တွင် အစ်မတစ်ယောက်နှင့်အတူ ဘေးချင်းကပ် လက်ဖက်ရည်ဆိုင်၌လက်ဖက်ရည်ဝင်သောက်ဖြစ်ကြသည်။ ထိုဆိုင်မှ စားပွဲထိုးကလေးများနှင့်လည်း မျက်မှန်းတန်းမိနေကြ၍ ခင်မင်နေကြ၏။ ဝင်ထိုင်ထိုင်ချင်းပင် ဆရာမ ဘာသောက်မလဲ၊ ဘာစားမလဲ ထမင်းကြော်၊ လက်ဖက်ထမင်း၊ ထမင်းသုပ်အကုန်ရတယ် ပြောနေသည့် ကလေးလေးများသည် လွန်ရှိအသက် ရှစ်နှစ်၊ ကိုးနှစ်ပင်။ မှာစရာရှိတာမှာပြီး ခဏအကြာ၌ စားစရာများလာချပေးသည်။ ထိုစားပွဲထိုးကလေးများထဲမှတစ်ယောက်သည် အတူပါလာသည့်အစ်မကိုတစ်ခုခုပြောချင်နေသည့်ဟန်ဖြင့် ခဏခဏလှည့်ကြည့်နေ၏။ စာရေးသူတို့လည်း စားသောက်ပြီးစီး၍ ပိုက်ဆံရှင်းရန်ခေါ်လိုက်သည်တွင် ထိုကလေးလေးအပြေးရောက်လာလေသည်။ အနားရောက်သည်နှင့်

ပိုက်ဆံလိုချင်၍ စားပွဲထိုးဝင်လုပ်သည်။ ပညာမတတ်၍ အနှိမ်ခံရသည်။ လူကြားထဲတွင် အဆူအငေါက်ခံရသည်။ ဤသည်တွင် ပထမဦးစွာ ကလေး၏ အနာဂတ် တက်သစ်စ အညွန့်အဖူးကလေးများကို ငွေနှင့် ရောင်းစားခံလိုက်ရ၏။ ဒုတိယတွင်မူ ကလေး၏နုနုနယ်နယ် စိတ်ဓာတ်ကို ရိုက်ချိုးခံလိုက်ရသည်။ ချိုးနှိမ်ခံလိုက်ရသည်။

"ဆရာမ ဆရာမက သမီးမမနဲ့အရမ်းတူတာပဲ၊ သူကခုရန်ကုန်မှာအလုပ်လုပ်နေရတယ်၊ သမီးနဲ့မတွေ့ရတာကြာပြီ၊ ဆရာမကိုတွေ့တော့ မမကိုသမီးအရမ်းသတိရတာပဲ"

ဤသည်မှာ ရှစ်နှစ်၊ ကိုးနှစ်အရွယ် ကလေးငယ်စားပွဲထိုးကလေး၏ အရွယ်နှင့်မလိုက်သော ခံစားချက်ပင်။

မိဘနှင့်ရင်အုပ်မကွာနေရင်း ကျောင်းစာကိုပျော်ပျော်ရွှင်ရွှင်သင်ပြီး အလွမ်းအဆွေးကင်းရမည့်ကလေးဘဝအစား အလွမ်းအဆွေးများ တနင့်တပိုးနှင့်ဘဝခရီးကို ရွက်လွှင့်နေရရှာသူလေးများပင်ဖြစ်သည်။ သို့နှင့် သမီးကဘယ်အတန်းရောက်ပြီလဲ ဆက်မေးကြည့်သော် "သမီးကငါးတန်းအောင်ပြီးပြီ၊ စာမေးပွဲဖြေပြီးတော့ဖေကြီးနေမကောင်းတာနဲ့ ကျောင်းထွက်ပြီး ဒီဆိုင်မှာအလုပ်ဝင်လုပ်နေတာ"သူ့စကားကြောင့်ရင်ထဲတွင် မျက်ရည်စို့ရပြန်လေပြီ။ သို့သော်ကား သူ့မကယ်နိုင်၊ ကိုယ့်မကယ်နိုင်ဘဝတွင် စာရေးသူဘာများတတ်နိုင်အံ့နည်း။ အဖေကျန်းမာရေး ပြန်ကောင်းသည့်တိုင် ဤကလေးသည်ကျောင်းနှင့်ဝေးနေဆဲဖြစ်နေဦးမည်ပင်။ စာရေးသူတို့နိုင်ငံတွင် ငွေသာလျှင် ဘုရားသခင်မဟုတ်လော။ ပညာသည်ငွေနောက်မှသာ လိုက်ရလေသည်။ ငွေရှိလျှင် အရာရာလုပ်ဆောင်နိုင်မည်ဟု စွဲထင်နေကြခြင်းကလည်း ကလေးများကျောင်းထွက်၍ ဝင်ငွေရှာရခြင်း၏ အဓိကအကြောင်းအရင်းတစ်ချက် ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေကာမူ အရွယ်နှင့်မလိုက်အောင်ရုန်းကန်နေရရှာသည့် ဘဝသူရဲကောင်းလေးများအားလုံးပညာအလင်းရောင်ထွန်းလင်းရာဘက်သို့ မျက်နှာမူနိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။ ။

## ကျောင်းအပ်သွားကြစို့

သားသားမီးမီး လွယ်အိတ်လွယ်
ကျောင်းအပ်သွားကြမယ်၊
ကျောင်းနေအရွယ်မှာ ကျောင်းအပ်ပေး
စာမတတ်ပပျောက်ရေး။
ကျောင်းအပ်ရေးနေ့ ရောက်လာပြီ
ကျောင်းသားမိဘ ဆရာစုံညီ၊
အနာဂတ်ကိုယ်စီ လျှောက်လှမ်းဖို့
ဥယျာဉ်မှူးထံအပ်ကြစို့။
ကလေးတို့အရွယ် နုနုနယ်
ပညာဆည်းပူးကွယ်၊
နောင်အခါဝယ် နောင်တကင်း
ပညာရောင်ဝါလင်း။ ။

အလင်းရောင်(မြို့သာ)

## ပလွေမှုတ်တဲ့ ကိုဖိုးတုတ်

ချိုချိုမြမြ သံသာသာ
ရွာဝင်လမ်းထိပ်မှာ။
သူ့အမည်ဟာ ကိုဖိုးတုတ်
ပလွေးလေးကိုမှုတ်။
နေဝင်မိုးချုပ် မမောပါ
သူ့ရဲ့ဝါသနာ။
မြန်မာ့ဓလေ့ တီးမှုတ်တေး
နားဝင်ပီယံအေး။
မန်ကျည်းတန်းဘေး နေရာယူ
သူ့ရဲ့ကိုယ်ပိုင်မှု။
တစ်မူထူးတဲ့ ကိုဖိုးတုတ်
ပလွေလေးကိုမှုတ်။
ပါးလေးလှုပ်တုတ်တုတ်။ ။

ပန်းပျိုးအိမ်(ကျိုက်လတ်)

# လူရိုးကို ဘယ်သူ ဖျက်တာလဲ

ဆောင်းပါး

မောင်ထက်ဝေ(ငါ့တရော်)

လွန်ခဲ့သော ခြောက်နှစ်ခန့်က ဖြစ်သည်။

ကျွန်တော်တို့ရွာတွင် အလှူပွဲတစ်ပွဲက ငှားရမ်းထားသောကြောင့် "လှိုင်ဘွားအောင်" ဇာတ်ပွဲသဘင်မှ လာရောက်ကပြ ဖျော်ဖြေလေသည်။

ဇာတ်ပွဲငှားရမ်းသော အလှူရှင်၏ အမည်ကို မမှတ်မိတော့ပေမယ့်လည်း လှိုင်ဘွားအောင် ဇာတ်ပွဲသဘင်မှ ကပြသွားသော ပဋ္ဌာရုပဘသိန်းအမည်ရှိ ပြဇာတ်ကလေးကိုတော့ ယနေ့တိုင် မမေ့နိုင်အောင် ဖြစ်မိနေပါသည်။

ပဋ္ဌာရုပဘသိန်းအမည်ရှိ ပြဇာတ်ကလေးကို ကျွန်တော်မှတ်မိသလောက် အနည်းငယ်တင်ပြလိုပါသည်။

ဘသိန်း အမည်ရှိ အင်မတန်မှ ရိုးလွန်း အေးလွန်းသော အသက် ၂၀ ဝန်းကျင်ရှိ လူငယ်လေးတစ်ယောက်သည်။

အသက် ၆၀ ဝန်းကျင် အမေကိုပြုစုလုပ်ကျွေးရင်း ရိုးသားစွာ လုပ်ကိုင်စားသောက်နေကြသည်။ ဘသိန်းသည် အူမ မတောင့်ပေမယ့်လည်း သီလစောင့်သူဟု ဆိုရပေမည်။

အင်မတန်မှ ဆင်းရဲနွမ်းပါးသော်လည်း ကူညီတတ်သော၊ ကိုယ်ကျင့်တရားရှိသော လူငယ်လေးတစ်ယောက်ဖြစ်သည်။

တစ်နေ့တွင် သူ၏ မိခင်ကြီး နေမကောင်းသောကြောင့် ဆရာဝန်ကိုသွား၍ ပင့်သောအခါ ဆေးဖိုးဝါးခတတ်နိုင်မည်မဟုတ်သော ဘသိန်းတို့သားအမိ၏ စီးပွားရေးအခြေအနေကို သိရှိနေသော ဆရာဝန်သည် မလိုက်နိုင်ဘူးဟု ငြင်းလိုက်လေသည်။

ဘသိန်းသည် ဆရာဝန်ကို ပင့်၍ မရသောကြောင့် အိမ်သို့ပြန်လာသောအခါ သူ၏အမေ သေဆုံးနေသည်ကို မြင်တွေ့လိုက်ရသည်။

ထိုအချိန်မှစ၍ ဘသိန်းသည် စေတနာသည်လူတိုင်းနှင့်မတန်ဆိုသော ဆောင်ပုဒ်ကို လက်ကိုင်ထားကာ ပွဲကြမ်းပါလေတော့သည်။ ဖဲဝိုင်းတွေ့လျှင်လည်း လုသည်။ခါးပိုက်နှိုက်သည်။

ခါးပိုက်နှိုက်၍ မရလျှင် လူကို ရိုက်ပြီး လုသည်။

ရိုးသားသော ဘသိန်းအဖြစ်မှ ဆိုးရွားသော ပဋ္ဌာရုပဘသိန်းအဖြစ် ရောက်ရှိသွားပါလေတော့သည်။

အဘယ့်ကြောင့် ရိုးသားသော ဘသိန်းအဖြစ်မှ ဆိုးဝါးသော ပဋ္ဌာရုပ ဘသိန်းအဖြစ်သို့ ရောက်ရှိသွားပါသနည်းဟု ဆိုလျှင် ငါဆိုသော အတ္တမာန ကြီးမားသော၊ ကိုယ်ချင်းစာတရား မရှိသောလူတွေကြောင့်ဟု ဆိုချင်သည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် ဘသိန်းလို ရိုးသားသော၊ ကူညီတတ်သော လူတွေတော်တော်များများရှိပါသည်။ တွေ့ဖူးပါသည်။

နောက်ပိုင်းတွင် ဆိုးဝါးသော ပဋ္ဌာရုပ ဘသိန်းအဖြစ်သို့ ရောက်ရှိသွားကြတာတွေလည်း ရှိပါသည်။ တွေ့ဖူးပါသည်။

အဘယ့်ကြောင့် ဤကဲ့သို့ ပြောင်းလဲသွားရသနည်းဟုဆိုလျှင် "ရေများရေနိုင်၊ မီးများမီးနိုင်"ဆိုသကဲ့သို့ ငါဆိုသော အတ္တမာန ကြီးမားသော၊ ကိုယ်ချင်းစာတရား မရှိသော လူတို့သည် ဘသိန်းကဲ့သို့ ရိုးသားသော၊ ကူညီတတ်သော၊ ကိုယ်ချင်းစာတရားရှိသော လူတွေထက် အင်အားများနေသောကြောင့် ဘသိန်းလို ရိုးသားသော၊ ကူညီတတ်သော၊ ကိုယ်ချင်းစာတရားရှိသော လူများသည် ဆိုးဝါးသော ပဋ္ဌာရုပ ဘသိန်းအဖြစ်သို့ ရောက်ရှိသွားကြသည်ဟု ထင်မိပါသည်။

ဆိုးရွားသော ပဋ္ဌာရုပ ဘသိန်းအဖြစ်လို့ ရောက်ရှိမသွားစေကာမူ သင်ဆိုးလျှင် ကျွန်ုပ်လည်းဆိုးမည်ဟူသော စိတ်မျိုးဖြစ်ပေါ်လာသည်ဟု ထင်မိပါသည်။

လူသားဟူသည် စတင်မွေးဖွားလာကတည်းက မြင့်မြတ်သောစရိုက်နှင့် ယုတ်ညံ့သော စရိုက် နှစ်မျိုးသာလျှင် လူသားတို့ကို ယနေ့တိုင် လွှမ်းမိုးထားသည်။

မြင့်မြတ်သောစရိုက်က လူသားအများစုအပေါ် လွှမ်းမိုးနေလျှင် လူ့ဘောင်ကြီးသာယာစိုပြည်မည်။

ယုတ်ညံ့သော စရိုက်ကြမ်းများက လူသားအများစုအပေါ် စိုးမိုးနေလျှင်လူ့ဘောင်ရှိသတ္တဝါများ ပင်ပန်းဆင်းရဲကြပေမည်။ ထို့ကြောင့် လူသားအများစုတွင် မြင့်မြတ်သော စရိုက်များ ပြည့်လျှံနေရန် အထူးပင်လိုအပ်ပါသည်ဟု စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

## စာပေနှင့် ခေတ်

နည်းပညာ ထွန်းကားသည့်
လက်ဝါးမျှ ဖန်သားပြင်
အံ့ဖွယ်စုံလင်။
ဂိမ်းများနှင့် အွန်လိုင်းတွင်
ခုံမင်သူ များပြား။
စာမဖတ်လျှင်ပ
အနာဂတ်တွင် ရှင်လူအပေါင်းတွေက
ခေါင်းပျက်အလား။ ။

မောင်လင်းလတ်
(ရွှေဆေးမြေ)

## မေမေ့တက္ကသိုလ်

နေရောင်ကလေး ပျောက်ကွယ်လျှင်
မေမေကစာသင်။
မိုးကောင်းကင်က ကျောက်သင်ပုန်း
လမင်းဖိုးဝလုံး။
တစ် နှစ် သုံး လေး သင်ပေးတယ်
ကြယ်လေးတွေနဲ့ကွယ်။
ညဆိုတာရယ် သားအတွက်တော့
မေမေ့တက္ကသိုလ်ပေါ့။

မြင့်စည်သူမြိုင်

ဝတ္ထုတို

## သက္ကရာဇ်



(၁)

ညကအိပ်ရေးပျက်သည့်ဒဏ်ကြောင့် တစ်မနက်ခင်းလုံး ခေါင်းတွေကိုက်ခဲနေသမျှ နေ့လယ်ပိုင်းမှာကြားလိုက်ရသည့် သတင်းတစ်ခုကြောင့် ဝေဒနာတွေ ယူပစ်လိုက်သလို ပျောက်ကင်းသွားရသည်။ ထိုသတင်းကို သယ်ဆောင်လာသူကတော့ ရေသန့်လာပို့နေကျ ကောင်ကလေးပင်ဖြစ်သည်။

ရေသန့်ဘူးကို Watercooler ပေါ်တင်ပေးရင်းမှ "စိတ်မကောင်းစရာပြောရဦးမယ် ဦးရေ"ဟု စကားစလာသည်။ ဘာလဲဆိုသည့် သဘောနှင့် သူ မေးဆတ်ပြတော့ "မျက်နှာချင်းဆိုင်တိုက်ရဲ့ မြေညီထပ်က လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးလေးလေ၊ ခုနကလေးတင်ပဲ ဆုံးသွားတယ်၊ ဟိုဟာလေဗျာ၊ ဦးနဲ့နာမည်တူတဲ့တစ်ယောက်လေ၊ ဦးထွန်းအောင်ဆိုတာ"

ပြောရင်းမှ ကောင်လေးက သူ့ကိုအားနာသလို တစ်ချက်လှမ်းကြည့်လိုက်သေးသည်။ သူကတော့ ကောင်လေးကို ဂရုမစိုက်အားဘဲ "ဟေ မင်းဟာဟုတ်လို့လား၊ သန်သန်မာမာကြီးကနေ ဘယ်လိုဖြစ်တာလဲ"

"ဟုတ်တယ် ဦးရဲ့၊ ကျွန်တော်အခုပဲ တွေ့ခဲ့တာ၊ ဦးနှောက်သွေးကြောပြတ်တယ်ဆိုလားပဲ၊ သူ့မိန်းမနဲ့ ကလေးတွေလည်း ငိုနေကြတယ်၊ သနားစရာပါဗျာ"

ကောင်လေးပြန်သွားတော့ သူဂနာမငြိမ်ဖြစ်နေသည်။ ထိုင်ခုံပေါ် ထိုင်လိုက်၊ လမ်းထလျှောက်လိုက်၊ ပြီးတော့ ထိုင်ခုံပေါ် ပြန်ထိုင်လိုက်နှင့် ပါးစပ်ကလည်း "ဟိုကောင်သေပြီ၊ ဟိုကောင်သေသွားပြီတဲ့၊ တကယ်ကော ဟုတ်ရဲ့လား၊ ဒီကောင် သေကောသေပါ့မလား၊ တကယ်သာသေသွားတယ်ဆိုရင်တော့ ဒါ ငါ့အတွက် သတင်းကောင်းပဲ" ပါးစပ်က တတွတ်တွတ်ပြောရင်း သူ ထိုင်ခုံမှ ပြန်ထပြန်သည်။ ပြီးတော့ watercooler ရေကို တစ်ခွက်အပြည့်ငှဲ့သောက်ရင်း "သေပြီတဲ့၊ သေစမ်း၊ ငါ့ကို စိတ်ဒုက္ခပေးနေတဲ့အကောင် ခုတော့ သေပြီ၊ ကြည့်စမ်း၊ အကုသိုလ်များတဲ့ကောင်များ အကောင်းကြီးကနေ ကောက်ကာငင်ကာ ထသေတယ်၊ ငါ ဝရန်တာကနေ ထွက်ကြည့်ရင်ကောင်းမလား၊ ဒါမှမဟုတ် သတင်းမေးသလိုနဲ့ ဒီကောင်သေတာ သေချာအောင်သွားကြည့်ရင်ကောင်းမလား၊ နေပါဦးလေ၊ ဝရန်တာကနေပဲ အရင်ကြည့်ကြည့်တာ ကောင်းပါတယ်"

တစ်ယောက်တည်း ပြောရင်းဆိုရင်းမှ သူ ဝရန်တာဘက် ထွက်ခဲ့မိသည်။ သူနေသည့် သုံးလွှာကနေ အောက်ကိုငုံ့ကြည့်လိုက်တော့ လက်ဖက်ရည်ဆိုင်လေးရှေ့မှာ လူတွေ ရုတ်ရုတ်သဲသဲဖြစ်နေတာ တွေ့လိုက်ရသည်။ ပြီးတော့ မိန်းမငိုသံ၊ ကလေးငိုသံတွေပါ သူကြားနေရသည်။ ဒါဆိုလျှင်တော့ ဒီကောင်သေတာ ကျိန်းသေသွားပြီဟု မှတ်ချက်ချရင်း သူ အခန်းထဲ ပြန်ဝင်ပြီး ထိုင်ခုံလေးမှာ ထိုင်မိသည်။ ထို့နောက်မှာတော့ ဒီကောင့်အကြောင်းတွေက သူ့အတွေးထဲရောက်လာပြန်တော့သည်။

(၂)

တကယ်တော့ သူနှင့် သေသွားသည့် တစ်ယောက်နှင့်က နာမည်ချင်းအတူတူပဲဖြစ်သည်။ သို့သော် ထိုနာမည်တစ်ခုကလွဲ၍ ကျန်သည့်အရာအားလုံးကတော့ တစ်ခုမျှ မတူညီကြပေ။

သူ ဒီတိုက်ခန်းလေးကို စပြောင်းလာတော့ လက်ဖက်ရည်ကြိုက်သည့်သူ့အတွက် မျက်နှာချင်းဆိုင်မှာ လက်ဖက်ရည်ဆိုင်လေးရှိနေသည်က ကံကောင်းလှသည်ဟု ထင်ခဲ့မိသည်။ ပြောင်းလာသည့်နေ့တုန်းက သူ့ညီမလေးကတော့ ပြောရှာသည်။

"ကိုကို နေရထိုင်ရတာ အဆင်မပြေရင်ပြောနော်၊ လျှပ်စစ်အတက်အဆင်းတွေ သတိထားပါနော်၊ မြေညီထပ်က အခန်းလွတ်ရရင် ညီမလေး ပြန်ပြောင်းပေးမယ်"

"ရပါတယ်ဟာ အဆင်ပြေပါတယ်၊ ဘယ်လောက်မှ တက်ရဆင်းရတာမှ မဟုတ်ဘဲ၊ ငါ့အတွက် မစိုးရိမ်ပါနဲ့"

"မစိုးရိမ်လို့တော့ ရမလားကိုကိုရယ်၊ ပြေးကြည့်မှ ဒီမောင်နှမလေး နှစ်ယောက်ပဲရှိတာ၊ တကယ်ဆို ညီမလေးနဲ့ပဲနေစေချင်တာ၊ ကိုကိုက အေးအေးဆေးဆေးစာရေးချင်တယ်ဆိုလို့သာ"ပြောလည်း ပြောပါလာသည့် သူ့စွည်းလေးတွေလည်း နေရာချပြီးတော့ ညီမဖြစ်သူက

"ကဲ ကိုကို ညီမလေးပြန်တော့မယ်၊ တစ်ခုခုဆို ဖုန်းဆက်နော်၊ ကိုကို့အခန်းရဲ့ အပေါ်ထပ်အခန်းက ဆရာဝန်လင်မယားက ညီမလေးမိတ်ဆွေတွေပဲ၊ ဒီနေ့ပိတ်ရက်ဆိုတော့ အိမ်မှာ ရှိကြမယ်ထင်တယ်၊ သွားနှုတ်ဆက်ရင်း သေချာမှာပေးခဲ့မယ်၊ လိုအပ်တာရှိတော့ သူတို့ကိုလည်း ပြောပေါ့၊ လင်မယားနှစ်ယောက်စလုံး သဘောကောင်းကြတယ် ကိုကိုရဲ့၊ ညီမလေးလည်း တစ်လတစ်ခါ လာခဲ့မယ်နော်" သူ့ကိုနှုတ်ဆက်ပြီး ညီမလေးပြန်သွားတော့ သူ့စိတ်ထဲ ဝမ်းနည်းသလိုတော့ ဖြစ်မိသည်။

တကယ်တော့ ညီမလေးသည် မိဘတွေရှိစဉ်တုန်းကတည်းက သူ့ကို အမြဲဦးစားပေး၍ အလိုလိုက်ခဲ့ပါသည်။ လွန်ခဲ့သည့်နှစ်က မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားသည့်နောက်လည်း ညီမလေးသည် သူ့အပေါ် ဦးစားပေးအလိုလိုက်ခြင်းတွေက လျော့မသွားသည့်အပြင် ပို၍တောင် တိုးလာပါသေးသည်။ ဒါကလည်း မွေးချင်းဆို၍ ဒီမောင်နှမနှစ်ယောက်ပဲရှိတာကတစ်ကြောင်း၊ နောက်တစ်ခုက ဒုက္ခိတတစ်ယောက်ဖြစ်သည့် သူ့အပေါ် ညှာတာသည်ကလည်း တစ်ကြောင်းတို့ကြောင့် ဖြစ်သည်။

တကယ်တော့ သူက အများသူငါတွေလို သန်သန်မာမာ လူတစ်ယောက် မဟုတ်ခဲ့ပါ။ ညာဘက်ခြေတစ်ဖက်က ပိန်လှီသေးကွေးစွာနှင့် ဒုက္ခိတတစ်ယောက်အဖြစ် မွေးဖွားလာရခြင်းဖြစ်ပါသည်။ ဒီခြေတစ်ဖက်ကြောင့်ပဲ သူဟာ မိဘတွေနှင့် ညီမဖြစ်သူ၏ ဦးစားပေးအလိုလိုက်ခြင်းကို ခံခဲ့ရသည်။ နောက်တစ်ခုကလည်း ဒီခြေတစ်ဖက်ကြောင့်ပဲ လူတွေ၏ သနားဂရုဏာသက်သလိုနှင့် ကြည့်သည့် မျက်ဝန်းတွေကို သူ ရင်ဆိုင်ခဲ့ရသည်။

ပြီးတော့ သူ့ဘဝကြီးကို သူ ဘယ်တုန်းကမှ မကျေနပ်ခဲ့၊ အများသူငါတွေ သန်သန်မာမာနှင့် လှုပ်ရှားသွားလာနေကြတာကိုမြင်တိုင်း သူ့ကိုယ်သူ သိမ်ငယ်ရခြင်းနှင့်အတူ တခြားသူများအပေါ် မနာလိုဖြစ်ရခြင်းတွေက တိုးပွားလာရသည်။ ထိုသို့ တစ်ဖက်သားအပေါ် မနာလို ဝန်တိုဖြစ်ရခြင်းတွေကလည်း သူနှင့် နာမည်တူ ကိုထွန်းအောင်ဆိုသည့် လူတစ်ယောက်နှင့်တွေ့မှ ပို၍ ခိုင်မာလာခဲ့ရသည်။

ညီမဖြစ်သူပြန်သွားတော့ ရေမိုးချိုး အဝတ်စားလဲပြီး လက်ဖက်ရည်ဆိုင်လေးရှိရာ သူထွက်လာမိသည်။ လက်ဖက်ရည်တစ်ခွက်နှင့် ဆေးလိပ်တစ်ပွဲမှာပြီး ခုံလေးမှာ သူထိုင်မိတော့

"ခဏထိုင်လို့ရမလား အစ်ကို"ဟု မေးသံနှင့်အတူ လူတစ်ယောက်က သူ့စားပွဲရှေ့ မတ်တတ်လာရပ်သည်။ ကြည့်လိုက်တော့ သူနှင့် ရွယ်တူလောက်ရှိမည်ထင်ရသည့် အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် လူတစ်ယောက်။ ခုံတစ်လုံးကို ဆွဲယူထိုင်းရင်းမှ

"လာမိတ်ဆက်တာပါ အစ်ကို၊ ကျွန်တော်က ဒီဆိုင်ပိုင်ရှင်လေ၊ လက်ဖက်ရည်ဆိုင်လေးဖွင့်ထားရင်းမှ ရံဖန်ရံခါ တိုက်ခန်းလေး ဘာလေးလည်း ပွဲစားလုပ်တယ်၊ အစ်ကိုတို့ ပြောင်းလာတာတွေ့တယ်၊ လက်ဖက်ရည်လေး ဘာလေး လာသောက်ရင်တော့ စပ်စုဦးမှလို့ တွေးနေတာဗျ"သူ့စကားသူ သဘောကျပုံနှင့် ထိုလူက တစ်ချက်ရယ်လိုက်သေးသည်။ ပြီးမှ

"အစ်ကိုကရော ဘာအလုပ်လုပ်လဲဗျ၊ စပ်စုလက်စနဲ့ပေါ့ဗျာ"

"ဘာမှ မည်မည်ရရမလုပ်ပါဘူးဗျာ၊ ဝတ္ထုလေး၊ ဆောင်းပါးလေးရေးတဲ့ အလုပ်ပဲ ရှိပါတယ်"

"အို . . စာရေးဆရာပေါ့၊ ကောင်းတယ် အစ်ကို၊ အစ်ကိုနဲ့လည်း အဆင်ပြေတာပေါ့" ပြောပြီးမှ ထိုသူက စကားမှားသွားသလိုပုံစံမျိုးနှင့် သူ့ကို အားတုံ့အားနာ တစ်ချက်ကြည့်ရင်းမှ ပြာပြာသလဲ

"ဒီလိုပါအစ်ကို၊ အစ်ကို့ပုံစံကြည့်ရတာ စကားနည်းပြီးတော့ အေးအေးဆေးဆေး နေတက်ပုံပေါ်လို့ပါ၊ စာရေးဆရာတွေက ဒီလိုပဲထင်ပါတယ်၊ ကျွန်တော့်အသိ စာရေးဆရာတစ်ယောက်ရှိသေးတယ်၊ သူလည်း ဒီလိုပဲ၊ ဆိုင်လာရင် လက်ဖက်ရည်တစ်ခွက်၊ စာအုပ်တစ်အုပ်နဲ့ ငြိမ်နေရော၊ ဘယ်သူနဲ့မှလည်း စကားမပြောဘူး၊ အဲဒီသဘောပြောတာပါ" တွေ့တွေ့ချင်းဆောက်နဲ့ထွင်းဆိုသလို အပြောအဆိုကြောင့် ဒီလူ့ကိုသူ သဘောမကျဖြစ်မိသည်။

"ဒီလူဘာလဲ၊ ငါဝင်လာကတည်းကများ ငါ့ခြေထောက်တွေကို လိုက်ကြည့်နေပြီး တမင်လာပြောတာလား"ဟုလည်း သူ့စိတ်ထဲက တွေးနေမိသည်။ ဟိုလူကတော့ သူဘာဖြစ်နေလဲ သတိထားမိပုံမပေါ်ဘဲ သူ့ကိုစကားဆက်သည်။

"ဒီရပ်ကွက်ကလေးကတော့ အေးအေးချမ်းချမ်းပဲအစ်ကိုရေ၊ ဆူညံပူညံတွေလည်း မကြားရဘူး၊ အစ်ကိုတွက်တော့ ပိုအဆင်ပြေတာပေါ့၊ အစ်ကိုက အေးအေးဆေးဆေး သမားမဟုတ်လား"

"အင်း၊ ဟုတ်တာပေါ့"ဟု စကားထောက်ရင်း ခွက်ထဲက လက်ကျန်လက်ဖက်ရည်ကို သူကုန်အောင်သောက်လိုက်သည်။ ထိုသူက သူ့ကို ဓာတ်ဘူးထဲက ရေနွေးတစ်ခွက်ငှဲ့ပေးရင်းမှ

"ဒါနဲ့ အစ်ကို့နာမည်က ဘယ်လိုခေါ်လဲဗျ၊ နာမည်သိရတော့ ခေါ်ရပြောရ ပိုအဆင်ပြေတာပေါ့"

"ထွန်းအောင်"ဟု ခပ်လေးလေး သူအဖြေပေးလိုက်တော့ ထိုသူကဝမ်းသာအားရနှင့်

"တိုက်ဆိုင်လိုက်တာအစ်ကိုရာ၊ ကျွန်တော့်နာမည်လည်း ထွန်းအောင်ပဲဗျ၊ ထွန်းထွန်းပေါက်ပေါက်နဲ့ အောင်မြင်စေလိုတဲ့ သဘောနဲ့ အဖေကိုယ်တိုင်ပေးခဲ့တာလို့ ပြောဖူးတယ်ဗျ၊ နောက်တစ်ခေါက် လာထိုင်တော့မှ ကျွန်တော့်မိန်းမနဲ့သမီးကို အစ်ကိုနဲ့မိတ်ဆက်ပေးဦးမယ်၊ အခုတော့ သူတို့သားအမိတွေ ဈေးဝယ်သွားကြလို့ အကိုရေ" တစ်ဖက်က ရေပက်မဝင်အောင် ပြောဆိုနေသလောက် သူကတော့

"ဘယ်နှယ့်ကွာ၊ ဒီလိုလူနဲ့မှ နာမည်ချင်းကလာတူနေရတယ်လို့၊ တော်တော်လည်း စကားကြောရှည်တဲ့ကောင်၊ ယောကျ်ားကြီးတန်မဲ့ စပ်စုလိုက်တာလည်း လွန်ရော"ဟု စိတ်မချမ်းမြေ့စွာ တွေးနေမိသည်။ ထိုနေ့က လက်ဖက်ရည်ဆိုင်မှ သူ့အခန်းရှိရာ ပြန်ရောက်တော့ အလိုမကျမှုများစွာနှင့် တစ်ကိုယ်တည်း သူ့မှာ တဖြစ်တောက်တောက်ပြောဆိုနေမိသည်။

"ဘာတဲ့၊ ဒီကောင့်နာမည်ကလည်း ထွန်းအောင်ပဲဟုတ်လား၊ အလကားကောင်၊ အခုမှတွေ့တယ်၊ သူများအားနည်းချက်ကို ခနဲ့သလို ရွဲ့သလိုကပြောချင်သေး၊ အလကားအကုသိုလ်ကောင်၊ စကားများပြီး စပ်စုချင်တဲ့ကောင်၊ ငါနဲ့နာမည်တစ်ခုကလွဲရင် ဘာများတူတာရှိလို့လဲ"

"ဘာများတူတာရှိလို့လဲ"ဟု ပြောဆိုနေရင်းမှ သူတွေးမိပြန်သည်။ "ဟုတ်တယ်၊ ဒီကောင်နဲ့ငါဟာ အသက်လေးမတိမ်းမယိမ်းရှိတာရယ်၊ နာမည်တူတာရယ်ကလွဲရင် ဘာမှမတူဘူး၊ ဒီကောင်ကျတော့ သန်သန်မာမာ လူကောင်းတစ်ယောက်၊ မိသားစုနဲ့ မိတ်ဆွေအပေါင်းအသင်းတွေနဲ့၊ ပျော်ပျော်ရွှင်ရွှင်နေရပြီး ငါကျတော့ ခြေတစ်ဖက်မသန်တဲ့ ဒုက္ခိတတစ်ယောက်၊ ပြီးတော့ တစ်ယောက်တည်း ဘာပျော်ရွှင်မှုမှမရှိနဲ့"ဟု တွေးမိပြန်တော့ သူ့ကိုယ်သူသိမ်ငယ်ရခြင်းနှင့်အတူ တစ်ဖက်သားအပေါ် မနာလိုဝန်တိုမှုတွေနှင့်

"တကယ်ဆို ဒီကောင့်နေရာမှာ ငါသာဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ အခုကျတော့ အလကားလောက၊ အချိုးမပြေတဲ့လောကကြီးပဲ"ဟု စိတ်တိုစွာဖြင့် သူက ရေရွတ်မိပြန်သေးသည်။

နောက်ပိုင်းရက်များတွင်တော့ လက်ဖက်ရည်ဆိုင်လေးထဲ သူရောက်သည့်အခါတိုင်း သူနှင့် နာမည်တူ ထွန်းအောင်ဆိုသူ၏ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစွာပြောဆိုသည့် စကားများ၊ ဂုဏ်ဖော်ပြောစကားများကို သူ့မှာ မနာလိုမရှုဆိတ်စွာ ကြားနေရတော့သည်။ တစ်ခါတစ်ရံ ပွဲစားအလုပ်ကလည်း မြိုးမြိုးမြက်မြက်ကလေးရ၊ လက်ဖက်ရည်ဆိုင်ကလေးကလည်း ရောင်းကောင်းလာသည့်အခါမျိုးဆို ဒီကောင့်အသံက ဟောင်ဖွာဟောင်ဖွာနှင့် တစ်ဆိုင်လုံးမှာ ဒင်းအသံက အကျယ်ဆုံးဟု သူထင်မိသည်။

"သိတယ်မလား၊ ထွန်းအောင်လေကွာ၊ မပိုင်ရင်ခြင်တောင်မရိုက်ဘူး၊ ပါးစပ်ကလေးစိုက်လိုက်ရုံနဲ့ ငါးဆယ်ဆိုလည်းဟုတ်၊ တစ်ရာဆိုလည်း အေးဆေး၊ ထွန်းအောင်တို့က အဲဒီလိုရှာတက်ဖွေတက်တာ"ဆိုသည့် စကားသံများ ကြားရလျှင် မနာလိုဝန်တိုမှုတွေနှင့် စိတ်မသက်မသာဖြစ်ရမြဲ။ ပြီးလျှင်တော့ သူ့အခန်းလေးထဲ ပြန်ရောက်မှ သူ့တစ်ကိုယ်တည်း ပေါက်ကွဲရမြဲ။

"ထွီ၊ အလကားကောင်၊ မဖြစ်စလောက်လေးကိုများ ကြွားဝါပြီး ပြောဆိုနေလိုက်တာ၊ တစ်လောကလုံး သူအတော်ဆုံး၊ သူအတက်ဆုံးလိုလိုနဲ့၊ ဘယ်လောက်တောင်များ တော်နေတက်နေလို့လဲ"ဟု မနာလိုဝန်တိုစွာ သူမြည်တမ်းမိသေးသည်။ ပြီးလျှင်တော့ သူ့မှာ ညအိပ်ပျော်သွားလျှင်တောင် အိပ်မက်ထဲထိ ဟိုကောင့်အပေါ် ဒေါသတွေထွက်ရ၊ စိတ်တွေတိုရသေးသည်။

"တစ်ခါတစ်ရံကျပြန်တော့ လက်ဖက်ရည်ဆိုင်ရောင်းအားကျသည့်အခါမျိုးနှင့် ပွဲစားအလုပ်အဆင်မပြေသည့် အခါမျိုးဆိုလျှင်တော့ ကြက်ကြီးလည်လိမ်ထားသလို မျက်နှာမျိုးနှင့် ဘယ်သူနှင့်မှ စကားမပြောနိုင်ဘဲ ငူငူကြီး ထိုင်နေတာ တွေ့ရတတ်သည်။ ထိုနေ့မျိုးဆိုလျှင်တော့ သူ့မှာ ဝမ်းသာပီတိ ဂွမ်းဆီထိသကဲ့သို့

"ကောင်းတယ်၊ စီးပွားရေးလေး အဆင်ပြေတုန်းက လေကျယ်ထားတဲ့ကောင်၊ ခုတော့ ကြည့်စမ်း၊ လင်းတမှိုင်မှိုင်လို့၊ အဆင်ပြေတဲ့အချိန်တော့ အပေါင်းအသင်းတွေက ကပ်မှာပေါ့၊ အခုတော့ ဒင်းအနား တစ်ယောက်မှတောင်မရှိဘူး၊ ကောင်းတယ်၊ ဒါမှနောက်ကို လေမကျယ်ရဲမှာ"ဟု သူက ဝမ်းသာအားရ ရေရွတ်မိပြန်သေးသည်။

တစ်ခါတစ်ရံကျပြန်တော့လည်း သူနှင့် ဘာမှမသက်ဆိုင်သည့် လူတစ်ယောက်အပေါ် မနာလိုဝန်တိုမှုတွေနှင့် ဒေါမနဿပွားများနေရခြင်းအတွက် သူ့ကိုယ်သူ အပြစ်တင်မိသေးသည်။ သူလည်းသူ့ဘဝနှင့်သူ၊ ကိုယ်လည်း ကိုယ့်ဘဝနှင့်ကိုယ်၊ အတိတ်ကံကြောင့်သာ ဖြစ်တည်လာရတာပဲလေဟု တရားသဘောနှင့် ဖြေတွေးတွေးမိပြန်တော့ စိတ်သက်သာရာရမိသည်။ ဒါပေမယ့် ထိုအတွေးတို့ကလည်း ခဏမျှသာဖြစ်၍ လက်ဖက်ရည်ဆိုင်လေးထဲ သူရောက်သွားသည်ပဲဖြစ်ဖြစ်၊ သူ့အခန်းလေးရဲ့ ဝရန်တာကနေ အောက်ကိုငုံ့ကြည့်မိတဲ့အခါမျိုးမှာပဲဖြစ်ဖြစ် ဟိုကောင့်မျက်နှာကို မြင်တွေ့လိုက်ရလျှင်၊ အသံကိုကြားလိုက်ရသည်ဆိုလျှင်ပဲ သူသည် ထုံးစံအတိုင်း မနာလိုဝန်တိုမှုတွေနှင့် စိတ်တိုဒေါသထွက်ရင်း သူတစ်ယောက်တည်း ပူလောင်နေရသည်မှာ ဒီအခန်းလေးသို့ စရောက်လာသည်မှ ယနေ့အထိ ခြောက်လတာကာလလုံးပင် ဖြစ်ပါတော့သည်။

(၃)

သူတစ်ယောက်တည်း တွေးနေမိသည်မှာ အချိန်မည်မျှ ကြာသွားသည်မသိ။ သတိရ၍ နာရီကို မော့ကြည့်မိတော့ ညနေ ၅ နာရီပင် ထိုးလုပြီ။

"အခုမှပဲ လူတစ်ကိုယ်လုံး ပေါ့ပါးသွားတော့တယ်၊ ငါ့ကိုရက်ရှည်လများ စိတ်ဒုက္ခတွေပေးလာတဲ့ကောင် ခုတော့သေပြီလေ၊ ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်ပြီး လေကျယ်နေတဲ့ကောင် ခုတော့ ဘာတတ်နိုင်သေးလဲ၊ ကြည့်စမ်း၊ လူ့ပြည်မှာ သက်တမ်းစေ့အောင်မှ မနေလိုက်ရရှာဘူး"

"အင်း. ရေမိုးချိုး အဝတ်စားလဲပြီးမှ ဒီကောင့်ဆီသွားရမယ်၊ တစ်သက်လုံးအပြောကြီးပြီး လေကျယ်လာတဲ့ကောင်၊ မင်းဘာတတ်နိုင်သေးလဲလို့ဆိုပြီး ဒီကောင့်မျက်နှာကို နောက်ဆုံးအနေနဲ့ အားရအောင်သွားကြည့်လိုက်ဦးမယ်"ဟု တစ်ကိုယ်တည်းပြောဆိုရင်းမှ ရေချိုးခန်းရှိရာသို့ ဖြည်းလေးစွာ လျှောက်သွားပါတော့သည်။

ရေချိုးအဝတ်စားလဲပြီး၍ အောက်ဆင်းရန်အတွက် အခန်းတံခါးကိုသော့ခတ်နေစဉ် သူနှင့်အတူ အပေါ်ထပ်မှ ဆရာဝန်လင်မယားနှစ်ယောက်လည်း အပြင်ထွက်ရန်အတွက် အခန်းတံခါးသော့ပိတ်နေသည်ကို လှမ်းတွေ့လိုက်ရပြီး မိန်းမဖြစ်သူက သူ့ကိုလက်လှမ်းပြ၍ နှုတ်ဆက်သည်ကိုပါ တစ်ဆက်တည်း တွေ့လိုက်ရသည်။

"ကြည့်ရတာ ဒီလင်မယားလည်း အောက်ဆင်းပြီး ဟိုကောင့်ဆီ သတင်းမေးသွားကြမလို့ထင်တယ်၊ ငါအမြန်ဆင်းမှဖြစ်မယ်၊ တော်ကြာ သူတို့နဲ့ဆုံနေရင် စကားက ဖြတ်ရမှာမဟုတ်ဘူး"ဟု တွေးရင်း အောက်ဆင်းရန်အတွက် လှေကားထစ်ကို ကမန်းကတန်း လှည့်နင်းလိုက်ချိန်မှာတော့ ခေါင်းထဲက မိုက်ခနဲဖြစ်သွားခြင်းနှင့်အတူ ခြေထောက်တို့က လှေကားထစ်ကိုမနင်းမိဘဲ သူ့ခန္ဓာကိုယ်ကြီးကသာ လှေကားထစ်များအတိုင်း တလိမ့်ခေါက်ကွေးကျသွားရပြီး သူ့ဦးခေါင်းနှင့် သမံတလင်းတို့ ပြင်းပြင်းထန်ထန် ရိုက်မိလိုက်သည့်အသံနှင့် အပေါ်ထပ်မှ ဆရာဝန်လင်မယား၏ စိုးရိမ်တကြီး ပြေးဆင်းလာကြသော ခြေသံများကိုသာ သူ့ဘဝအတွက် နောက်ဆုံးအနေနှင့် ကြားလိုက်ရပါတော့သည်။ ။

ဆောင်းပါး

**စန်းယုပိုင်**

# ငြိမ်းချမ်းသောရွာနှင့် သူ၏သားသမီးများ

**အပိုင်း(၁)**

ကရင်ပြည်နယ်ထဲက ရွာလေးတစ်ရွာကို ကျွန်တော်ရောက်ခဲ့တယ်။ စီးပွားရေးကိစ္စတစ်ခုနဲ့ ခရီးသွားရင်း အမှတ်မထင်ရောက်ရှိသွားတဲ့ရွာလေးပါ။ အချိန်ကြာမြင့်ပြီဖြစ်သလို ကရင်အမည်ရွာလေးမို့ အမည်သေချာမမှတ်မိတော့ပါ။ ရွာကိုရောက်ရောက်ချင်း ရွာလူကြီးက ကျွန်တော့်ကိုမေးပါတယ်။ ခက်တာက ကရင်လိုမေးတဲ့အတွက် ကျွန်တော်နားမလည် အခက်တွေ့ရလေပြီ။ ဒါပေမယ့် ရွာလူကြီးနဲ့ ရွာသူ ရွာသားတွေရဲ့ အမူအရာက မနှစ်မြို့မှု မတွေ့ရလို့ အနည်းငယ်စိတ်အေးရပါတယ်။

ကံကောင်းတယ်ဆိုရမလား ရွာထဲမှာ မြို့မှာကျောင်းသွားတက်ဖူးတဲ့ စောအယ်ဆိုတဲ့ လူငယ်တစ်ယောက် ရှိနေလေရဲ့။ ထိုလူငယ်လေးက ဘာသာပြန်ပေးမှ အဆင်ပြေတယ်။(ဘာသာပြန်ပေးတာကိုတစ်ဆင့်မရေးတော့ပါ၊ ကျွန်တော်ဆက်ရေးသော စာများသည် ဘာသာပြန်မှတစ်ဆင့် ပြောဆိုခြင်းဖြစ်သည်ဟု မှတ်ပါလေ)

"မောင်ရင် ဒီရွာကို ဘာလာလုပ်တာလဲ"

"ကျွန်တော်အမှန်အတိုင်းပြောရရင် ဒီရွာကို ဦးတည်လာတာမဟုတ်ပါဘူး၊ စီးပွားရေးလုပ်ဖို့ ဈေးကွက်လိုက်ရှာရင်း ဒီကိုရောက်လာတာပါ"

ရွာလူကြီး စောဖိုးထေ ခေါင်းကိုဖြည်းညင်းစွာ ခါလိုက်ပြီးနောက်. . .

"ဒီရွာမှာ စီးပွားရေးလုပ်မယ်ဆို ပြန်ပါတော့၊ အဆင်မပြေနိုင်ဘူး၊ လေ့လာလိုက်ပါဦး၊ ထမင်းစားလိုက်ပါဦး"

ကျွန်တော်မတွေ့ဖူးတဲ့ ဟင်းလျာတွေနဲ့ ထမင်းဝိုင်းပြင်ပေးပါတယ်။ ဗိုက်ဆာနေတာနဲ့ ကျွန်တော်လည်း စားလိုက်ပါတယ်။ အကြိုက်ဆုံးကတော့ ကရင်ရိုးရာတာလပေါဟင်းနဲ့ ဖားဟင်းချိုပါ။ စားသောက်ပြီး ရွာထဲလေ့လာဖို့ စောဖိုးထေကိုခွင့်တောင်းပြီး ရွာထဲကို လမ်းလျှောက်ထွက်ခဲ့တယ်။ ကျွန်တော်ဝတ်စားထားပုံက တစ်ရွာလုံးနဲ့မတူ။ ရွာလမ်းတစ်လျှောက် အိမ်တိုင်းလိုလို ကိုယ့်အလုပ်ကိုယ်လုပ်နေကြတယ်။ ကျွန်တော့်ကိုမြင်တော့ ပြုံးပြကြတယ်။ ဒီထက်မပို လူစိမ်းဆိုပြီး စူးစမ်းခြင်းလည်း မရှိ၊ တချို့အိမ်တွေက ရေနွေးသောက်ဖို့ လှမ်းခေါ်ကြတယ်။ ဘာသာပြန်စောအယ်မပါတော့ ဝင်ရမှာခပ်လန့်လန့်၊ ဖြစ်ချင်ရာဖြစ်ဆိုပြီး ရွာလယ်က အိမ်တစ်အိမ်ထဲ ဝင်လိုက်တယ်။ ကျွန်တော့်ကို ရေနွေး၊ အချိုပွဲနဲ့ ဧည့်ခံတယ်။ ကျွန်တော့်ကို စကားပြောကြည့်တယ်။ မပြောတတ်မှန်းသိတော့ ဘာမှမပြောတော့ဘူး။ ခဏအကြာ ခြေဟန်လက်ဟန်နဲ့ ပြန်မယ်ဆိုတဲ့အကြောင်းပြောပြီး ကျွန်တော်ပြန်ထွက်လာခဲ့တယ်။

ကျွန်တော် သေချာလေ့လာကြည့်တယ်။ သူတို့ကိုကြည့်ရတာ ကျွန်တော့်အပေါ် ဘာမှထူးထူးဆန်းဆန်း မရှိဘူး။ ကျွန်တော်တို့ဆိုရင် ရပ်ကွက်ထဲ လူစိမ်းတစ်ယောက်ရောက်လာရင် မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး၊ ဒီလူစိမ်း ဘာလဲညာလဲ အမျိုးမျိုးစူးစမ်းကြတယ်။ ဒီရွာမှာ အဲဒီလိုမရှိတာ ကျွန်တော် အံ့ဩလို့မဆုံးဘူး။ လူတစ်ယောက် ရောက်လာတယ်ကလွဲပြီး သူတို့အတွက် ဘာမှမထူးခြား။ ကျွန်တော်ဆက်လျှောက်ရင်း ကလေးတွေကို စာသင်ပေးနေတဲ့ စောအယ်ဆီ ရောက်လာခဲ့တယ်။

စောအယ်က ကျွန်တော့်ကို ရွာရဲ့စီးပွားရေးအကြောင်း ရှင်းပြတယ်။ လယ်ကိုင်းကျွန်းလုပ်ငန်း အဓိကဖြစ်ပြီး အနီးဆုံးမြို့ကို စက်လှေနဲ့သွားရောင်းချကြောင်း ရှင်းပြတယ်။ ကျွန်တော်တို့ စကားပြောနေစဉ် ကရင်မလေးတစ်ယောက် ရောက်လာတယ်။ လက်ထဲမှာ အသားတွဲဆွဲလာတယ်။

"အစ်ကို ထမင်းစားပြီးမှပြန်နော်၊ ဟင်းပါလာတယ်"

"စောအယ် မလုပ်ပါနဲ့ကွာ၊ ဟင်းတွေဝယ်လာတယ်၊ ပိုက်ဆံတွေကုန်ပါတယ်"

"မဝယ်ပါဘူး အစ်ကို၊ ရွာထိပ်က မုဆိုးကြီး အမဲလိုက်တာ အမဲရလာတာဖြစ်မယ်၊ ရရင် အမြဲရွာထဲကို ဝေတယ်၊ ဒါကျွန်တော့် ညီမလေ"

စောအယ်က အသားတွဲဆွဲလာတဲ့ သူ့ညီမလေးနဲ့ မိတ်ဆက်ပေးတယ်။ သူတို့တွေကရင်လိုပြောတယ်။

"အစ်ကို ညီမလေးကပြောတယ်၊ အစ်ကိုကချောတယ် ချစ်စရာလေးတဲ့၊ ကျွန်တော်တို့ရွာမှာက စကားပြောပွင့်လင်းတယ်၊ တစ်မျိုးတော့မထင်ပါနဲ့"

"မထင်ပါဘူးညီရာ"

"ကဲ- လာအစ်ကို၊ ရွာရဲ့အလှဆုံးနေရာတွေ လိုက်ပြမယ်"

ကျွန်တော်နဲ့ စောအယ် ရွာအပြင်ဘက်ထွက်ခဲ့တယ်။ ချောင်းကြီးကိုလည်း ရောက်ခဲ့တယ်။ စမ်းချောင်းကိုလည်း ရောက်ခဲ့တယ်။ ချောင်းထဲမှာ စက်လှေကြီးရပ်ထားတာလည်းတွေ့တယ်။ ရွာရဲ့လူနေမှုပုံစံတွေ လမ်းတစ်လျှောက်ရှင်းပြတယ်။ စောအယ်ပြောတဲ့အထဲ အဓိကက ရိုးသားပွင့်လင်းမှုပါပဲ။ ကျွန်တော် စူးစမ်းလေ့လာမိသလောက်ကတော့ တစ်ရွာလုံး စိတ်ချမ်းသာနေကြတာပါပဲ။ အိမ်တွေကလည်း တစ်ပုံစံတည်း။ ဆင်းရဲချမ်းသာလည်း မရှိသလိုပါပဲ။ အားလုံးအလုပ်လုပ်ပြီး အားလုံးတန်းတူဖြစ်နေတယ်။ ဒါဟာလည်း ကျွန်တော့်အတွက်တော့ ထူးဆန်းနေပါတယ်။ ထို့နောက် စောအယ်အိမ်မှာ ထမင်းပြန်စားကြတယ်။ ပြန်ခါနီးမှာ စောအယ်က ကျွန်တော့်ကိုပြောတယ်။

"အစ်ကို ဒီည မီးပုံပွဲရှိတယ်၊ လာခဲ့မယ်နော်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။ ကျွန်တော်တည်းခိုရာ ရွာလူကြီးအိမ်ကို ပြန်လာခဲ့ပါတယ်။ အိမ်ရောက်မှ သတိထားမိတယ် ကျွန်တော့်ပိုက်ဆံအိတ် ထွက်ကျကျန်ခဲ့ပြီ၊ ပိုက်ဆံ ၅၀၀၀၀ နီးပါး ပါသွားလေပြီ။ ကျွန်တော်လည်း လမ်းပေါ်ပြန်ရှာကြည့်တယ်။ ရွာထိပ်အစပ်မှာတွေ့ပါပြီ၊ ကျွန်တော့်ပိုက်ဆံအိတ် လမ်းဘေးက သစ်ငုတ်လေးပေါ်မှာ တင်ထားတယ်။ တစ်ယောက်ယောက်က ဒီပိုက်ဆံအိတ်လေးကို ကောက်တွေ့ရပြီး သစ်ငုတ်တိုပေါ်မှာ တင်ထားခဲ့တာပဲ။ ကျွန်တော်လေးစားမိပါရဲ့ ဒီရွာလေးကို ပိုပြီးစိတ်ဝင်စားလာတယ်။ ဒီရွာကို ရွာလူကြီးတွေ ဘယ်လိုကိုင်တွယ်ထားတာလဲ။

**အပိုင်း (၂)**

မီးပုံပွဲ . . .

အရောင်စုံ ကရင်အင်္ကျီကိုယ်စီနဲ့ တလင်းကွင်းပြင်ကြီးမှာ ကရင်လူငယ်လေးတွေ ပွဲစီစဉ်နေတာကိုကြည့်ပြီး ရင်ထဲမှာ စည်းလုံးခြင်းရဲ့အရသာကို ခံစားလိုက်ရတယ်။ ခဏအကြာ ရွာသူ ရွာသားတွေ ရောက်လာကြတယ်။ ပွဲမစခင် ရွာလူကြီးက ပွဲဖြစ်မြောက်ရေးအတွက် ဆုတောင်းဖို့ပြောပါတယ်။

"အစ်ကို ပွဲအေးချမ်းစွာပြီးဖို့ ဆုတောင်းလေ"

"မင်းတို့က ဘယ်ဘာသာကိုးကွယ်တာလဲ"

"မလိုဘူး အစ်ကို၊ ကိုယ်ကိုးကွယ်ရာ ဘာသာတရားဆီမှာ ဆုတောင်း၊ ဒီဝင်းထဲမှာ လူမျိုးတွေက ကရင်၊ ဘာသာကတော့အစုံပဲ ဘာမှမဖြစ်ဘူး"

"ဘာသာရေးနဲ့ပတ်သက်ပြီး ပြဿနာတက်ဖူးလားညီ"

"တစ်ခါမှ မတက်ဖူးဘူး အစ်ကို၊ ဒီရွာလေးကလူတွေ ကလေးလူကြီးမကျန်၊ တခြားရွာကလူတွေကရော အခြေခံလူစိတ်ဓာတ်ကို ပိုင်ဆိုင်ထားကြတယ်၊ လူကိုလူလို့မြင်ပြီး ဘာသာတရားကို ဘာသာတရားလို့ပဲ မြင်တယ်"မေးမိတဲ့ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ရှက်မိပါရဲ့။

"ရွာနီးချုပ်စပ်က ရွာတစ်ရွာမှာ ဘာသာရေးပွဲတစ်ခုရှိတယ်ဆို တခြားဘာသာဝင်တွေကပါ ဝိုင်းကူညီကြတယ်၊ ဘာသာရေးနဲ့ပြဿနာတက်တယ်လို့ တစ်ခါမှ မကြားဖူးဘူး အစ်ကို၊ ဘာသာတရားက ပြဿနာတက်ရမယ့်အရာမှ မဟုတ်တာပဲ အစ်ကို"

ဒီရွာအပြင် ရွာနီးချုပ်စပ်က လူတွေက ဘယ်လိုလူတွေလဲ၊ အတ္တမရှိကြတော့ဘူးလား၊ ကျွန်တော်တွေဝေသွားပါတယ်။ ရိုးရာမီးပုံပွဲရဲ့အစီအစဉ်အရ ဝါးညှပ်အကဖြင့် ဖျော်ဖြေကြပါတယ်။ ကရင်မောင်မယ်လေးတွေ တက်ကြွစွာ ကခုန်နေကြလေရဲ့။ ခဏအကြာ အကဝိုင်းနားကို ရောဂါတစ်ခုခုခံစားနေရတယ်လို့ ယူဆရတဲ့ ကရင်မလေးတစ်ယောက် ရောက်လာတယ်။ သူလည်း ကချင်တဲ့ပုံပါ။ ဘေးကနေ ခြေထောက်လေးမြှောက်လိုက် ခုန်လိုက်လုပ်နေပါတယ်။ ဒါပေမယ့် မဖြစ်နိုင်ဘူးလေ။ သူတို့တွေဘာလုပ်မလဲ ကျွန်တော်စောင့်ကြည့်နေလိုက်တယ်။ ရောဂါသည် ကရင်မလေးကို ဝါးညှပ်ဝိုင်းထဲကို ထည့်လိုက်ပါတယ်။ ဝါးလုံးကိုင်တဲ့ ကရင်လေးတွေကလည်း (ကျွန်တော့်အမြင်အတိုင်း ဝါးလုံးကိုင်ဟု ရေးခြင်းဖြစ်ပါသည်။ သူတို့အခေါ်အဝေါ် ရှိနိုင်ကောင်းပါသည်) ရောဂါသည်ကရင်မလေးကိုကြည့်၍ ဝါးစည်းချက်ကို အလွန်နှေးကွေးစွာ တီးပေးပါတယ်။ ရောဂါသည် ကရင်မလေးကိုလည်း ဘေးတစ်ယောက်က ထိန်းပေးထားပါတယ်။ ထိုကရင်မလေးမှာ ပျော်ရွှင်စွာ ကခုန်နေပါတော့တယ်။ ဘာကြောင့်မှန်းမသိ ဒီမြင်ကွင်းကိုကြည့်ပြီး ကျွန်တော်မျက်ရည်ဝဲလာတာအမှန်ပါ။

နောက်တစ်နေ့ ရွာသားတွေ အရင်အတိုင်း လုပ်ငန်းခွင်ပြန်ဝင်ကြတယ်။ ကျွန်တော်လည်း ရွာလူကြီး၊ စောအယ်တို့နဲ့ အတူထိုင်ပြီး ရေနွေးသောက်နေချိန် ရွာထဲက လူကြီးလေးငါးယောက် ရောက်လာပြီး ရွာလူကြီးအား ပိုက်ဆံတွေပေးပါတယ်။ ကျွန်တော် စောအယ်ကို မေးကြည့်လိုက်တော့ . . .

"ဩြော်ဒါလား၊ ဒါကသူတို့ လုပ်အားခထဲက တစ်ဝက်ကို ရွာလူကြီးကို လာပေးတာပါ အစ်ကို"

"ဟေ ဘာဖြစ်လို့လာပေးတာလဲ" စောအယ် တစ်ချက်ပြုံးလိုက်ပြီးနောက်

"အစ်ကို့အနေနဲ့တော့ ရွာလူကြီးခေါင်းပုံဖြတ်တယ်လို့ မြင်ကောင်းမြင်မယ်၊ မဟုတ်ဘူးအစ်ကို အမှန်တော့ ရွာလူကြီးဆီမှာ သူတို့ပိုက်ဆံလာစုတာပါ၊ သူတို့ရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ ကလေးတွေ ပညာရေး အတွက်ပါ"

"ညီလေး ငါမရှင်းဘူးကွာ၊ နားလည်အောင်ပြောပြပါ"

"ဒီလိုပါ အစ်ကို၊ ချောင်းထဲမှာ စက်လှေကြီး တွေ့တယ်မဟုတ်လား၊ အဲဒါ ခုလို သူတို့လုပ်အားခတစ်ဝက်ကို စုပြီးဝယ်ထားတဲ့ ရွာပိုင်စက်လှေကြီးပေါ့၊ မြစ်ကြီးရဲ့ဟိုးဘက်ကမ်းမှာ စာသင်ကျောင်းရှိတယ်၊ ကျောင်းဖွင့်ရက်ဆို ကလေးတွေကို အဲဒီစက်လှေနဲ့ ပို့တာ၊ ဆေးရုံဆေးခန်းဆိုလည်း အဲဒီစက်လှေပဲသုံးတာ၊ အဲဒီပိုက်ဆံတွေနဲ့ပဲ အလုပ်မလုပ်နိုင်၊ သားသမီးမရှိ အဘိုးအဘွားတွေကို ကျွေးမွေးစောင့်ရှောက်တယ်၊ အိမ်မရှိတဲ့သူတွေ အိမ်ဆောက်ပေးတယ်၊ အစ်ကိုဒီမှာ အပြီးနေမယ်ဆို အစ်ကို့အတွက် အိမ်ဆောက်ပေးလိမ့်မယ်"

"ဒီလိုဆိုတော့လည်း အဆင်ပြေသားကွ"

"ပြေတာပေါ့ အစ်ကိုရာ၊ အလုပ်မရှိ အလုပ်ပါးချိန်ဆိုလည်း ဘာမှပူစရာမလို၊ မျက်နှာငယ်စရာမလိုဘူး၊ အားလုံးတန်းတူပဲ၊ ရွာလူကြီးကအားလုံးတာဝန်ယူထားတယ်၊ တာဝန်ယူတယ်ဆိုတာကလည်း ရွာလူကြီးအိတ်ထဲက စိုက်ပေးရတာမျိုးလည်း မဟုတ်ဘူး၊ ရွာသူ ရွာသားတွေရဲ့ ပိုက်ဆံနဲ့ပဲ ပြန်လည်ပတ်တာပါ၊ အစ်ကိုတို့ မြို့အခေါ်ဆို ရွာသားတွေ အခွန်ဆောင်တဲ့ သဘောပေါ့ဗျာ၊ ကျေကျေနပ်နပ် ယုံယုံကြည်ကြည်နဲ့ကို အခွန်ဆောင်တာပေါ့၊ အဲဒီအတွက်လည်း ရွာလူကြီးက တိတိကျကျ ရွာသားတွေရဲ့ စားဝတ်နေရေး၊ ကျန်းမာရေး အစစအရာရာ ဖြည့်ဆည်းပေးတယ်၊ ပူစရာကိုမလိုတာအစ်ကို၊ ခုတောင် နောက်ထပ်စက်လှေတစ်စင်းဆင်ဖို့ လုပ်နေတယ်"

"ကောင်းလိုက်တဲ့ စနစ်ကွာ၊ ရွာသူ ရွာသားနဲ့ ရွာလူကြီး အပြန်အလှန်ယုံကြည်သလို ယုံကြည်အောင်လည်း နေကြတယ်၊ အေးချမ်းလိုက်တာ၊ ငြိမ်းချမ်းလိုက်တာကွာ"

"အစ်ကို့ကိုပြောခဲ့သလို ရွာလူကြီးအဆက်ဆက် ရွာသူ ရွာသားတွေရဲ့ အောက်ခြေစိတ်ဓာတ်ကိုကအစပြင်ပေးထားတာ၊ ရွာသားတွေကလည်း လိုက်နာတာပါတာပေါ့၊ ဒါကြောင့်ရောက်ရောက်ချင်း ရွာလူကြီးက အစ်ကို့ကိုပြောတာ စီးပွားရှာဖို့ဆိုရင် မဖြစ်နိုင်ဘူးလို့လေ"

ကျွန်တော် နှစ်နှစ်ကာကာ ပြုံးမိပါတယ်။

"အစ်ကို ရွာလူကြီးကမေးတယ်၊ မနက်ဖြန် စက်လှေထွက်မယ်တဲ့၊ အစ်ကိုပြန်လိုက်မှာလား၊ ရွာမှာနေဦးမလားတဲ့" အလုပ်ကိစ္စတွေရှိသေးတာကြောင့် ပြန်လိုက်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။ ကားကို ဘယ်အချိန်ထိစောင့်ရမလဲမသိ၊ ကားက တစ်လမှနှစ်ကြိမ်သာ ရွာလေးကို ဖြတ်လာတာကြောင့်ဖြစ်ပါတယ်။

အချိန်မရတာကြောင့် အေးချမ်းသော၊ ငြိမ်းချမ်းသော ဒီရွာလေးနဲ့ ဒီရွာရဲ့ သားသမီးများအကြောင်း ခရေစေ့တွင်းကျ မလေ့လာနိုင်သေးပေ၊ တစ်နေ့နေ့တော့ ဒီရွာလေးကို မရောက်ရောက်အောင်လာမည်ဟု ကျွန်တော် ဆုံးဖြတ်ချက်ချထားလိုက်ပါတော့တယ်။ ။

## တဒင်္ဂလှူ့ဘဝ

- လူ့လောက တစ်ခဏ
  အမြဲမရ ဒီခန္ဓာ။
- အတ္တစိတ် လွန်ကြီးထွား
  မှောက်မှားကြတာ။
- ရောက်လို့လာ လူ့ပြည်ကို
  အချိန်တို မကြာလိုက်။
- သက်ရှင်စဉ် ကြံဖန်ရုန်း
  အဆုံး မီးလောင်တိုက်။
- ကွေးသောလက် မဆန့်ကြခင်
  သေလမ်းဝင် လူသားများ။
- မသေခင် ကုသိုလ်ပွား
  တရား ရှာထား။

မောင်ခန့်(မြန်မာစာ)

## ပျိုတို့ရွာ

ပျိုတို့ရွာဝင်
စိမ်းစိုလွင်
ထန်းပင်ပေါတာ ပျိုတို့ရွာ။
ရေအိုးကိုရွက်
ရွာထိပ်ထွက်
ရေခပ်ရတာ ပျိုတို့ရွာ။
ရွာဦးစေတီ
စုပေါင်းညီ
ဝိုင်းတည်ထားတာ ပျိုတို့ရွာ။
ရွာဝင်မြေလမ်း
တမာတန်း
စိမ်းလန်းလှတာ ပျိုတို့ရွာ။
ဖြူစင်မေတ္တာ
စေတနာ
သဒ္ဓါကောင်းတာ ပျိုတို့ရွာ။
ရွာစာသင်ကျောင်း
အားသစ်လောင်း
စုပေါင်းဆောက်တာ ပျိုတို့ရွာ။
ကျေးငှက်သံသာ
စုံလင်စွာ
ပျော်ကာမြူးရှာ ပျိုတို့ရွာ။
ကုသိုလ်တရား
မပြတ်ပွား
စိတ်ထားလှတာ ပျိုတို့ရွာ။

မြို့သာမောင်ညိုချော

# အလုပ်ကြော်ငြာ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

ကမ္ဘာ့ဘဏ်အကူအညီဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သည့်ရေကြီး၊ ရေလျှံနှင့် မြေပြိုမှုများကြောင့် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်း(Flood and Landslide Emergency Recovery Project)၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် စီမံကိန်းအကြံပေးဝန်ထမ်းများ ငှားရမ်းလိုပါသည်-

| စဉ် | ရာထူးအမည် | Reference | ကာလ | ဦးရေ |
|---|---|---|---|---|
| (က) | National Social Safeguards Specialist | C4-IST-IC04 | ၁၂လ | (၁)ဦး |
| (ခ) | National Hydrologist | C4-DRRD-CS11 | ၁လ | (၁)ဦး |
| (ဂ) | National Rural Road and Bridge Design and Supervision Engineer | C4-DRRD-CS07 | ၁၂လ | (၂)ဦး |
| (ဃ) | National Project Assistant | C4-DRRD-CS03 | ၁၂လ | (၁)ဦး |

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင် လုပ်ငန်းအတွေ့အကြုံအသေးစိတ်၊ မိမိလျှောက်ထားလိုသောရာထူးနှင့် Reference နံပါတ်များကို တိကျစွာဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာသို့ ၁၅-၆-၂၀၁၈ရက်နောက်ဆုံးထား၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။

စီမံကိန်းနှင့် လုပ်ငန်းတာဝန်အကြောင်း ရာထူးတစ်ခုစီအတွက် လိုအပ်သောအရည်အချင်း အသေးစိတ်ပါဝင်သော(Terms of Reference-TOR)ကို အောက်ဖော်ပြပါအီးမေးလ်သို့ ဆက်သွယ်ရယူနိုင်ပါသည်။

**လိပ်မူရန်**
**ဒေါ်တင်မိုးမြင့်**
**ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ခုတင်(၂၀၀)ဆေးရုံမြောက်ဘက်၊ ပျဉ်းမနားမြို့**
**ဆက်သွယ်ရန် ဖုန်း-၀၆၇-၂၄၈၂၁**
**Email-flercproject.drrd@gmail.com, ruralroad.drrd@gmail.com**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူနေသောလူနာများအတွက် လိုအပ်သည့် အောက်ဖော်ပြပါတို့ကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။ FDAအသိအမှတ်ပြု

(က) ဆေးဝါးများ
(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များ
(ဃ) ဆေးပစ္စည်းများ

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် - ၁၄-၅-၂၀၁၈ ရက်၊ (တနင်္လာနေ့)၊ နံနက် ၁၀ နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၃-၆-၂၀၁၈ ရက်၊ (ဗုဒ္ဓဟူးနေ့)၊ ညနေ ၄ နာရီ

၃။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၁၈-၆-၂၀၁၈ ရက်၊ (တနင်္လာနေ့)၊ နံနက် ၉ နာရီ

၄။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**




# ဖခင်အမည်မှန်

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အမက(၁၀) စတုတ္ထတန်းမှ မန္တေးစုလှိုင်နှင့် ပထမတန်းမှ မောင်သီဟထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးမန်နီကျွန်း(ခ)ဦးလှထွန်း[၁၀/ပမန(နိုင်)၁၃၆၈၅၇] ဖြစ်ပါကြောင်း။

**ဦးမန်နီကျွန်း(ခ)ဦးလှထွန်း**


**သီဟလင်း**
**အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း (10',14',16',18',22')ကားများဖြင့်လုပ်သားအပြီးအစီး မြို့တွင်း / နယ်ဝေး ဝန်ဆောင်မှုပေးသည်။**
**01-570307**
**09-5112729**
**09-5126394**



ဗူဒို ခမ့် သံဃ
**ခေတ်မြန်မာဆေးသုတ်အဖွဲ့**

| | |
|---|---|
| Unitex | 1'x1' = 220 |
| Orient | 1'x1' = 250 |
| Premier | 1'x1' = 330 |
| Dulux, Jotun | 1'x1' = 400 |
| Nippon | 1'x1' = 400 |

Ph: 09 786590818, 09 796211925


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)မှ (၂)လအတွင်းထွက်ရှိသော Light Naphtha ဂါလန် ၁၀၀၀၀၀ (ဂါလန်တစ်သိန်း)ကို (၂)လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ တင်ဒါတင်သွင်းရန်နောက်ဆုံးရက် - ၂၅-၆-၂၀၁၈ (တနင်္လာနေ့)၊ (၁၃း၀၀)နာရီ
အချိန်နှင့်နေရာ - မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ်(၄၄)၊ နေပြည်တော်

၃။ တင်ဒါဖွင့်ပွဲပြုလုပ်မည့်ရက်နှင့်အချိန် - ၂၅-၆-၂၀၁၈ (တနင်္လာနေ့)၊ (၁၄း၀၀)နာရီ

၄။ တင်ဒါစည်းကမ်းချက်နှင့်တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website (www.moee.gov.mm) တွင် ၂၈-၅-၂၀၁၈ ရက်မှစ၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၁၉၄သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

# ရောင်းမည်

ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ ဆင်နှစ်ကောင်မှတ်တိုင်၊ ယုဇနလမ်းမ၊ နှစ်ကွက်တွဲကျောကပ် ပေ(၄၀×၁၂၀) လမ်းနှစ်ဖက်ပွင့်၊ တိုက်ခံအိမ်တစ်လုံးပါ၊ ရေမီးပါ၊ အရှုပ်အရှင်းကင်း၊ သိန်း-၁၂၀၀ (အလျှော့အတင်းရှိ)

**ဖုန်း-၀၉-၄၂၀၇၀၁၃၉၁၈၊ ၀၉-၂၅၃၇၂၅၄၇၆**


**Study Overseas & Career Fair 2018**
**နိုင်ငံတကာပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲ**
Organised by : RVi INSTITUTE
Developing Management & Education Excellence
9 June 2018 | 10:00 AM to 1:00 PM | Hilton Mandalay Hotel
10 June 2018 | 10:00 AM to 4:00 PM | Myanmar Plaza Yangon
For more information, please call : 01 - 536 260, 01 - 230 5998, 09 - 250 006 421, 09 - 428 657 314 RVi Group

